# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလဆန်း (၅) ရက် ၊ ကြာသပတေးနေ့ ၊ (14-3-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၁၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို ဆက်လက်ဖြေဆို




မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၁၃**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိရာ ယနေ့တွင် တတိယနေ့အဖြစ် သင်္ချာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းသား၊ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန်စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ **စာမျက်နှာ ၁၉ ကော်လံ ၁** ⇨

ပြည်သူများအတွက် လိုအပ်သည့် ဆေးဝါးနှင့် ဆေးအထောက်အကူပြု ပစ္စည်းများ တင်သွင်းမှုကို ဦးစားပေးခွင့်ပြုပေးလျက်ရှိ စာမျက်နှာ - ၁၆

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(စနစ်သစ်) တတိယနေ့တွင် သင်္ချာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၀၅ ဦးရှိ စာမျက်နှာ - ၁၈

မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာ ၉၀၀၀တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး ငွေကျပ် ၂၀ ဘီလီယံ အကုန်အကျခံဆောင်ရွက်မည် စာမျက်နှာ - ၃၀

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၀၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ စာမျက်နှာ - ၅

AA အကြမ်းဖက် သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းမှ စာသင်ဆောင်များပျက်စီး စာမျက်နှာ - ၂၂




ရတနာပုံ
၂၀၁၄ ခုနှစ် မတ် ၁၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကိုကာကွယ်နိုင်သော နိုင်ငံသားတစ်ယောက်ဖြစ်စေရေး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအခြေခံလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ ကောင်းစွာစီးပွားရှာကာ ကောင်းစွာနေထိုင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်အတွက် လုံခြုံရေးအင်အား၊ ကာကွယ်ရေးအင်အားရှိရမည့်အပြင် နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံတော်ကို ကာကွယ်နိုင်သော နိုင်ငံသားတစ်ယောက်ဖြစ်ရန် လိုအပ်ပေသည်။

လက်ရှိကာလတွင် ပြည်တွင်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတချို့နှင့် ပြည်တွင်း၊ပြည်ပမှ အဖျက်သမားများသည် မိမိတို့နိုင်ငံအကျိုးကို မလိုလားသော ပြည်ပအင်အားကြီးနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်အားပေးမှုတို့ဖြင့် ဆူပူအကြမ်းဖက်မှုမျိုးစုံနှင့် တိုက်ပွဲများဖော်ဆောင်လျက်ရှိနေကြသည်။ ထိုကဲ့သို့ မတည်ငြိမ်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးဒဏ်ရာရကြသည့်အပြင် နိုင်ငံ့အရင်းအမြစ်များ များစွာ ဆုံးရှုံးနစ်နာပြီး ဒေသခံတိုင်းရင်းသားပြည်သူများမှာ ဆင်းရဲဒုက္ခများစွာ ခံစားနေကြရသည်။ ရေရှည်တွင် နိုင်ငံတော်အတွက် အဘက်ဘက်မှ အန္တရာယ်ကြီးမားလှသည်ကို အားလုံးက သတိတရားဖြင့် ထိန်းသိမ်းကာကွယ်ကြရန် အလွန်အရေးကြီးသည်။

နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကိုကာကွယ်ရန်တာဝန်ရှိသူများဖြစ်ပါသည်။ အထူးသဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် အခြေအနေနှင့် အချိန်အခါအရ ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသက်သွင်းအာဏာတည်စေခြင်းပင်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် ပြည်သူများ စစ်မှုထမ်းဆောင်ခြင်းသည် ရှေးယခင်ကတည်းကပင်ရှိနှင့်ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေအရ လူငယ်များသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရမည်ဖြစ်သည်။ ထို့ပြင် လူငယ်များသည် နိုင်ငံတကာက လေးစားခံ့ညားရသောလူငယ်များ စွမ်းအင်ရှိသောလူငယ်များဖြစ်ရန်လိုသည့်အပြင် မိမိလူမျိုးကို စောင့်ရှောက်နိုင်သော အသိပညာများရှိရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က စစ်မှုထမ်းစနစ် တစ်နည်းအားဖြင့် အမျိုးသားစစ်မှုထမ်းစနစ်ကို ကျင့်သုံးရခြင်းဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန် စစ်ပညာရပ်များ၊ ကာကွယ်ရေးပညာရပ်များ သင်ကြားပေးခြင်းဖြင့် လူငယ်၊ လူရွယ်များ မိမိကိုယ်ကို ယုံကြည်စိတ်၊ မိမိအဖွဲ့အစည်းအပေါ် ယုံကြည်စိတ်၊ မိမိနိုင်ငံအပေါ် ယုံကြည်စိတ်၊ မိမိလူမျိုးအပေါ် ယုံကြည်စိတ်များ တိုးမြင့်လာမည်ဖြစ်သည်။ ထိုယုံကြည်မှုသည် ရဲစွမ်းသတ္တိကိုဖြစ်စေသည်။ လူငယ်များ နိုင်ငံတော်ကာကွယ်ရေးပညာရပ်များကို သင်ကြားတတ်မြောက်ပါက မိမိတို့၏ ဘဝတစ်လျှောက်လုံးတွင် ယုံကြည်မှု ရဲစွမ်းသတ္တိအပြည့်နှင့် လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်းအေးချမ်းမှုရှိရန် လုံခြုံရေးအင်အား၊ ကာကွယ်ရေးအင်အားရှိရန် နိုင်ငံသားအားလုံးပါဝင်ကြရမည်ဖြစ်သည်။ ထို့ပြင် မိမိကိုယ်ကိုယုံကြည်မှုအပြည့်နှင့် ဘဝကိုလျှောက်လှမ်းနိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေးပညာရပ်များကိုသင်ကြားကာ နိုင်ငံကိုကာကွယ်နိုင်သော နိုင်ငံသားတစ်ယောက်ဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးများ မတ်လဒုတိယပတ်မှစ၍ အရောင်းအဝယ်ပြန်ကောင်းလာ



**မန္တလေး မတ် ၁၃**

မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးများ မတ်လဒုတိယပတ်မှစ၍ အရောင်းအဝယ် ပြန်ကောင်းလာကြောင်း အဆိုပါ ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းထံမှ သိရသည်။

မန္တလေးမြို့ရှိ ဈေးကြီးများထဲတွင် ဈေးချိုတော်ကြီးမှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ တိုင်းရင်းဆေးဝါးနှင့်ရွှေထည်ပစ္စည်းများအပါအဝင် အခြားပစ္စည်းများကို လက်လီလက်ကားဖြန့်ဖြူးရောင်းချပေးနေသည့်ဈေးကြီးတစ်ခုဖြစ်ပြီး အဆိုပါဈေးချိုတော်တွင် ကုန်ခြောက်၊ အဝတ်အထည်နှင့် လူသုံးကုန် စသည့်ကုန်ပစ္စည်းများ မတ်လဒုတိယပတ်မှစ၍အရောင်းအဝယ် ပြန်ကောင်းလာကြောင်း သိရသည်။

“အခု ဈေးချိုတော်မှာ စားသောက်ကုန်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေ၊ တိုင်းရင်းဆေးဝါးတွေပြန်ပြီးတော့ အရောင်းအဝယ်ကောင်းလာပါတယ်။ လတ်တလောကတော့ အဝတ်အထည်လုပ်ငန်းတွေ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေပါတယ်။ အထက်မြန်မာပြည် တစ်ခုလုံးကို အဝတ်အထည်၊ စားသောက်ကုန်နဲ့ အခြားလူသုံးကုန်ပစ္စည်းတွေဖြန့်ချိပေးနေတာက ဈေးချိုတော်ကြီးပဲဖြစ်ပါတယ်။ အခုဈေးချိုတော်မှာ အဝတ်အထည်က ရောင်းအားအကောင်းဆုံးဖြစ်နေပြီး လူသုံးကုန်နဲ့ အလှကုန်ကတော့ ဒုတိယရောင်းအားအကောင်းဆုံးကုန်စည်ဖြစ်ပါတယ်”ဟု ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြသည်။

အလားတူမန္တလေးဈေးချိုတော်တွင် တရုတ်နိုင်ငံက ဝင်ရောက်လာသည့် အဝတ်အထည်ပစ္စည်းများအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများလည်း အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဈေးချိုတော်ကြီးတွင် စားသောက်ကုန်၊ လူသုံးကုန်၊အဝတ်အထည်၊ အထည်အလိပ်နှင့် တိုင်းရင်းဆေးဝါးများ၊ ရွှေထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း အဆိုပါ ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းထံမှ သိရသည်။ (၁၈၄)

# ပြည်တွင်း၊ ပြည်ပဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း သကြားအရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး မတ် ၁၃**

ပြည်တွင်း၊ ပြည်ပဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း သကြားအရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (မန္တလေး)ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေက ပြောပြ၍ သိရသည်။

ပြည်တွင်းမှ ထွက်ရှိသည့် သကြားကို တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံက ဝယ်ယူမှုများရှိနေပြီး ယခုလတ်တလော ပြည်ပမှကုန်သည်များက သကြားဝယ်ယူမှုပြန်လည်များပြားလာသည့်အပြင် ပြည်တွင်းဈေးကွက်၌ပါ သကြားဝယ်ယူမှု များပြားလာခြင်းကြောင့် သကြားများ အရောင်းအဝယ်ကောင်းလာကြောင်း သိရသည်။

“ပြည်တွင်းမှာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးကနေ ထွက်ရှိတဲ့သကြားတွေကို အခုလတ်တလော တရုတ်နိုင်ငံက ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိပါတယ်။ မန္တလေး ဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ်အကောင်းဆုံးဖြစ်ပါတယ်။ သကြားက အရောင်းအဝယ်ကောင်းနေပေမဲ့ ကုန်ကြမ်းလက်ကျန်နည်းပါးသွားတာမျိုးမရှိပါဘူး။ နောက်ပိုင်း ဒီထက်ပိုပြီး သကြားအဝယ်ထပ်ကောင်းလာရင် သကြားလက်ကျန် ရှားသွားနိုင်ပါတယ်”ဟု ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းငွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း မတ် ၁၃ ရက် ပေါက်ဈေးအရ သကြားတစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ခန့်ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ် ကောင်းလာကြောင်း သိရသည်။ (၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် တောင်ပေါ်ဒေသမှ ထွက်ရှိသည့် မုန်ညင်းဖြူများ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ ပြင်ဦးလွင်နှင့် ရှမ်းဒေသတို့မှ ထွက်ရှိသည့် မုန်ညင်းဖြူများ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိ ပုံမှန်ဝင်ရောက်နေကြောင်း၊ လက်ရှိတွင် မုန်ညင်းဖြူဈေးနှုန်းများမှာ ၂၂ ပိဿာနှင့် ၂၇ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ ထိဈေးများရရှိပြီး အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

“လက်ရှိမှာ မုန်ညင်းဖြူက ပြင်ဦးလွင်ဒေသနဲ့ ရှမ်းဒေသတွေကပဲ ဝင်ရောက်လာတာပါ။ ဝင်ရောက်လာတာနဲ့အမျှ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ တောင်သူတွေက ရာသီဥတုပေါ်ကြည့်ပြီး စိုက်တဲ့သူနည်းပါးသွားပါတယ်။ ဈေးကိုတော့ ပုံမှန်တစ်ရက်ကို ခြောက်ဘီးကား ငါးစီးကနေ ခြောက်စီးထိ ဝင်ပါတယ်။ ကျန်ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကိုဝင်ရောက်လာတဲ့ ကုန်စိမ်းပစ္စည်းတွေဟာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ရောင်းချသူနဲ့ ဝယ်ယူသူတွေလဲ အဆင်ပြေနေပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေအနေနဲ့ အရောင်းအဝယ်ကောင်းတာကြောင့် အဆင်ပြေနေကြပါတယ်”ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ပြင်ဦးလွင်နှင့် ရှမ်းဒေသများမှထွက်သည့် မုန်ညင်းဖြူများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ အဆိုပါ မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေခြင်းနှင့်အတူ ကျန်သည့် ကုန်သီးနှံများဖြစ်သည့် အာလူး၊ သခွားသီး၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ငရုတ်၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိအချိန် သီရိမာလာကုန်စိမ်းဈေးသို့ကုန်မျိုးစုံဝင်ရောက်နေသည့် ကားအစီးရေမှာ နေ့စဉ် ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ဧက ၅၂၂၀ စိုက်ပျိုးပြီးစီး

**တမူး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ဧက ၅၂၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၄၂၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၅၂၂၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ မြေထောက်ပဲ ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လက်ရှိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ မြေထောက်ပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် မြေထောက်ပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ၁၀၅၅ ဧက၊ တမူးမြို့နယ်တွင် ၃၁၅၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၁၀၁၀ စုစုပေါင်း ဧက ၅၂၂၀ ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၁၀၀၀၊ တမူးမြို့နယ်တွင် ၂၂၉၅ ဧက၊ ခါမ်းပါတ်မြို့တွင် ဧက ၁၀၀၀ စုစုပေါင်း ၄၂၉၅ ဧက ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် မြေထောက်ပဲ စိုက် တောင်သူများအနေဖြင့် မြေထောက်ပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်ကဆက်လက် ပြောပြ၍သိရသည်။

(၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးဇော်ငြိမ်း-ဒေါ်မိုးမိုးဝေ၊ သား-မောင်အောင်မင်းသန့် မိသားစုက နှစ်ခြင် ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့်ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပိုလ်ကိတ်ပဲများတွင် ၁၁၅၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပိုလ်ကိတ်ပဲများတွင် ၁၁၅၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲ ၄၇၁၈ ဧက လျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ပိုလ်ကိတ်ပဲများကို ဖေဖော်ဝါရီလ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၅၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော ပိုလ်ကိတ်ပဲ တစ်ဧကလျှင် ၁၇ ဒသမ ၃ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပိုလ်ကိတ်ပဲ ဧက ၄၇၀၀ ကျော်ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ပိုလ်ကိတ်ပဲတွေကို ဖေဖော်ဝါရီလ တတိယပတ်က စတင်ရိတ်သိမ်းနေတာ ဒီနေ့ထိ ဧက ၁၁၀၀ ကျော် ရိတ်သိမ်းပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပိုလ်ကိတ်ပဲအပါအဝင် ဆောင်းသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေ ပို့ချပေးထားပါတယ်။ ဆောင်းသီးနှံတွေအားလုံး ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပိုလ်ကိတ်ပဲများ လျာထားဧကအတိုင်း အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် သီးနှံများအတွက်နှုန်း ကောင်းမွန်စေရန်၊ အရည်အသွေး ကောင်းမွန်စေရန်၊ ပိုးမွှားရောဂါကင်းရှင်းစေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက စိုက်ကွက်များထိကွင်းဆင်းပြီး တောင်သူ အသိပညာပေးလုပ်ငန်းများကို ပို့ချ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ဘုရားကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဥတ္တရသီရိမြို့နယ်အတွင်းရှိ မောင်းရမ်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်း၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာခြည်မွန်နှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဘုရားကုန်းကျေးရွာ၌ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ဘုရားကုန်းကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံ တည်ဆောက်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၁ ဒသမ ၀၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၆၈ အိမ်၊ လူဦးရေ ၁၉၀၀ တို့အတွက် ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**သူသူ**

# ဒိုက်ဦးမြို့နယ် ကြွေးခင်တန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမလွင်ကျေးရွာအုပ်စု ကြွေးခင်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကြွေးခင်တန်းကျေးရွာ၌ တစ်ဖက်လျှင် အရှည် ပေ ၉၁၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်း၊ တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသော ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုကြရန်နှင့် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် ကြွေးခင်တန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ် ဘီးလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၂ ဒသမ ၄ သန်း အသုံးပြုပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ဖေဖော်ဝါရီလ ၁၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးမှုကြောင့် အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၂၃ အိမ်မှ လူ ၆၃၇ ဦးတို့ သွားလာရေးအဆင်ပြေနေပြီဖြစ်ပြီး ယခင်ကထက် လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**



# မင်းလှယဉ်နုပျို့

ပိုလ်ရှိတ်(ရတနာပူရ)

ပျို့အမည်ပေးပုံက ဆန်းသည်။ မြန်မာ့သမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သောပျို့များတွင် ဤသို့အမည်ဆန်းဆန်းပေးသည့်ပျို့မှာ နည်းသည်။ အခြားသောပျို့ဆရာတို့သည် သူတို့ရေးသောပျို့ကို ရေးဖွဲ့သည့်ဇာတ်တော်၊ ဇာတ်လမ်းအမည်တို့ကိုသာ ပေးကြသည်။ မင်းလှယဉ်နုပျို့ကား ထိုသို့မဟုတ်ပေ။ ပျို့အမည်ကြားရုံဖြင့် မည်သည့်ဇာတ်တော်ကိုဖွဲ့ဆိုကြောင်း တန်းမသိနိုင်ပေ။ မင်းလှယဉ်နုပျို့သည် ဘုရားဟော ငါးရာ့ငါးဆယ်ဇာတ်တော်၊ ဝိသတိနိပါတ် ၁၄ ဇာတ်မှ ရှစ်ဇာတ်မြောက် ဘလ္လာတိယဇာတ်တော်ကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

**ပျို့စာဆို**

မင်းလှယဉ်နုပျို့ကို ရေးခဲ့သူမှာ ညောင်ရမ်းခေတ်စာဆိုတော် ရှင်ကရဝိကဖြစ်သည်။ ညောင်ရမ်းခေတ်တွင် ရှင်ကရဝိက အမည်တူစာဆိုနှစ်ပါးပေါ်ထွန်းခဲ့၍ မင်းလှယဉ်နုပျို့ကိုရေးခဲ့သူ ရှင်ကရဝိကကို ဒုတိယကရဝိကဟု ခွဲခြားခေါ်သင့်သည်။ ဒုတိယကရဝိက၏ ဘဝအကြောင်းကို ကျယ်ပြန့်စွာမသိရသေးပါ။ ပထမကျော်အောင်စံထားဆရာတော် ရှင်ဉာဏဝရ၏ တပည့်ဖြစ်သည်ဟုသာ သိရသည်။ မိုင်းခိုင်းမင်းကြီး ဦးယမ်၏ ပိဋကသုံးပုံစာတမ်း၌ ဒုတိယရှင်ကရဝိကအကြောင်းကို "သက္ကရာဇ် ၁၁၁၀ ပြည့်နှစ် ဟံသာဝတီပါမင်းတရားလက်ထက် ပုခန်းကြီးမြို့စီရင်စု ပိုက်သင်ရွာဇာတိ ပထမကျော်အောင်စံထားဆရာတော် ရှင်ဉာဏဝရတပည့်မောင်ရှင် ကရဝိကစီရင်သည့် ညွန့်ဖူးဝေဝေ၊ ကျွန်းသပြေ၏. . . . . အစချီသည့် ဂ်ရေး ကအစ ဂအဆုံး၊ ၅၂ ခံ ရှိသည့် မင်းလှယဉ်နုပျို့က ကောက်နုတ်သည့် ပြည်ဖွဲ့မြို့ဖွဲ့ လင်္ကာဘုရား"ဟူ၍ တွေ့ရသည်။ ဒုတိယရှင်ကရဝိကအကြောင်းကို ထို့ထက်ပို၍ မသိရသေးပေ။ ပျံလွန်တော်မူသည့်နှစ်ကိုလည်း တိတိကျကျမသိရသေးပါ။ ၁၁၁၀ ပြည့်နှစ်တွင် မင်းလှယဉ်နုပျို့ကိုရေးဖွဲ့ခဲ့ကြောင်းသာ သိရသည်။

**ဘလ္လာတိယဇာတ်**

မင်းလှယဉ်နုပျို့မြစ်ဖျားခံရာ ဇာတ်တော်သည် ငါးရာ့ငါးဆယ်ဇာတ်အစဉ်တွင် ၂၃၃ ဇာတ်မြောက်၊ ဝိသတိနိပါတ်တွင် ရှစ်ဇာတ်မြောက်ဖြစ်သည်။ မူလဇာတ်အမည်မှာ ဘလ္လာတိယဇာတ်ဖြစ်သည်။ ဘလ္လာတိယဇာတ်သည် ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့ မသင့်မတင့်ဖြစ်ရာကို အကြောင်းပြု၍ ဟောတော်မူခဲ့ခြင်းဖြစ်သည်။ တစ်နေ့သ၌ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားတို့သည် မသင့်မတင့်ဖြစ်၍ မခေါ်မပြောနေကြသည်။ မြတ်စွာဘုရားက အသင်မင်းကြီးသည် ရှေးကိန္နရာဖြစ်စဉ်က တစ်ညဉ့်မျှ ကွေကွင်းရသည်ကို အနှစ်ခုနစ်ရာပတ်လုံး ငိုကြွေးရသည့်တိုင်အောင် ချစ်ခင်ခဲ့ကြသည်မဟုတ်ပါလောဟု မိန့်တော်မူ၏။ ထိုအခါ ကောသလမင်းကြီးက ဇာတ်ကြောင်းကို ဟောတော်မူပါဟု တောင်းပန်သောကြောင့် ဟောတော်မူခြင်းဖြစ်သည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘလ္လာတိယမင်းသည် တောလည်ထွက်သည်။ တောလည်ထွက်ရာတွင် ကိန္နရာဖိုမအချင်းချင်း လည်ဖက်၍ငိုနေသည်ကို တွေ့ရသည်။ အဘယ်ကြောင့်ငိုနေသနည်းဟု မေးသောအခါ ကိန္နရာမက မြစ်အတွင်း ရေနည်းစဉ်အခါက ငါ၏လင်ကိန္နရာဖိုသည် ငါ့နောက်ကပါသည် အထင်နှင့် မြစ်ကိုကူး၏။ ငါက ပန်းမန်ခူး၍ကျန်ခဲ့၏။ ထိုခဏ၌ ကြီးစွာသောလေမိုးကျ၍ ရေပြည့်လျှံကာ ပြင်းထန်စွာစီးသည်။ ထိုအခါ ငါတို့နှစ်ဦးသည် ကွဲ၍ ကမ်းတစ်ဖက်စီရှိကြသည်။ လျှပ်ပြက်သောအခါမှသာ ရုံခါမြင်ရ၏။ ငါတို့ငိုကြ၏။ ထိုသို့ဖြင့် တစ်ညလုံး ဆင်းရဲငြိုငြင်စွာဖြတ်သန်းရ၏။ နံနက်နေထွက်သောအခါ ရေနည်းနည်းကျသွားသောကြောင့် မြစ်ကိုကူးကာ လည်ကိုဖက်၍ ရုံခါငို၏။ ရုံခါရယ်ကြ၏။ ထိုသို့ ကွဲကွာခဲ့ရသောညဉ့်မျိုး ထပ်မံရောက်လာမည်ကို စိုးရိမ်သဖြင့် ငါတို့ငိုကြွေးကြသည်။ ယခုလို ငိုလာသည်မှာ အနှစ်ခုနစ်ရာပြည့်ရန် သုံးရက်သာလိုတော့သည်။ ငါတို့သက်တမ်းက အနှစ်တစ်ထောင်ဖြစ်သည်။ သင်တို့သက်တမ်းကား တစ်ရာသာဖြစ်သည်။ ထိုသို့လျက် သင်သည် အဘယ်ကြောင့် ချစ်စွာသောမယားနှင့် ခွဲခွာ၍နေသနည်း"ဟု ကိန္နရာမက ဆိုလေသည်။

ထိုအခါ ဘလ္လာတိယမင်းကြီးသည် ငါတို့သက်တမ်းသည် တိုလွန်းသည်။ ထီးနန်းစည်းစိမ်ကိုစွန့်၍ တောၞလည်ခြင်းသည်မသင့်ပါဟု သတိရပြီး တိုင်းပြည်သို့ပြန်ကာ ဒါနသီလပြုလျက် မင်းစည်းစိမ်ကို ခံစားလေသည်။ ကောသလမင်းနှင့် မလ္လိကာမိဖုရားတို့လည်း တရားတော်ကိုနာကြားပြီး ပြန်လည်သင့်မြတ်ကြလေသည်။ ဇာတ်ပေါင်းသည့်အခါ ဘလ္လာတိယမင်းသည် မြတ်စွာဘုရား၊ ကိန္နရာဖိုသည် ကောသလမင်း၊ ကိန္နရာမသည် မလ္လိကာမိဖုရားဖြစ်လာသည်။

ဤမှာ ဘလ္လာတိယဇာတ်ကို အကျဉ်းမျှဖော်ပြခဲ့ခြင်းဖြစ်သည်။ ဤဘလ္လာတိယဇာတ်ကို ဒုတိယရှင်ကရဝိကသည် မင်းလှယဉ်နုပျို့ဟူ၍ ရေးသားခဲ့ခြင်းဖြစ်သည်။

❖ မင်းလှယဉ်နုပျို့ကို ရေးဖွဲ့ချိန်သည် အင်းဝနေပြည်တော်တွင် တည်ငြိမ်အေးချမ်းနေသည့်အခါမဟုတ်ပေ။ ကသည်းရန်၊ ဟံသာဝတီရန်တို့ဖြင့် တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်ဖြစ်သည်။ ပျို့ရေးဖွဲ့ပြီး သုံးနှစ်အကြာတွင် အင်းဝမြို့ကြီးပျက်စီးခဲ့လေသည်။ မင်းလှယဉ်နုပျို့သည် တိမ်မြုပ်နေသောပျို့တစ်စောင်ဖြစ်သလို ပုံနှိပ်မှုဖြင့်မရှိသေးပေ။ ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော ဒေါက်တာခင်မမ၏ မင်းပွဲဝင်ပျို့ကဗျာစာအုပ်တွင် ပျို့စာရင်းပါရှိသည်။ ထိုစာရင်းတွင် မင်းလှယဉ်နုပျို့ကို ပျို့စာကိုယ်မတွေ့သေးပါဟု မှတ်ချက်ရေးထားပါသည်။ ❖

**ဘလ္လာတိယဇာတ်ကို ရေးဖွဲ့ခဲ့သောပျို့များ**

ဘလ္လာတိယဇာတ်တော်ကို ပျို့အဖြစ် သုံးစောင်ရေးဖွဲ့ခဲ့သည်။ ထိုသုံးစောင်မှာ မင်းလှယဉ်နုပျို့- ရှင်ကရဝိက၊ ကိန္နရာပျို့(ခ)ကိန္နရာ ချောင်းခြားပျို့- ဦးနိုး၊ ဘလ္လာတိယပျို့- ဦးထွန်းညိုတို့ဖြစ်သည်။

ဘလ္လာတိယဇာတ်ကို ပျို့အဖြစ် အစောဆုံးရေးဖွဲ့ခဲ့သူမှာ ဒုတိယရှင်ကရဝိကဖြစ်သည်။ ဒုတိယရေးဖွဲ့ခဲ့သူမှာ ဦးနိုးဖြစ်ပြီး နောက်ဆုံး တွင်းသင်းမင်းကြီး ဦးထွန်းညိုက ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ နောက်ဆုံး တွင်းသင်းမင်းကြီးဦးထွန်းညိုသာလျှင် မူလဇာတ်တော်အမည်အတိုင်း ဘလ္လာတိယပျို့ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ ဒုတိယရှင်ကရဝိကသည် မင်းလှယဉ်နုပျို့ကို ၁၁၁၀ ပြည့်နှစ်တွင် ရေးဖွဲ့ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ဦးနိုးက ၁၁၂၀ ခုနှစ်တွင် ရေးဖွဲ့ခဲ့သည်။ ဦးထွန်းညိုက ၁၁၅၄ ခုနှစ်တွင် ရေးဖွဲ့ပြီးစီးခဲ့ခြင်းဖြစ်သည်။ ဦးနိုးရေးဖွဲ့ခဲ့သောပျို့သည် ပိုဒ်ရေ ၃၉ ပိုဒ်ပါရှိပြီး ဦးထွန်းညိုရေးဖွဲ့ခဲ့သောပျို့သည် ပိုဒ်ရေ နိဂုံးလေးပိုဒ်အပါအဝင် ၁၂၁ ပိုဒ်ရှိသည်။

**မင်းလှယဉ်နုပျို့**

မင်းလှယဉ်နုပျို့ကို ရေးဖွဲ့ချိန်သည် အင်းဝနေပြည်တော်တွင် တည်ငြိမ်အေးချမ်းနေသည့်အခါမဟုတ်ပေ။ ကသည်းရန်၊ ဟံသာဝတီရန်တို့ဖြင့် တိုင်းပြည်မငြိမ်မသက်ဖြစ်နေချိန်ဖြစ်သည်။ ပျို့ရေးဖွဲ့ပြီး သုံးနှစ်အကြာတွင် အင်းဝမြို့ကြီးပျက်စီးခဲ့လေသည်။

မင်းလှယဉ်နုပျို့သည် တိမ်မြုပ်နေသောပျို့တစ်စောင်ဖြစ်သလို ပုံနှိပ်မှုဖြင့် မရှိသေးပေ။ ၂၀၁၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော ဒေါက်တာခင်မမ၏ မင်းပွဲဝင်ပျို့ကဗျာစာအုပ်တွင် ပျို့စာရင်းပါရှိသည်။ ထိုစာရင်းတွင် မင်းလှယဉ်နုပျို့ကို ပျို့စာကိုယ်မတွေ့သေးပါဟု မှတ်ချက်ရေးထားပါသည်။ ထိုအချက်ကို ကြည့်ခြင်းအားဖြင့် မင်းလှယဉ်နုပျို့သည် ပျောက်ဆုံးနေသောပျို့တစ်စောင်ဖြစ်ကြောင်း သိရသည်။

သို့သော် ဆရာမကြီးသည် ပမာဒလေခဖြစ်ခဲ့ဟန်တူသည်။ မင်းလှယဉ်နုပျို့ကို ၁၉၈၃ ခုနှစ်တွင် ရွှေဟောင်းစာပေသုတေသီတစ်ဦးက လက်ရေးမူဖြင့်ရေးကာ ဖြန့်ဝေခဲ့ဖူးသည်။ ပုံနှိပ်မှုဖြင့်မဟုတ်သောကြောင့် သိသူနည်း တိမ်မြုပ်ခဲ့ရသည်။ မင်းလှယဉ်နုပျို့ကို တိမ်မြုပ်နေရာမှ ရှာဖွေတွေ့ရှိခဲ့သူမှာ ရွှေဟောင်းစာပေသုတေသီတစ်ဦးအမည်ခံ ဆရာကြီး ဦးထွန်းရီဖြစ်သည်။ ဆရာကြီးသည် မင်းလှယဉ်နုပျို့ကို ရှာဖွေတွေ့ရှိပြီး လက်ရေးမူဖြင့်ကူးကာ ဖြန့်ဝေခဲ့ဖူးသည်။ မင်းလှယဉ်နုပျို့နှင့်အတူ သုဇာတဆုတောင်းခန်းပျို့ကိုပါတွဲ၍ ဖြန့်ဝေခဲ့သည်။ ဆရာကြီး၏ဖြန့်ဝေမှုသည် ပုံနှိပ်မှုကဲ့သို့ တွင်ကျယ်မှုမရှိသောကြောင့် သိသူနည်းခဲ့ရသည်။

ဝမ်းနည်းစရာကောင်းသည်မှာ ဆရာကြီး ရှာဖွေတွေ့ရှိဖြန့်ဝေခဲ့သော မင်းလှယဉ်နုပျို့သည်လည်း အစ၊ အဆုံးမပါခြင်းဖြစ်သည်။ ထိုအကြောင်းကို ဆရာကြီးက "ပေမူမှာမပြည့်စုံဘဲ ကိချပ်မှ ခေါ်ချပ်ထိသာရှိသည်။ ရွှေနှစ်ချပ်နှင့် နောက်ပိုင်းပေများ ပျောက်ဆုံးနေပါသည်။ ညောင်ရမ်းခေတ်စာဆို ရှင်ကရဝိက၏ မင်းလှယဉ်နုပျို့စာကိုယ်တွေ့ရှိရသမျှကို တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ အရေးကြီးသောနိဂုံးစာပိုဒ်မပါရှိသေးသဖြင့် စာဆို၏ဘဝနှင့် ခေတ်သရုပ်ကို ထုတ်ဆိုနိုင်မှုမရှိသေးပါ။ ဆက်လက်ရှာဖွေ၍ ထုတ်ဖော်ကြရန် တိုက်တွန်းအပ်ပါသည်"ဟူ၍ ရေးသားထားသည်။ ဆရာကြီး၏အမှာအရ မင်းလှယဉ်နုပျို့မှာ ရွှေနှစ်ချပ်နှင့် နောက်ပိုင်းပေချပ်များ ပျောက်ဆုံးနေကြောင်း သိရသည်။ ထို့ကြောင့် ပျို့မှာ နိဒါန်းတွင်လည်း ပြည့်စုံစွာမပါသလို နောက်ဆုံးနိဂုံးအပိုင်းထိလည်း မပါကြောင်း သိရသည်။

ယခုရှာဖွေတွေ့ရှိရသော မင်းလှယဉ်နုပျို့သည် ပိုဒ်ရေ ၈၀ ထိပါရှိသည်ကို တွေ့ရသည်။ ပိုဒ်ရေတစ်မှာလည်း ပေချပ်နှစ်ချပ် ပျောက်ဆုံးနေသဖြင့် အဆုံးထိမပါပေ။ အောက်ပါစာသားတို့သာ ပါရှိသည်ကိုတွေ့ရသည်။ "နမောတဿ၊ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ညွန့်ဖူးဝေဝေ၊ လွန်းသပြေ၏၊ ခေါင်ဇွေထွတ်ထိပ်၊ မဏ္ဍလိပ်တက်၊ တံဆိပ်သီရိ၊ မြတ်ဗောဓိဟု၊ မိုးထိလုအောင်၊ မြင့်ဖြူးဆောင်သား၊ အတောင်တရာ၊ ချင့်သင်္ချာနှင့်၊ ငါးဖြာရောင်ခြည်၊ အံ့ဖွယ်စည်သား၊ မြန်ပြည်တစ်ဆောင်၊ မဏ္ဍိုင်ညောင်မှ. . . . . "ဟူ၍သာ ပါရှိသည်။ "မဏ္ဍိုင်ညောင်မှ" နောက်ပိုင်းရှိစာများမပါတော့ပေ။ ထို့ကြောင့် ပိုဒ်ရေတစ်မှာ စာသားများသည် မပြည့်စုံပေ။

ထို့အတူ ပိုဒ်ရေ ၈၀ မှစာသားများမှာလည်း အဆုံးထိမပါပေ။ "ရှုဦးညိုပြာ၊ ကိန္နရာတို့၊ ရန်ညှာ. . . . . "ဟူသော စာသားနောက်မှ စာပိုဒ်များမပါတော့ပေ။ ထိုစာသားနောက်တွင် ပိုဒ်ရေမည်ရွေ့မည်မျှရှိသည်ကို မသိရတော့ပေ။ မိုင်းခိုင်းမင်းကြီး၏ ပြည်ဖွဲ့မြို့ဖွဲ့လင်္ကာစုကျမ်းအရ မင်းလှယဉ်နုပျို့သည် ခုနစ်ကြောင်းရေး နှစ်အင်္ဂါရှစ်ချပ်ရှိသည်ဟု ဆိုသောကြောင့် ပျို့တစ်စောင်လုံးသာ ရှာဖွေတွေ့ရှိလျှင် ပိုဒ်ရေ ၁၀၀ ကျော်ရှိမည်ဟု ခန့်မှန်းရသည်။

**ပျို့ရေးဖွဲ့ထားပုံ**

မင်းလှယဉ်နုပျို့ကို ယခုရှာဖွေတွေ့ရှိရသမျှနှင့်သာ ပျို့ရေးဖွဲ့ထားပုံကို တင်ပြပါမည်။ မင်းလှယဉ်နုပျို့သည် ဘလ္လာတိယဇာတ်တော်ကို အစအဆုံးဖွဲ့ဆိုထားသောပျို့ဖြစ်သည်။ တွင်းသင်းမင်းကြီး ဦးထွန်းညို၏ ဘလ္လာတိယပျို့သည်လည်း ဇာတ်တော်ကို အစအဆုံးရေးဖွဲ့ထားသည်။ ဦးနိုးကား ဇာတ်တော်တစ်ခုလုံးကို ရေးဖွဲ့ထားခြင်းမဟုတ်ဘဲ ကိန္နရာချောင်းခြားသည့်အခန်းသာ အလေးပေးဖွဲ့ဆိုထားသည်။

ဒုတိယရှင်ကရဝိကသည် မင်းလှယဉ်နုပျို့၌ ပစ္စုပ္ပန်ဝတ္ထုကို ပိုဒ်ရေတစ်မှ ပိုဒ်ရေခြောက်ထိ ဖွဲ့ဆိုထားသည်။ မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးပုံ၊ သာဝတ္ထိပြည်သာယာပုံ၊ ကောသလနှင့် မလ္လိကာမိဖုရားတို့ စိတ်အခန့်မသင့်ကြပုံတို့ကို ဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ရှစ်မှ ပိုဒ်ရေ ၂၄ ထိသည် ဘလ္လာတိယမင်း ဗာရာဏသီပြည်တွင် စိုးစံခန်းမှ တောလိုက်မထွက်မီထိ ဖွဲ့ဆိုထားသည်။ ပိုဒ်ရေ ၂၅ မှ ၈၀ ထိသည် ဘလ္လာတိယမင်း တောသို့ထွက်သည့်အခါ ကိန္နရာမောင်နှံနှင့်တွေ့ရပုံ၊ ကိန္နရာမောင်နှံတို့ ငိုကြွေးပုံကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ အပိုဒ် ၈၀ နောက်ပိုင်းအခန်းများကို မည်သို့ရေးဖွဲ့ထားသည်ကို မသိရတော့ပေ။ ဒုတိယကရဝိက၏ မင်းလှယဉ်နုပျို့ကိုသာ အစအဆုံးတွေ့မည်ဆိုလျှင် ဘလ္လာတိယဇာတ်တော်ကို ဖွဲ့သောပျို့များတွင် အကောင်းဆုံးပျို့ဟုဆိုနိုင်သည်။

မလ္လိကာမိဖုရားသည် ကောသလမင်းနှင့် စိတ်အခန့်မသင့်ဖြစ်သောအခါဝယ် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော မြတ်စွာဘုရားရှင်အား ရည်မှန်း၍ မြတ်စွာဘုရားရှင်ကြွလာပါစေရန် ပန်းမျိုးစုံလှူဒါန်းပူဇော်၍ အဓိဋ္ဌာန်ပြုသည်။ ထိုအကြောင်းကို ဒုတိယရှင်ကရဝိက မင်းလှယဉ်နုပျို့၌ "ဇေတဝန်က၊ ဘုန်းဝှန်ရတနာ၊ မဲ့ထိပ်ခြာသည်၊ ကြွလှာစေသား၊ ရွှေဘုရားဟု၊ ဆပွားသဒ္ဓါ၊ စေတနာဖြင့်၊ သစ္စာဓိဋ္ဌာန်၊ ဆုယူပန်လျက်၊ စိတ်သန်တောင့်တ၊ ရှိရည်သ၍၊ သော်ကထွတ်ထွတ်၊ ဖက်ဆွတ်လတ်လတ်၊ ရင်ကတ်ရွှေရွှေ၊ မိုဝ်းစွေနီနီ၊ သရဖီထပ်ထပ်၊ စလပ်မွှေးမွှေး၊ မုလေးဆင့်ဆင့်၊ ကြာပွင့်ဝါဝါ၊ ရင်းမာလန်းလန်း၊ အနန်ရှားရှား၊ စကားဝင်းဝင်း၊ အင်ကြင်းရွှင်ရွှင်၊ သစင်လူလူ၊ မည္ဈူလိုင်လိုင်၊ ပန်းခိုင်ခိုင်နှင့်၊ မွှေးကြိုင်နံ့သာ၊ ကွမ်းယာလက်ဖက်၊ ဖြူလွပေါက်ပေါက်၊ ပုဇော်မောက်၍"ဟူ၍ ရေးဖွဲ့ထားသည်။ အဆိုပါအဖွဲ့တွင် ပန်းအမည်များကို စကားလုံးလှပစွာ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ အဆိုပါ ဘုရားရှင်အား ပူဇော်သောအဖွဲ့သည် ညောင်ရမ်းခေတ်က နန်းတွင်းသူတို့ ဘုရားရှင်အား ကပ်လှူပူဇော်သောဓလေ့ဟု ဆိုနိုင်သည်။

မင်းလှယဉ်နုပျို့တွင် ညောင်ရမ်းခေတ်က ထင်မြင်ယူဆကြသော ကိန္နရာတို့၏ပုံစံကိုတွေ့ရသည်။ မင်းလှယဉ်နုပျို့၌ ကိန္နရာပုံစံကို "ဂန္ဓာမာဝယ်၊ မျက်နှာလူရောင်၊ တပြောင်ပြောင်နှင့်၊ မြီးထောင်ခြေဖျား၊ ငှက်ကဲ့လားတည်၊ ခွေထားမြီတ်ရစ်၊ စုံလည်ကျစ်နှင့်၊ နစ်စစ်မှန်စွာ၊ ကိန္နရာကား"ဟူ၍ ရေးဖွဲ့ထားသည်။ ထိုအဖွဲ့ကိုကြည့်ခြင်းအားဖြင့် ကိန္နရာတို့၏ပုံစံကို လူမျက်နှာ၊ ငှက်ခန္ဓာကိုယ်ဖြစ်ကြောင်း သိရသည်။

ဒုတိယရှင်ကရဝိကသည် မင်းလှယဉ်နုပျို့ဟု ခေါ်ရခြင်းအကြောင်းမှာ ဘလ္လာတိယမင်းကို တင်စား၍ ခေါ်ထားခြင်းဖြစ်သည်။ ပျို့စာကိုယ်များအတွင်း၌ ဘလ္လာတိယမင်းကို မင်းလှယဉ်နုဟူ၍ သုံးနှုန်းခေါ်ဝေါ်ထားသည်။ သူတင်စားခေါ်ဝေါ်သည့်အတိုင်း ပျို့အမည်ကို မင်းလှယဉ်နုပျို့ဟု ပေးခဲ့သည်။

မင်းလှယဉ်နုပျို့သည် ရှားပါး၍ တိမ်မြုပ်နေသောပျို့တစ်စောင်ဖြစ်သည်။ ညောင်ရမ်းခေတ်ပေါ် ပျို့တစ်စောင်ဖြစ်၍ ညောင်ရမ်းခေတ်၏ စာပေအဖွဲ့၊ လူမှုဓလေ့၊ နန်းဓလေ့ထုံးစံများကို လေ့လာလိုသူတို့အတွက် တန်ဖိုးရှိလှပေသည်။ မြန်မာစာပေစင်မြင့်တွင် ပုံနှိပ်မှုဖြင့် ရှိသင့်သောပျို့တစ်စောင်ဖြစ်သည်။

## ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏ အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ်တိုးတက်မြင့်မားအောင် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၀၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့

**စစ်တွေ မတ် ၁၃**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၀၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအောင်အောင်က ပြောပြ၍ သိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ဆောင်ရွက်ရာတွင် စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုက ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

"မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေကတော့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလထိ မြန်မာနိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ပို့ကုန်အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁၁၃ သန်းဖိုးတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၉ သန်းဖိုး တင်သွင်းခဲ့တာကြောင့် စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၀၂ သန်းဖိုး ပြုလုပ်နိုင်ခဲ့ပါတယ်"ဟု အထွေထွေအတွင်းရေးမှူး ဦးအောင်အောင်က ပြောပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ဒေသထွက် ကွမ်းသီး၊ အုန်းဆီ၊ တည်းသီး၊ ငါးမှတ်၊ ငါးနီတူခြောက်၊ ငါးစုံကလေးခြောက်၊ တံမြက်စည်းအကြမ်းတို့တင်ပို့သည့်အပြင် မြန်မာနိုင်ငံ၏ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိ၊ ထုတ်လုပ်သော ဆီးယိုထုပ်၊ ချင်း(အစို)၊ ကြက်သွန်၊ ကုလားပဲ၊ ဆီးသီးခြောက်၊ မန်ကျည်းစေ့၊ ဖိနပ်၊ ချည်လုံးချည်၊ သနပ်ခါးခဲ၊ ကော်ဖီမစ်၊ နေကြာစေ့နှင့်ခေါက်ဆွဲခြောက်တို့ကိုလည်း တင်ပို့ခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တီရှပ်အထည်များ၊ ဒန်အိုးဒန်ခွက်များ၊ PVC ပိုက်အရွယ်စုံ၊ ပလတ်စတစ်ရေတိုင်ကီများ တင်သွင်းခဲ့ကြောင်း သိရသည်။

ASH



## ပွင့်ဖြူမြို့နယ် ကျောက်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ မတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလံတောကျေးရွာအုပ်စု ကျောက်ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကျောက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားရန် ဆွေးနွေးမှာကြားသည်။

ပွင့်ဖြူမြို့နယ် ကျောက်ကုန်းကျေးရွာ၌ အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ Pipe Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၃ သန်းဖြင့် တော်ဝင်ထွန်းကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

စင်မာ

## ပြည်သားကောင်းမြတ် ညွန်းဆိုအပ်အောင်

- လူငယ် လူရွယ် အားမာန်ကြွယ်လည်း
  ကြွယ်သည့်အားမာန် ကိုယ့်နိုင်ငံတွက်
  ရည်သန်ရွယ်ကိုး သယ်ပိုးမှုအား
  ထက်သန်ငြားမှ
  ပြည့်သားကောင်းမြတ် ဆိုဖွယ်မှတ်။

- လူငယ် လူရွယ် ဉာဏ်ရည်ကြွယ်လည်း
  ကြွယ်သည့်ဉာဏ်ရည် ကိုယ့်တိုင်းပြည်တွက်
  ရည်သန်ရွယ်ကိုး သယ်ပိုးမှုအား
  ထက်သန်ငြားမှ
  ပြည့်သားကောင်းမြတ် ဆိုဖွယ်မှတ်။

- ထို့ကြောင့်မို့ကွယ်
  လူငယ်ဆိုတာ ပြည်သာယာရေး
  ကူဖေးစိတ်မြတ် ပွားများအပ်၏။

- တိုင်းပြည်ဖွံ့ဖြိုး ပြည်အကျိုးကို
  သယ်ပိုးစိတ်မြတ် ပွားများအပ်၏။

- တိုင်းပြည်ပျက်အောင် ကြံဆောင်မှုများ
  ဟန့်တားစိတ်မြတ် ပွားများအပ်၏။

- သြော်. . .
  ပွားများအပ်ရာ အဖြာဖြာကို
  ရင်မှာတွေးရှု ရှုက်ဆောင်ပြုရန်
  စစ်မှုထမ်းရာ တက်ကြွစွာပင်
  ပါဝင်သည်ကား လူငယ်များကို
  ပြည့်သားကောင်းမြတ် ညွှန်းဆိုအပ်သော
  ဂုဏ်ဒြပ်ပိုင်စားနိုင်မည်တည့်။ ။

**အင်ကြင်းသူ(နေပြည်တော်)**

## တောင်ကြီးမြို့နယ် တောင်ဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး မတ် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဦးကျေးရွာ၌ ပဥ္စမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တောင်ဦးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၈၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်ဦးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၁၁၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

## နိုင်ငံတကာ သတင်းများ

# ကိုရီးယားစစ်ပွဲအတွက် အသင့်ရှိကြောင်း သမ္မတပူတင် ပြောကြား

**မော်စကို မတ် ၁၃**

ကိုရီးယား စစ်ပွဲတစ်ပွဲအတွက် ရုရှားနိုင်ငံအနေဖြင့် အသင့်အနေအထားတွင်ရှိကြောင်း ရုရှားသမ္မတ ပူတင်က ယနေ့တွင် အနောက်အုပ်စုနိုင်ငံများကို သတိပေးလိုက်ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် ယူကရိန်းသို့ တပ်များစေလွှတ်ခဲ့ပါက စစ်ရေးအရှိန်မြှင့်တင်မှုအဖြစ် ရုရှားနိုင်ငံက သတ်မှတ်မည်ဖြစ်ကြောင်း သမ္မတပူတင်က နိုင်ငံပိုင် ရော့ဆီယာ-၁ ရုပ်သံဌာနနှင့် တွေ့ဆုံစဉ် သတိပေးစကား ပြောကြားခဲ့သည်။

ရုရှားသမ္မတ ရွေးကောက်ပွဲမကျင်းပမီ ရက်ပိုင်းအလိုတွင် ရုရှားသမ္မတပူတင်၏ အဆိုပါသတိပေးချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

စစ်ရေးပိုင်းအရကြည့်မည်ဆိုပါက ရုရှားနိုင်ငံအနေဖြင့် ကိုရီးယားစစ်ပွဲဆင်နွှဲရေးအတွက် အသင့်အနေအထားတွင်ရှိကြောင်းလည်း သမ္မတ ပူတင်က ပြောကြားခဲ့သည်။

သို့သော် လက်ရှိအခြေအနေအရပ်ရပ်အရ ကိုရီးယားထိပ်တိုက်ရင်ဆိုင်မှုဖြစ်လာလိမ့်မည်ဟု မိမိအနေဖြင့် မထင်ကြောင်းလည်း သမ္မတပူတင်က သုံးသပ်ခဲ့သည်။

ရုရှားသမ္မတပူတင်သည် မတ် ၁၅ ရက်မှ ၁၇ ရက်ထိကျင်းပမည့် ရုရှားသမ္မတရွေးကောက်ပွဲ၌သမ္မတရာထူး ခြောက်နှစ်သက်တမ်းအတွက် ထပ်မံပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# တရုတ်နိုင်ငံ၌ စားသောက်ဆိုင်ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံးပြီး ၂၆ ဦး ဒဏ်ရာရရှိ

**ပေကျင်း မတ် ၁၃**

တရုတ်နိုင်ငံမြောက်ပိုင်း ဟီပေပြည်နယ်၌ ယနေ့တွင် စားသောက်ဆိုင်တစ်ဆိုင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦး သေဆုံး၍ ၂၆ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဓာတ်ငွေ့ ပေါက်ကွဲမှုအဖြစ် ယူဆရသည့် အဆိုပါစားသောက်ဆိုင်ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်ရှိ အဆောက်အအုံများ၏ မျက်နှာစာများနှင့် မော်တော်ယာဉ်များလည်း ပျက်စီးခဲ့ရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာစားသောက်ဆိုင်သည် ဆန်ဟဲခရိုင် ယန်ကျားမြို့၌တည်ရှိသည့် ကြက်ကြော်ဆိုင်တစ်ဆိုင်ဖြစ်ကြောင်း တရုတ်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

စားသောက်ဆိုင် ပေါက်ကွဲမှုကြောင့် လောင်ကျွမ်းခဲ့သည့် မီးများကို မီးသတ်တပ်ဖွဲ့က ထိန်းချုပ်ထားနိုင်ပြီးဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။

စားသောက်ဆိုင်ပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ အရေးပေါ်ယာဉ် ၃၆ စီးနှင့် ကယ်ဆယ်ရေးသမား ၁၅၄ ဦးတို့ကိုစေလွှတ်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပြုလုပ်နေကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

တရုတ်အစိုးရသည် ဘေးအန္တရာယ်လုံခြုံရေးအတွက် ဓာတ်ငွေ့အသုံးပြုချက်ပြုတ်ရေးလုပ်ငန်းများအတွက် လမ်းညွှန်ချက်များကို ပြီးခဲ့သည့်နှစ်ကပင် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားရေတပ်၏ အေအက်စ်-၃၁ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော ယခုနှစ် ဇွန်လ သို့မဟုတ် ဇူလိုင်လတွင် ပင်လယ်ပြင်စမ်းသပ်မှုပြုလုပ်မည်




**မော်စကို မတ် ၁၃**

ရုရှားရေတပ်၏ အေအက်စ်-၃၁ ရေနက်ဆင်း နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသည် ယခုနှစ် ဇွန်လ သို့မဟုတ် ဇူလိုင်လအတွင်း ပင်လယ်ပြင်စမ်းသပ်မှုများ စတင်မည်ဖြစ်ကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

နှစ်အတန်ကြာ အချိန်ယူ၍ လွန်းတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးနောက် ရုရှားရေတပ်က အေအက်စ်-၃၁ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောကို ပင်လယ်ပြင်စမ်းသပ်မှုစတင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

လိုရှာရစ်ခ်ဟု၍ လူအများသိထားသည့် အေအက်စ်-၃၁ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘော ပြင်ဆင်ရေးလုပ်ငန်းများအပြီးသတ်လုနီးပါးဖြစ်ကြောင်း ရုရှားစစ်ဘက်သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

၂၀၀၃ ခုနှစ်တွင် စတင်ရေချခဲ့သည့် အေအက်စ်-၃၁ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသည် ရုရှားရေတပ်၏ အလျှို့ဝှက်ဆုံးရေငုပ်သင်္ဘောများတွင် ပါဝင်သည်။

အဆိုပါ ရေငုပ်သင်္ဘောသည် ကုန်းပတ်ပေါ်၌ ၂၀၁၉ ခုနှစ်အတွင်း ရေတပ်သား ၁၄ ဦးသေဆုံးခဲ့ရသော မီးလောင်မှုဖြစ်ပွားခဲ့ပြီး ယခုအခါ လွန်းတင်ပြင်ဆင်မှုများ စတင်ပြုလုပ်ခဲ့ရသည်။

ပြင်ဆင်မှုများပြုလုပ်ပြီးချိန်တွင် အဆိုပါအေအက်စ်-၃၁ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသည် ရေအောက်အနက် မီတာ ၆၀၀၀ (ပေပေါင်း ၁၉၇၀၀)ထိ ငုပ်ဆင်းနိုင်စွမ်းကို ဆက်လက်ထိန်းထားနိုင်မည်ဖြစ်ကြောင်း ရုရှားစစ်ဘက်၏အဆိုအရ သိရသည်။

Ref : Xinhua
Trs : KKO

# နိုင်ဂျီးရီးယားမြောက်ပိုင်း ဘူဒါကျေးရွာရှိ ရွာသူရွာသား ၆၁ ဦးကို လက်နက်ကိုင်အဖွဲ့များက ပြန်ပေးဆွဲခေါ်ဆောင်

**အဘူဂျာ မတ် ၁၃**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကာဒူနာပြည်နယ်ရှိ ကျေးရွာတစ်ရွာမှ လူ ၆၁ ဦးကို မတ် ၁၂ ရက်က လက်နက်ကိုင်များက ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း သိရသည်။

လက်နက်ကိုင်အုပ်စု တစ်စု၏ တိုက်ခိုက်မှုကြောင့် ကာဒူနာပြည်နယ်၌ကျောင်းသားဦးရေ ၃၀၀ နီးပါး ပျောက်ဆုံးခဲ့ရပြီး ရက်ပိုင်းအတွင်း မှာပင် ရွာသူရွာသား ၆၁ ဦးထပ်မံ ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။

နိုင်ဂျီးရီးယား လက်နက်ကိုင်များသည် မတ် ၁၁ ရက်တွင် ဘူဒါအမည်ရှိ ကျေးရွာကို ဝင်ရောက်တိုက်ခိုက်၍ ရွာသူရွာသား ၆၁ ဦးကိုပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ပြီး အဆိုပါကျေးရွာသည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ကျောင်းသားဦးရေ ၃၀၀ နီးပါး ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရသည့် ကူရီဂါမြို့နှင့်မိုင် ၁၀၀ ခန့်အကွာတွင် တည်ရှိသည်။

ဘူဒါကျေးရွာမှ ရွာသူရွာသား ၆၁ ဦးပြန်ပေးဆွဲခံရမှုသတင်းနှင့် ပတ်သက်၍ နိုင်ဂျီးရီးယားတာဝန်ရှိသူများက တစ်စုံတစ်ရာထုတ်ပြန်မှုမရှိသေးကြောင်းသိရသည်။

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း၌ လက်နက်ကိုင်တောပုန်းများက လူအမြောက်အမြားကိုပြန်ပေးဆွဲ၍ ငွေတောင်းခံမှုများပြုလုပ်နေကြောင်း သိရသည်။

Ref : RT
Trs : KKO




# ပါကစ္စတန်တာဝန်ရှိသူများက ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းကို လုံခြုံရေးအရ ညှိသည်လာတွေ့ခွင့် ပိတ်ပင်

**အစ္စလာမ်မာဘတ် မတ် ၁၃**

အကျဉ်းချ ခံထားရသည့် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းထံသို့ ဧည့်သည်များလာရောက်တွေ့ဆုံခွင့်ကို ပါကစ္စတန်အာဏာပိုင်များက ပိတ်ပင်ထားကြောင်း ယနေ့တွင် ဖော်ပြထားသည်။

အီမရန်ခန်းကို ထိန်းသိမ်းထားရာ အကျဉ်းထောင်တိုက်ခိုက်ခံရနိုင်မှုဆိုင်ရာထောက်လှမ်းရေးသတင်းများရရှိထားပြီးနောက် အီမရန်ခန်းထံ ဧည့်သည်များလာရောက်တွေ့ဆုံခွင့်ကို ပါကစ္စတန်တာဝန်ရှိသူများက ပိတ်ပင်ထားခြင်းဖြစ်သည်။

ရာဝါပင်ဒီလ်မြို့ အဒီယာလာအကျဉ်းထောင်ရှိ အီမရန်ခန်းနှင့် အခြားအကျဉ်းသားများထံဧည့်သည်လာရောက်ခွင့်ကို သီတင်းပတ်နှစ်ပတ်ကြာ ပိတ်ပင်ထားကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ပြောကြားထားသည်။

အကျဉ်းထောင်တိုက်ခိုက်ခံရနိုင်မှုထောက်လှမ်းရေးသတင်းများရရှိထားပြီးနောက် ပါကစ္စတန်တာဝန်ရှိသူများသည် အဒီယာလာအကျဉ်းထောင်၌ လုံခြုံရေးတင်းကျပ်ထားကြောင်း သိရသည်။


ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် စွဲချက်အမျိုးမျိုးဖြင့် ချမှတ်ခံထားရသည့် ပြစ်ဒဏ်များကို အဒီယာလာအကျဉ်းထောင်၌ ကျခံနေရခြင်းဖြစ်သည်။

အဒီယာလာအကျဉ်းထောင်သည် တရားရင်ဆိုင်နေရသည့် စစ်သွေးကြွများကိုလည်း ထိန်းသိမ်းထားသော အကျဉ်းထောင်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Rocket Lab ကုမ္ပဏီက ပုဂ္ဂလိကရေဒါပုံရိပ်ဖော် ဂြိုဟ်တုတစ်စင်းကို မတ် ၁၂ ရက်တွင် လွှတ်တင်ပေးခဲ့



**ဝါရှင်တန် မတ် ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် ပုဂ္ဂလိက ရေဒါပုံရိပ်ဖော် ဂြိုဟ်တုတစ်စင်းကို မတ် ၁၂ ရက်က လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် Synspective အမည်ရှိ ဂျပန်ကုမ္ပဏီတစ်ခု၏ ရေဒါပုံရိပ်ဖော် ဂြိုဟ်တုကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် Strix-3 အမည်ရှိ ဂျပန်ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Rocket Lab ကုမ္ပဏီက Synspective ကုမ္ပဏီအတွက် လွှတ်တင်ပေးခဲ့သည့် စတုတ္ထမြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Strix-3 ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် မိုင်ပေါင်း ၃၄၈ မိုင်အကွာတွင်တည်ရှိသည့် ပတ်လမ်းပေါ်၌ နေရာယူ၍ ကမ္ဘာမြေ မျက်နှာပြင် အပြောင်းအလဲများကို စောင့်ကြည့်မည်ဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် ကမ္ဘာမြေမျက်နှာပြင်၏ မီလီမီတာအဆင့် အပြောင်းအလဲများကိုပင် ထောက်လှမ်းဓာတ်ပုံရိုက်ကူးနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Crew Dragon အာကာသလူသယ်ယာဉ် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဖလော်ရီဒါပြည်နယ်ကမ်းလွန် မက္ကဆီကိုပင်လယ်ကွေ့ရေပြင်၌ ဆင်းသက်နိုင်ခဲ့

**ဝါရှင်တန် မတ် ၁၃**

နိုင်ငံတကာ အာကာသစခန်းမှ အာကာသယာဉ်မှူးများ ပြန်လည်လိုက်ပါလာသည့် Crew Dragon အာကာသလူသယ်ယာဉ်သည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် ဖလော်ရီဒါပြည်နယ်ကမ်းလွန် မက္ကဆီကိုပင်လယ်ကွေ့ရေပြင်၌ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာကာသလူသယ်ယာဉ်ပေါ်တွင် အမေရိကန်၊ ဥရောပအာကာသအေဂျင်စီ၊ ဂျပန်အာကာသအေဂျင်စီနှင့် ရုရှားအာကာသအေဂျင်စီတို့မှ အာကာသယာဉ်မှူးများပြန်လည်လိုက်ပါလာကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးအတွက် မတ် ၁၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့သည်။



Crew Dragon အာကာသလူသယ်ယာဉ်သည် မတ် ၁၂ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်လာခဲ့ပြီးနောက် မက္ကဆီကိုပင်လယ်ကွေ့အထက် ပေ ၁၈၀၀၀ ခန့်တွင် လေထီးစနစ်များ ဖွင့်၍ ဘေးကင်းလုံခြုံစွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ကမ္ဘာမြေပေါ် ပြန်လည်ဆင်းသက်လာသည့် Crew Dragon အာကာသလူသယ်ယာဉ်ကို အသင့်စောင့်ဆိုင်းနေသည့် နာဆာ ဆယ်ယူရေး သင်္ဘောတစ်စီးက ဆယ်ယူ နိုင်ခဲ့သည်။

၎င်းအာကာသယာဉ်နှင့် ပြန်လည်လိုက်ပါလာသည့် အာကာသယာဉ်မှူးလေးဦးတို့မှာ နိုင်ငံတကာ အာကာသစခန်းပေါ်၌ ရက်ပေါင်း ၁၆၆ ရက်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြသူများဖြစ်ကြကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အရွယ်အစားအားဖြင့် ဧဝရက်တောင်ထက်ပင်ပိုကြီးမားသော ကြယ်တံခွန်တစ်စင်းပျံသန်းမှုကို ယခုလအတွင်း ညကောင်းကင်၌ တွေ့မြင်နိုင်မည်

**ဝါရှင်တန် မတ် ၁၃**

အရွယ်အစားအားဖြင့် ဧဝရက်တောင်ထက်ပင် ပိုကြီးမားသော ကြယ်တံခွန်တစ်စင်းပျံသန်းမှုကို ယခုလအတွင်း ညကောင်းကင်၌ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း မတ် ၁၂ ရက် သတင်းများအရ သိရသည်။

12P/Pons-Brooks အမည်ရှိ အဆိုပါကြယ်တံခွန်ကို ယခုလအတွင်း သာမန်မျက်စိနှင့်ပင် မြင်တွေ့နိုင်ဖွယ်ရှိကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ကြယ်တံခွန်သည် လာမည့်သီတင်းပတ် အနည်းငယ်အတွင်း ကမ္ဘာနှင့်အနီးဆုံးပတ်လမ်းနေရာသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

လက်ရှိအချိန်မှာပင် အပျော်တမ်း နက္ခတ်တာရာလေ့လာသူများကပင် အထူးတယ်လီစကုပ်များဖြင့် ၎င်းကြယ်တံခွန်ကို ဓာတ်ပုံများ စတင်ရိုက်ကူးနေပြီဖြစ်သည်။

Pons-Brooks ကြယ်တံခွန်သည် နေကို ၇၁ နှစ်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေသော ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ၎င်းကြယ်တံခွန်သည် လူသားများအနေဖြင့် တစ်ဘဝမှ တစ်ကြိမ်သာ တွေ့ခွင့်ရနိုင်သည့် ကြယ်တံခွန်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## Ceralasertib သောက်ဆေးက ကုသ၍မရနိုင်သည့် ကင်ဆာရောဂါ ခံစားရသူများအတွက် အကျိုးကျေးဇူးရှိ

**လန်ဒန် မတ် ၁၃**

တစ်ရက်လျှင် နှစ်ကြိမ်သောက်ရသည့် Ceralasertib သောက်ဆေးသစ်တစ်မျိုးသည် ကုသ၍မရနိုင်သည့်ကင်ဆာ ရောဂါခံစားရသူများအတွက် အကျိုးကျေးဇူးရှိကြောင်း မတ် ၁၂ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် စမ်းသပ်ဆဲအဆင့်တွင်ရှိနေသော Ceralasertib အမည်ရှိ အဆိုပါဆေးသစ်သည် ကင်ဆာဆဲလ်များကြီးထွားမှုကို တားဆီးနိုင်ဖွယ်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဗြိတိန်နိုင်ငံ ကင်ဆာသုတေသနအင်စတီကျူမှ သုတေသနပညာရှင်များသည် Ceralasertib အမည်ရှိ အဆိုပါဆေးသစ်ကို သမားရိုးကျကုထုံးများကို တုံ့ပြန်မှုမရှိတော့သည့် လူနာ ၆၇ ဦးတို့ဖြင့် စမ်းသပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါဆေးသစ်သည် ကင်ဆာဆဲလ်များ ကြီးထွားမှုကို အားပေးတတ်သည့် မျိုးဗီဇအခြေခံမော်လီကျူးများကို ဖျက်ဆီးပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါဆေးသစ်ကို ခုခံအားစနစ်မြှင့်တင်ပေးသည့် ကင်ဆာကုထုံးများနှင့်တွဲသုံးပါက အာနိသင်ပို၍ထိရောက်နိုင်သည်ဟု သုတေသနပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ Ceralasertib ဆေးဖြင့် ကုသမှုခံယူထားသူလူနာများအနက် ထက်ဝက်ကျော်တို့တွင် ကင်ဆာဆဲလ်များကြီးထွားမှု ရပ်တန့်သွားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## Amblyopia ရှိသောကလေးများ အရွယ်ရောက်ချိန်တွင် ဆိုးရွားသည့်ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်

**လန်ဒန် မတ် ၁၃**

Lazy Eye (Amblyopia) ခေါ် မျက်စိမြင်အားကျမှုပြဿနာရှိနေသောကလေးများသည် အရွယ်ရောက်လာချိန်တွင် ဆိုးရွားသည့် ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း မတ် ၁၂ ရက် သတင်းများအရ သိရသည်။

Amblyopia ပြဿနာရှိနေသည့် ကလေးများသည် အရွယ်ရောက်လာချိန်တွင် သွေးဖိအားပုံမှန်ထက် မြင့်တက်လာနိုင်မှု၊ အဝလွန်မှုနှင့် ဆီးချိုကဲ့သို့ ကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ရနိုင်ကြောင်း လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။


အမြင်အာရုံနှင့် မျက်လုံးတို့မှာ အခြား ကိုယ်တွင်းအင်္ဂါစနစ်များနှင့် ဆက်စပ်နေသည်ဖြစ်ရာ လူတို့၏ ကျန်းမာရေးကို စောင့်ကြည့်နိုင်သော ကင်းမျှော်စင်များဖြစ်ကြကြောင်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Amblyopia ပြဿနာသည် ကလေးများတွင် ဖြစ်ပွားတတ်ပြီး မျက်လုံးတစ်လုံး၏ မြင်နိုင်စွမ်းကောင်းစွာ ဖွံ့ဖြိုးမှုမရှိချိန်တွင် ဖြစ်ပွားတတ်သည်။

ဗြိတိန် သုတေသနပညာရှင်များ၏အဆိုအရ ကလေးဦးရေ ၁၀၀ လျှင် လေးဦးတွင် Amblyopia ပြဿနာရှိတတ်ကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၆၉ နှစ်ကြား လူဦးရေ ၁၂၆၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ဘောလုံးသမိုင်းတစ်လျှောက် နိုင်ပွဲဆက်မှုအများဆုံးအသင်းအဖြစ် ဆော်ဒီကလပ် အယ်ဟိုင်လာအသင်း စံချိန်သစ်တင်

**ရီယာဒ် မတ် ၁၃**

ဆော်ဒီထိပ်တန်းကလပ် အယ်ဟိုင်လာအသင်းသည် အာရှချန်ပီယံလိဂ်ဖလားကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဒေသတွင်းပြိုင်ဘက် အယ်အီတီဟက်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ဘောလုံးသမိုင်းတစ်လျှောက် နိုင်ပွဲဆက်မှုအများဆုံးအသင်းအဖြစ် စံချိန်သစ် တင်နိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် အယ်ဟိုင်လာအသင်းက အယ်အီတီဟက်အသင်းကို အဝေးကွင်းတွင်ရှာယာနီနှင့် မီထရိုဗစ်တို့၏သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စုစုပေါင်း ၂၈ ပွဲဆက်အနိုင်ရရှိခဲ့ပြီး ဘောလုံးလောကတွင် နိုင်ပွဲဆက်မှုအများဆုံးအသင်းအဖြစ် စံချိန်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ ဘောလုံးလောကတွင် အယ်ဟိုင်လာအသင်း မတိုင်မီက နိုင်ပွဲဆက်မှုအများဆုံးအသင်းအဖြစ် ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က ဝေးလ်ကလပ်အသင်းတစ်သင်းဖြစ်သည့် သည်နယူးစိန့်အသင်းက ၂၇ ပွဲဆက် အနိုင်ရရှိခဲ့ကာ နိုင်ပွဲဆက်မှုအများဆုံး အသင်းအဖြစ် စံချိန်တင်ထားခဲ့ခြင်းကို ယခုအခါအယ်ဟိုင်လာအသင်းက တစ်ပွဲအသာဖြင့်ကျော်ဖြတ်ကာ နိုင်ပွဲဆက်မှုအများဆုံးအသင်းအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

အယ်ဟိုင်လာ အသင်းသည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်က ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ဒါမက်အသင်းနှင့်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်နောက်ပိုင်း ပွဲစဉ်အားလုံးနိုင်ပွဲရယူနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၂၈ ပွဲဆက်နိုင်ပွဲရရှိအောင်စွမ်းဆောင်ပြီး စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

အယ်ဟိုင်လာ အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင်လည်း ပုံစံကောင်းများပြသလျက်ရှိနေပြီး ပွဲစဉ် ၂၃ ပွဲကစားပြီးချိန်တွင် ရှုံးပွဲမရှိသေးဘဲ ၂၀ ပွဲထိအနိုင်၊ နှစ်ပွဲသရေ ရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ၆၅ မှတ်ဖြင့် ထိပ်ဆုံးတွင်ရပ်တည်လျက်ရှိနေပြီး အဆင့်(၂)နေရာမှ အယ်နာဆာအသင်းကိုလည်း ရမှတ် ၁၃ မှတ်ထိဖြတ်တောက်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# လာမည့်နွေရာသီတွင် ဘာစီလိုနာအသင်းက ခံစစ်ကစားသမား သုံးဦးထိ ရောင်းချမည်

**မက်ဒရစ် မတ် ၁၃**

ဘာစီလိုနာအသင်းသည်အသင်းမှ အငှားချထားသော ခံစစ်ကစားသမား ဂါစီယာ၊ လန်ဂလက်နှင့် ချာဒီရိဒ်တို့ကို လာမည့်နွေရာသီအပြောင်းအရွှေ့၌ အပြီးသတ်ရောင်းချရန် စီစဉ်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် ခံစစ်ကစားသမား ဂါစီယာသည် ဂျီရိုနာအသင်းတွင်လည်းကောင်း၊ လန်ဂလက်သည် အေဗီလာအသင်းတွင်လည်းကောင်း၊ ချာဒီရိဒ်သည် ဘက်တစ်အသင်းသို့လည်းကောင်း အငှားစာချုပ်များဖြင့် စေလွှတ်ထားသော်လည်း လာမည့်နွေရာသီတွင် အပြီးသတ်ရောင်းချရန် ဆုံးဖြတ်ထားပြီး ခံစစ်ပိုင်းမှ ကျူဘာစီနှင့် အာရှူဂျိုတို့ကိုသာ ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းလျက်ရှိသည်။

ဂါစီယာသည် ဂျီရိုနာအသင်းတွင် ခြေစွမ်းပြသနေပြီး ပြိုင်ပွဲစုံ ၂၂ ပွဲတွင် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ဂျီရိုနာအသင်းက အပြီးသတ်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ထားသကဲ့သို့ လုပ်ခလစာမြင့်မားသည့် လန်ဂလက်ကိုလည်း အေဗီလာအသင်းအနေဖြင့် အပြီးသတ်မဝယ်နိုင်ပါက အငှားထပ်မံချထားရန်ဆုံးဖြတ်ထားကာ လူငယ်ကစားသမား ချာဒီရိဒ်ကိုလည်း သင့်တော်သည့် ပြောင်းရွှေ့ကြေးဖြင့် အပြီးသတ် ရောင်းချမည်ဖြစ်ပြီး အသင်း၏ ငွေကြေးလိုအပ်ချက်ကို ဖြည့်ဆည်းသွားမည်ဖြစ်သည်။

ယခင်က ဘာစီလိုနာအသင်းအနေဖြင့် ခံစစ်ပိုင်းမှ ခွန်ဒီနှင့်အင်နီဂိုမာတီနက်ဇ်တို့ကို ဘဏ္ဍာရေးအခက်အခဲကြောင့် ရောင်းချရန် စီစဉ်ထားသော်လည်း ယခုအခါ ၎င်းတို့ကို ရောင်းချတော့မည် မဟုတ်ဘဲ အငှားချထားသည့်ကစားသမားကိုသာရောင်းချကာ ငွေကြေးအခက်အခဲကို ဖြေရှင်းသွားမည်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# WBC လိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲကို ဇူလိုင် ၆ ရက်တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း စတီဗင်ဆင်ပြောကြား

**ဝါရှင်တန် မတ် ၁၃**

WBC လိုက်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ စတီဗင်ဆင်သည် လာမည့်ဇူလိုင် ၆ ရက်တွင် အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နီဝက်ခ်မြို့တွင် ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။



စတီဗင်ဆင်သည် ထိုးသတ်မည့်ပြိုင်ဘက်ကို ပြောကြားခဲ့ခြင်း မရှိသေးဘဲ မက္ကဆီကိုလက်ဝှေ့သမား နာဗာရက်တီနှင့် ယူကရိန်းလက်ဝှေ့သမားဘီရင်ချက်ခ်တို့ပွဲစဉ်မှအနိုင်ရရှိမည့်သူနှင့် ထိုးသတ်သွားဖွယ်ရှိသည်။

စတီဗင်ဆင်သည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဒိုမီနီကန်ရီပါပလစ်လက်ဝှေ့သမား အက်ဒ်ဝင်ဒီလော့စ်ဆန့်တို့စ်နှင့် အမေရိကန်နိုင်ငံနီဗားဒါးပြည်နယ်၌ ထိုးသတ်ခဲ့ပြီး ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကိုဆွတ်ခူးနိုင်ခဲ့သည်။

ထို့ပြင် စတီဗင်ဆင်သည် မကြာသေးမီက လက်ဝှေ့လောကမှ အနားယူပြီဖြစ်ကြောင်း ပြောကြားထားသော်လည်း WBC လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်အပ်နှံခြင်းမရှိသေးဘဲ ၎င်းအတွက်စိတ်ဝင်စားဖွယ်ကောင်းသည့် ပြိုင်ဘက်နှင့်ရင်ဆိုင်ခွင့်ရလျှင် လက်ဝှေ့လောကသို့ ပြန်ဝင်ကာ လက်ရှိချန်ပီယံဆုကိုကာကွယ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စတီဗင်ဆင်က “ကျွန်တော့်အနေနဲ့ လက်ဝှေ့လောကက အနားယူလိုက်ဖြစ်ကြောင်း ပြောကြားအပြီးမှာ လေ့ကျင့်မှုတွေမပြတ်ခဲ့ပါဘူး။ Gym မှာ အချိန်ပြည့်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ ပြိုင်ဘက်ကိုစောင့်ဆိုင်းနေပါတယ်။ ဇူလိုင် ၆ ရက်မှာစိန်ခေါ်ပွဲထိုးသတ်ဖို့စီစဉ်ထားပါတယ်။ လက်ရှိချန်ပီယံဘွဲ့ကိုကာကွယ်သွားပါမယ်။ဘယ်ပြိုင်ဘက်ကိုရွေးချယ်မလဲဆိုတာတော့ မဆုံးဖြတ်ရသေးဘူး။ ကျွန်တော့်အတွက် အသင့်တော်ဆုံးပြိုင်ဘက်ကိုရွေးချယ်ပြီး စိန်ခေါ်ပွဲအတွက်ပြင်ဆင်သွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# လာဇီယိုအသင်းက ယာယီနည်းပြအဖြစ် ကလိုဆေးကိုခန့်အပ်ရန် ပြင်ဆင်လျက်ရှိ

**ရောမ မတ် ၁၃**

လာဇီယိုအသင်းက အသင်းမှ မကြာမီနုတ်ထွက်မည့် ဝါရင့်နည်းပြဆာရီ၏နေရာတွင် အစားထိုးရန်အတွက် ယာယီနည်းပြအဖြစ် ကစားသမားဟောင်းတစ်ဦးဖြစ်သည့် ကလိုဆေးကို ခန့်အပ်ရန် ပြင်ဆင်ထားကြောင်း သိရသည်။

ဝါရင့် နည်းပြဆာရီသည် လာဇီယိုအသင်းကို ၂၀၂၁ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကအသင်းကို အီတလီစီးရီးအေပြိုင်ပွဲတွင် အမှတ်ပေးဇယား အဆင့်(၂)ဖြင့်ရာသီသိမ်းအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်ပိုင်းကျဆင်းခဲ့ခြင်းဖြစ်သည်။

လာဇီယိုအသင်းသည်နောက်ဆုံးကစားခဲ့သည့် အူဒီးနီးစ်အသင်းနှင့်ပွဲစဉ်တွင်ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲစုံလေးပွဲဆက် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဆာရီက အသင်းနည်းပြရာထူးမှ နုတ်ထွက်ရန် အသင်းထံအသိပေးခဲ့ပြီးနောက် လာဇီယိုအသင်းကလည်း ယခုနှစ်ဘောလုံးရာသီကုန်ထိ ယာယီနည်းပြအဖြစ် ကလိုဆေးကို ခန့်အပ်ရန်အတွက် ပြင်ဆင်ထားခြင်းဖြစ်သည်။

ကလိုဆေးသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝက လာဇီယိုအသင်းတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိကစားခဲ့သူဖြစ်ပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၁၆ ခုနှစ်က လာဇီယိုအသင်းတွင် နောက်ဆုံးကစားခဲ့ပြီးကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ဂျာမနီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့တွင် လက်ထောက်နည်းပြအဖြစ် ပရော်ဖက်ရှင်နယ်နည်းပြဘဝကို စတင်ခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**



# ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက်ဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လူတွေ့စစ်ဆေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)ရှိ Cluster-7 စားရိပ်သာ၌ ကျင်းပခဲ့ကြောင်း သိရသည်။


အဆိုပါ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁)၊ အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ၊ အားကစားဆေးဘက်ဌာနခွဲ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးကိစ္စရပ်များ၊အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ တည်းခိုနေထိုင်ရေးနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကစားသမားများကို လူတွေ့စစ်ဆေးခြင်းနှင့် ပွဲစဉ်ဇယားရေးဆွဲမှုများပြုလုပ်ခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ဘောလုံးပြိုင်ပွဲကို မတ် ၁၄ ရက်မှ ၂၉ ရက်ထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် (၃)တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ကစားသမား ၃၀၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**STA**

# စံချိန်တင်မြင့်တက်လာသည့် ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ်

**နေရှား(သုတေသန)**




ရုရှား-ယူကရိန်းပဋိပက္ခနှင့် ဆက်စပ်ဖြစ်ပေါ်လာသော ပထဝီဝင်နိုင်ငံရေး တင်းမာမှုများကြောင့် ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံသို့ စံချိန်တင်တိုးမြင့်လာခဲ့ပြီး ၉ ရာခိုင်နှုန်းတိုးလာခဲ့သည်ဟု စစ်ရေးဆိုင်ရာပညာရှင်အဖွဲ့၏ နှစ်စဉ်အကဲဖြတ်ချက်အရ သိရသည်။ ၂၀၂၄ ခုနှစ်တွင် ရုရှား-ယူကရိန်းပဋိပက္ခသည် တတိယနှစ် ဝင်ရောက်ခဲ့ပြီး အစ္စရေး၏ဂါဇာစစ်ပွဲဖြစ်ပွားမှုက အရှေ့အလယ်ပိုင်းတွင် နိုင်ငံတကာဆိုင်ရာ မသေချာမရေရာမှုများ ပျံ့နှံ့စေခဲ့သောကြောင့် နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးဌာန (IISS)က ကာကွယ်ရေးအသုံးစရိတ်များ ထပ်မံတိုးလာလိမ့်မည်ဟု ခန့်မှန်းထားကြောင်း ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

**ရုရှား-ယူကရိန်းပဋိပက္ခသက်ရောက်မှု**

နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဘက်စတင်ဂျိဂါရစ်ချ်က ဂဏန်းနှစ်လုံးခန့်တိုးလာမှုသည် ဆိုးရွားလာသောလုံခြုံရေးအခင်းအကျင်းကို ထင်ဟပ်စေသည်ဟုဖော်ပြခဲ့သည်။ ရုရှားနှင့် ယူကရိန်း စစ်အသုံးစရိတ်များတိုးမြင့်လာသည့်အပြင် ယူကရိန်းအတွက် အနောက်နိုင်ငံများက ပံ့ပိုးကူညီမှုများလည်း တိုးမြင့်လာခဲ့သည်။ ယူကရိန်း၏ ကာကွယ်ရေးအသုံးစရိတ်သည် နိုင်ငံခြားပံ့ပိုးငွေများပါဝင်ခြင်းမရှိဘဲ ၂၀၂၃ ခုနှစ်အတွင်း ကိုးဆခန့်တိုးမြင့်လာကာ ရုရှားက ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၅ ဘီလီယံသို့ နောက်ထပ်တိုးလာခဲ့သည်။

ရုရှား၏တရားဝင်ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၂၄ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းကျော် တက်သွားသည်ဟု ဂျိဂါရစ်ချ်က ဆိုသည်။ ယခုအချိန်တွင် ရုရှား၏ စုစုပေါင်းကာကွယ်ရေးအသုံးစရိတ်သည် ၎င်း၏ နိုင်ငံတော်အသုံးစရိတ် သုံးပုံတစ်ပုံကိုကိုယ်စားပြုပြီး GDP ၏ ၇ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ၎င်းအခြေအနေက ၎င်း၏စစ်ပွဲအတွက် အာရုံစိုက်မှုကို အချက်ပြနေသည်ဟုဆိုသည်။ ၂၀၂၃ ခုနှစ်အတွင်း စစ်မြေပြင်တွင် ဆုံးရှုံးမှုများခဲ့ရပြီး ခန့်မှန်းခြေ ပင်မတိုက်ပွဲဝင် တင့်ကားအစီး ၁၁၂၀ နှင့် အခြားသော သံချပ်ကာတိုက်ခိုက်ရေးယာဉ်အစီး ၂၀၀၀ ခန့် ဆုံးရှုံးခဲ့သည်ဟုဆိုသည်။ ရုရှား၏ စစ်မြေပြင်တင့်ကားဆုံးရှုံးမှုသည် ၂၀၂၂ ခုနှစ်တွင် ထုတ်လုပ်ခဲ့သော တင့်ကားအရေအတွက်ထက် ပိုများသည်ဟု ၎င်းကထပ်လောင်းပြောကြားခဲ့သည်။ ရုရှားသည် တစ်စိတ်တစ်ပိုင်းအားဖြင့် များစွာသောသိုလှောင်မှုမှ ထုတ်ယူခဲ့ခြင်းကြောင့် တစ်လလျှင် တင့်ကားအစီး ၁၀၀ နှုန်းဖြင့် ပြန်လည်ဖြည့်တင်းနိုင်ခဲ့သည်ဟုဆိုသည်။

ယေဘုယျအားဖြင့် ဂျိဂါရစ်ချ်က ရုရှား၏ တင့်ကားအင်အားကို နောက်ထပ်နှစ်နှစ်မှ သုံးနှစ်ခန့် ဆက်ထိန်းထားနိုင်မည်ဟု ခန့်မှန်းခဲ့သည်။ ယူကရိန်းသည် တင့်ကားများနှင့် အခြားစစ်လက်နက်ပစ္စည်းများအတွက် ကြီးမားသောဆုံးရှုံးမှုကိုကြုံတွေ့ခဲ့ရသော်လည်း ၎င်းတို့သည် အနောက်တိုင်းလက်ဆောင်များဖြင့် ယခုအချိန်ထိ ကောင်းမွန်နေခဲ့သည်။ သို့သော်လည်း အမေရိကန်အောက်လွှတ်တော်မှတစ်ဆင့် အထက်လွှတ်တော်ကပေးပို့သည့် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံတန်ဖိုးရှိ စစ်ဘက်ဆိုင်ရာအကူအညီပေးရေးအစီအစဉ်ကို ရီပတ်ဘလစ်ကန်များက ပိတ်ဆို့ထားသောကြောင့် ယူကရိန်းကိုထောက်ခံရန် အနောက်အုပ်စုက ဆုံးဖြတ်ရေးလိုအပ်သည်ဟု ၎င်းကဆိုသည်။

**ဟားမတ်စ်-အစ္စရေးတို့၏ ဂါဇာပဋိပက္ခ**

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တိုက်ခိုက်မှုကိုတုံ့ပြန်မှုဖြစ်သည့် စစ်ဆင်ရေး၏ပြီးဆုံးမှုနှင့် ၎င်း၏ဖြစ်နိုင်သည့် အလုံးစုံရည်မှန်းချက်နှင့်ပတ်သက်၍ မေးခွန်းထုတ်မှုများရှိနေသည်။ ဟားမတ်စ် အသေအပျောက်ပမာဏသည် စုစုပေါင်းတိုက်ခိုက်ရေးသမားအရေအတွက်၏ ၂၀ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းကြားရှိနေသည်။ စစ်ပွဲတွင် အစောပိုင်းတိုက်ခိုက်ခဲ့သည့် ဂါဇာမြောက်ပိုင်းဒေသများသို့ တိုက်ခိုက်ရေးအဖွဲ့များပြန်လည်ရောက်ရှိလာခြင်းသည် အစ္စရေး၏အမြင့်ဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဟားမတ်စ်များကိုဖျက်ဆီးခြင်းသို့ အရောက်လှမ်းရန် ခက်ခဲခြင်းကို သရုပ်ပြနေသည်။ ယီမင်ရှိ ဟူသီပစ်မှတ်များကို အမေရိကန်နှင့် ဗြိတိန်တို့က သုံးကြိမ်တိုင်တိုင် ဗုံးကြဲတိုက်ခိုက်ခြင်းသည် ပင်လယ်နီအတွင်းလေယာဉ်တင်သင်္ဘောများကိုတိုက်ခိုက်ရာတွင် ဟူသီအဖွဲ့စွမ်းရည်ကို သိသိသာသာကျဆင်းစေခဲ့သည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ဒရုန်းများနှင့် ဒုံးကျည်ပစ်လွှတ်မှုများကို အလွယ်တကူဝှက်ထားနိုင်ခြင်းကြောင့်ဖြစ်သည်။

ဗုံးကြဲတိုက်ခိုက်သည့်လှုပ်ရှားမှုကို အပြည့်အဝလုပ်ဆောင်နိုင်ခြင်းမရှိသေးဟု နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးဌာန (IISS)ရေကြောင်းလုံခြုံရေးလေ့လာသုံးသပ်သူ နစ်ရှိုင်းလ်က ပြောကြားခဲ့သည်။ နောက်ထပ် ခြိမ်းခြောက်မှုရှိ၊ မရှိ၊ သို့မဟုတ် ဟူသီများက လက်နက်များစုဆောင်းရန် ကြိုးပမ်းနေခြင်းရှိ၊ မရှိ မေးခွန်းထုတ်စရာများရှိကြောင်း၊ ကုန်တင်သင်္ဘော ကုမ္ပဏီများကြားတွင် ယုံကြည်မှုများ ပြန်မရနိုင်သေးကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့၏ ကာကွယ်ရေးအသုံးစရိတ်**

ယေဘုယျအားဖြင့် အမေရိကန်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၀၅ ဒသမ ၅ ဘီလီယံဖြင့် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးအသုံးစရိတ်အများဆုံးအဖြစ် ဆက်လက်တည်ရှိနေသည်။ တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၃၁ ဘီလီယံဖြင့် ဒုတိယဖြစ်ပြီး ရုရှားသည် အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ၅ ဘီလီယံဖြင့် တတိယဖြစ်သည်။ မကြာသေးမီက ကြီးမားသောစစ်ပွဲကို ဆင်နွှဲနိုင်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေသော်လည်း ဗြိတိန်သည် ကမ္ဘာ့အဆင့် ၅ နေရာတွင်ရပ်တည်နေပြီး ဂျာမနီက အဆင့် ၇ နှင့် ပြင်သစ်ကအဆင့် ၈ နေရာတွင် ရပ်တည်နေသည်။ ဥရောပရှိ NATO အဖွဲ့ဝင်အားလုံးသည် ၂၀၁၄ ခုနှစ်မှစ၍ ကာကွယ်ရေးအသုံးစရိတ်အတွက် ၃၂ ရာခိုင်နှုန်းပိုမိုသုံးစွဲခဲ့ကြသော်လည်း ၎င်းတို့အနက် နိုင်ငံ ၂၀ သည် GDP ၏ နှစ်ရာခိုင်နှုန်းကျော်သာ သုံးစွဲခဲ့သည်ဟု မဟာမိတ်တို့၏ အချက်အလက်များအရ သိရသည်။

တစ်ချိန်က ကာကွယ်ရေးအသုံးစရိတ်အနည်းငယ်သာသုံးစွဲခဲ့သော ဂျပန်၊ ဂျာမနီကဲ့သို့သောနိုင်ငံများက ကာကွယ်ရေးအသုံးစရိတ်များ သိသိသာသာတိုးမြင့်လာခြင်းကလည်း စစ်ရေးကိုဦးစားမပေးသည့်နိုင်ငံများက စစ်ရေးပြန်လည်တည်ဆောက်မှုကိုပြသနေသည်။ ဂျပန်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၇ ဘီလီယံ၊ ၂၀၂၄ ခုနှစ်တွင် ၅၆ ဘီလီယံနှင့် ၂၀၂၇ ခုနှစ်တွင် ၆၂ ဒသမ ၅ ဘီလီယံထိသုံးစွဲရန် အတည်ပြုထားပြီးဖြစ်သည်။ မကြာသေးမီက ဂျာမနီအစိုးရသည် ၂၀၂၄ ခုနှစ်အတွက် စုစုပေါင်းကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၄၁ ဘီလီယံကိုကြေညာခဲ့ရာ ၎င်းသည် ယခင်နှစ်ထက် ၃၀ ရာခိုင်နှုန်းခန့်မြင့်မားခဲ့သည်။ ၎င်းသည် NATO ၏ ကာကွယ်ရေးအသုံးစရိတ် သတ်မှတ်ချက်နှင့်ကိုက်ညီကာ GDP ၏ နှစ်ရာခိုင်နှုန်းဖြင့် ဂျာမနီကာကွယ်ရေးအသုံးစရိတ်အတွက် အမြင့်ဆုံးစံချိန်တင်ခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှအတွင်းရှိ ဘရူနိုင်းနိုင်ငံသည်ပင် လာမည့် ၂၀၂၄ ခုနှစ်အတွက် ၎င်း၏အကြီးဆုံးကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၇၉၆ ဒသမ ၃ သန်းကိုလက်ခံရရှိရန် စီစဉ်ထားကြောင်း တွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် ကမ္ဘာ့ဒေသများ၏ လုံခြုံရေးအခြေအနေများ ပြောင်းလဲဖြစ်ပေါ်နေမှုများသည် ကမ္ဘာ့နိုင်ငံ တပ်မတော်များ၏ ကာကွယ်ရေးအသုံးစရိတ်များတိုးမြှင့်မှုနှင့် တိုက်ရိုက်အချိုးကျနေသည်ဟုပင်ဆိုနိုင်သည်။ အာရှဒေသအတွင်း၌ ကိုရီးယားကျွန်းဆွယ်အရေး၊ တောင်တရုတ်ပင်လယ်အရေး၊ အရှေ့အလယ်ပိုင်းရှိ ဂါဇာစစ်ပွဲနှင့် ဥရောပရှိ ရုရှား-ယူကရိန်းပဋိပက္ခတို့သည် ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ်များတိုးမြင့်စေသည့် မောင်းနှင်အားများဖြစ်သည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မည်သည့်အသံကောင်းများ ဟစ်နေသည့်တိုင် အင်အားကြီးနိုင်ငံများကိုယ်တိုင် ကာကွယ်ရေးအသုံးစရိတ်ကို ဦးဆောင်မြှင့်တင်လျက်ရှိသည်ကို ထင်ရှားစွာမြင်တွေ့ရလျက်ရှိသည်။ သို့ဖြစ်၍ ကာကွယ်ရေးအသုံးစရိတ်များတိုးမြှင့်မှုနှင့်အတူ လက်နက်အပြိုင်တပ်ဆင်ခြင်းနှင့် လုံခြုံရေးအခြေအနေ ရှုပ်ထွေးမှုများ ပိုမိုတိုးမြင့်လာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**❖ ကမ္ဘာ့ဒေသများ၏ လုံခြုံရေးအခြေအနေများ ပြောင်းလဲဖြစ်ပေါ်နေမှုများသည် ကမ္ဘာ့နိုင်ငံတပ်မတော်များ၏ ကာကွယ်ရေးအသုံးစရိတ်များတိုးမြှင့်မှုနှင့် တိုက်ရိုက်အချိုးကျနေသည်ဟုပင်ဆိုနိုင်သည်။ အာရှဒေသအတွင်း၌ ကိုရီးယားကျွန်းဆွယ်အရေး၊ တောင်တရုတ်ပင်လယ်အရေး၊ အရှေ့အလယ်ပိုင်းရှိ ဂါဇာစစ်ပွဲနှင့် ဥရောပရှိ ရုရှား-ယူကရိန်းပဋိပက္ခတို့သည် ကမ္ဘာ့ကာကွယ်ရေးအသုံးစရိတ်များ တိုးမြင့်စေသည့် မောင်းနှင်အားများဖြစ်သည်ကို တွေ့ရှိရသည်။ ❖**

**ကိုးကား**

- **the guardian.com/global defence spending rises 9 percent to record 22tndollars,**

# စလင်းမြို့နယ် နေပူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း မတ် ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျပင်းကျေးရွာအုပ်စု နေပူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို မတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နေပူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

နေပူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၉ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၃ သန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို ငွေကျပ် ၅၀ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းမိုး**

# သူ့ကိုမှ ချစ်မိသည် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲပြုလုပ်



**ရန်ကုန် မတ် ၁၃**

LOVE TV မှ ရိုက်ကူးထုတ်လုပ်မည့် သူ့ကိုမှချစ်မိသည် ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို မတ် ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် ကျိုက္ကစံစေတီတော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်မည့် သရုပ်ဆောင် မေမီကိုကိုက ပြောပြ၍ သိရသည်။

သူ့ကိုမှ ချစ်မိသည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို Skyward Art Team က ရေးသားထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို ကိုဆက်က ရေးသားထားကာ ဒါရိုက်တာ ကိုဆက်က LOVE TV အတွက် တာဝန်ယူပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"မေမီနဲ့ လိုက်ဖက်လို့ ဒါရိုက်တာ ကိုဆက်က ကမ်းလှမ်းတယ်။ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးပါ။ ငယ်ဘဝမှာ ကွဲသွားတာလေး တွေပါမယ်။ ငယ်ဘဝ ဆယ်ကျော်သက်ဇာတ်ရုပ်အတွက်လဲ သရုပ်ဆောင်တွေကို သေချာရွေးချယ်ပြီး ရိုက်ကူးမဲ့ဇာတ်ကားလေးပါ။ မေမီက ဗီလိန်ဇာတ်လေးပါ။ ကိုယ်အောင်မြင်ဖို့အတွက် ဘာမဆိုလုပ်တဲ့ မိန်းကလေးပါ။ တစ်ခါတလေ ဒီလိုဗီလိန်ဇာတ်ကောင်တွေကို သဘောကျမိတယ်။ မေမီ့ ကိုဒီဇာတ်လမ်းတွဲမှာ ကာရိုက်တာအသစ်နဲ့ မကြာခင်မြင်ရမှာပါ" ဟု သရုပ်ဆောင် မေမီကိုကိုက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ချမ်းမင်းရဲထွဋ်၊ ညိမ်းသော်၊ မေမီကိုကို၊ သံသာညီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး မတ် ၁၅ ရက်မှစတင်ကာ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်းသိရသည်။

ASH

# ဖိုးဘီးမဂ္ဂဇင်း၏အနုပညာကြေးအမြင့်ဆုံး သရုပ်ဆောင်များစာရင်း(၂၀၂၃)တွင် အဒမ်ဆင်းဒလား နံပါတ်(၁)နေရာ၌ ရပ်တည်

**နယူးယောက် မတ် ၁၃**

အမေရိကန်နိုင်ငံအခြေစိုက် ဖိုးဘီးမဂ္ဂဇင်း၏ အနုပညာကြေးအမြင့်ဆုံး သရုပ်ဆောင်များစာရင်း (၂၀၂၃) တွင် မင်းသား အဒမ်ဆင်းဒလားက နံပတ်(၁)နေရာ၌ရပ်တည်နေကြောင်း မတ် ၁၂ ရက် သတင်းများအရ သိရသည်။

မင်းသား အဒမ်ဆင်းဒလားသည် ၂၀၂၃ ခုနှစ်အတွင်း Netflix ရုပ်ရှင်ကုမ္ပဏီနှင့် ရယူထားသည့် သဘောတူညီချက်များမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၇၃ သန်းထိ ဝင်ငွေရှိခဲ့သည်။

မင်းသား အဒမ်ဆင်းဒလားသည် မင်းသမီး မားဂေါ့ရော့ဘီနှင့် မင်းသား တွမ်ခရုစ်တို့ကိုကျော်ဖြတ်၍ အနုပညာကြေးအမြင့်ဆုံးသရုပ်ဆောင်များစာရင်း၏ နံပါတ် (၁) နေရာတွင် ရပ်တည်နေခြင်းဖြစ်သည်။

ဖိုးဘီးမဂ္ဂဇင်း၏ အနုပညာကြေးအမြင့်ဆုံး သရုပ်ဆောင်များစာရင်းတွင် မင်းသမီး မားဂေါ့ရော့ဘီက ဝင်ငွေအမေရိကန်ဒေါ်လာ ၅၉ သန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး မင်းသား တွမ်ခရုစ်၊ ရိုင်ယန်ဂိုးစလင်းနှင့် မက်ဒါမွန်တို့ကမူ တတိယ၊ စတုတ္ထနှင့် ပဉ္စမနေရာများ၌ အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO




# ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ မင်္ဂလာအောင်ဆင်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ တင်ပို့သွားမည်

**ပဲခူး မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး ပန်းပုဈေးကွက်မှ မင်္ဂလာအောင်ဆင်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များသို့ တင်ပို့သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရွှေယမင်းမြန်မာပန်းပုလုပ်ငန်းပိုင်ရှင် ဒေါ်အေးအေးမော်က ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များသို့ အမြင့် ၁၄ လက်မ၊ အလျားကိုးလက်မ၊ ဒု လေးလက်မ အရွယ်အစား မလေးရှားပိတောက်သားဖြင့် ထုလုပ်ထားသည့် မင်္ဂလာအောင်ဆင်ရုပ်များကို တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။



"ကျွန်မတို့ ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းကနေပြီးတော့ အခုလအတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးက အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင် ၁၀ ဆိုင်လောက်က မှာယူထားတဲ့အတွက် မင်္ဂလာအောင်ဆင်ရုပ်တွေကို ထုလုပ်နေပါတယ်။ အခုထုလုပ်နေတာတော့ ဒီဇိုင်းသစ်ဖြစ်ပါတယ်"ဟု ဒေါ်အေးအေးမော်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင် ပစ္စည်းအရောင်းဆိုင်များသို့တင်ပို့ရန် မင်္ဂလာအောင်ဆင်ရုပ် ၅၀ ခန့်ကို ထုလုပ်လျက်ရှိပြီး ဈေးနှုန်းမှာ ဖြန့်ချိဈေး မင်္ဂလာအောင်ဆင်ရုပ်တစ်ရုပ်လျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဖြစ်ကြောင်း သိရသည်။ ASH

# Watch Dogs ဇာတ်ကားတွင် မင်းသမီး ဆိုဖီဝိုင်း သရုပ်ဆောင်မည်

**နယူးယောက် မတ် ၁၃**

New Regency ရုပ်ရှင်ကုမ္ပဏီ၏ Watch Dogs ဇာတ်ကားတွင် Talk To Me မင်းသမီး ဆိုဖီဝိုင်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မတ် ၁၂ ရက် သတင်းများအရ သိရသည်။

Watch Dogs ဇာတ်ကားသည် Ubisoft ကုမ္ပဏီ၏ Watch Dogs ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် Watch Dogs ဇာတ်ကား၏ ဇာတ်လမ်း ဇာတ်အိမ်အသေးစိတ်ကို New Regency ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Watch Dogs ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ခရစ္စတီးလီဘလန့်က ရေးသားပေးထားပြီး အဆိုပါ ဇာတ်ကားကို ပြင်သစ်ဒါရိုက်တာ မက်သရူးတူရီက ရိုက်ကူးပေးမည်ဖြစ်သည်။

လက်ရှိတွင် Watch Dogs ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း စတင်မည့်ရက်နှင့် ရုံတင်ပြသမည့် ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဟန်နီကယ် ရုပ်ရှင်ဇာတ်ကား မိတ်ဆက်ပွဲ ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်

**ရန်ကုန် မတ် ၁၃**

မုတ်သုံ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးသည့် ဟန်နီကယ် ရုပ်ရှင် ဇာတ်ကားမိတ်ဆက်ပွဲကို မတ် ၁၂ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခင်လှိုင်က ပြောပြ၍ သိရသည်။




ဟန်နီကယ် ရုပ်ရှင်ဇာတ်ကားသည် ညာလက်တော်၏ ဝတ္ထုဇာတ်လမ်းကို မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ကိုဇော်(အရူးဏ်ဦး)နှင့် တွဲဖက်ဒါရိုက်တာ အိ(အရူးဏ်ဦး)တို့က မုတ်သုံရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားထဲမှာ တက်တူးဆရာ ကိုဇ နေရာကနေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ ဇာတ်လမ်းလေးက အချစ်ဟာသဇာတ်မြူးလေးပါ။ ချစ်သူနှစ်ယောက်ရှိတာပေါ့။ ပရိသတ်ကြည့်ရင် ရယ်မောရမှာပါ။ ပထမ ဟန်နီကယ်ဆိုတော့ အရက်နာမည် ဘီယာနာမည်ထင်နေကြတာ။ တကယ်ကတော့ ဟန်နီက အမြဲတမ်းလိုက်ကယ်နေရလို့ ဟန်နီကယ်လို့ နာမည်ပေးထားတာပါ"ဟု သရုပ်ဆောင် ခင်လှိုင်က ပြောပြသည်။

ဟန်နီကယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်း၊ ထူးအောင်၊ အောင်ရဲလင်း၊ ခင်လှိုင်၊ မေမြင့်မိုရ်၊ လင်းလင်း၊ ရွှေပုဏ္ဏမီကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Photos of Shwedagon Pagoda in successive eras to be displayed on 29 March


A photo from a long time ago shows the Shwedagon Pagoda in Yangon.

**Yangon March 13**

U Htay Hlaing, member of Shwedagon Pagoda Board of Trustees, said that a plan is underway to display photos of Shwedagon Pagoda in successive eras at the gallery on 29 March.

More than 200 photos of Shwedagon Pagoda will be put on display at the gallery from 29 March to 7 April at Chanthagyi prayer hall on the platform of the pagoda.

"Some 200 photos of the pagoda taken since the time when the camera had been innovated to date will be displayed at the gallery. Visitors can observe costumes of Myanmar, religious obeisance, nature of Myanmar in early colonial era at the gallery. Moreover, people can study how Shwedagon Pagoda was protected by Myanmar in the colonial era. These photos are from the archive chamber of the pagoda, documentaries of board of trustees and from the people on social networks," he explained.

These photos will retell scenes of religious edifices from 1800 to daye, and people's reverence to the religion. ASH

# China asks EU to uphold idea of common security

**New York March 13**

A Chinese envoy on Tuesday asked the European Union (EU) to uphold the idea of common security.

Geng Shuang, China's deputy permanent representative to the United Nations, made the appeal at a Security Council meeting on UN-EU cooperation.

China supports UN-EU cooperation in accordance with the purposes and the principles of the UN Charter, with a view to making greater contributions to the maintenance of international peace and security, enhancing the well-being of humanity, and addressing global challenges. China expects such cooperation to be guided by the principles of true multilateralism, common security, and a common future for mankind, said Geng.

"As an advocate of multilateralism, the EU should take the lead in upholding the purposes and the principles of the UN Charter, respecting international law and universally recognized basic norms of international relations, defending the multilateral system with the United Nations at its core, and promoting solidarity and progress among nations under the banner of multilateralism," he said.

Xinhua

# MAI to stretch its wings to Chiang Mai, Vientiane, Dhaka in 2024

**Yangon March 13**

Acting Chief Executive Officer and Chief Commercial Officer Mr. Tanes Kumar of Myanmar Airways International disclosed that MAI will operate more new international flights to Chiang Mai, Vientiane and Dhaka this year.

MAI will run international flights to Chiang Mai evert Wednesday, Friday and Sunday on a weekly basis from 3 April and to Vientiane of Laos on Tuesdays and Thursdays starting from 4 May 2024.

Moreover, the airlines will manage flights to Dhaka of Bangladesh on Wednesdays and Sundays starting from 8 May and Doha of UAE on Tuesdays and Saturdays beginning 1 June.

Mr Tanes Kumar unveils, "MAI will operate 21 new international flights in 2024 including to Chiang Mai, Vientiane and Dhaka. Moreover, it will increase more flight numbers to Dubai, Guangzhou and Don Mueang airports. The airlines will serve the passengers for their faithfulness to the services of airlines."

Moreover, the airlines is running flights from Yangon to Kunming daily, to Bangkok six times a week and to Pukhet every Monday. Meanwhile, the airlines arrange new flights to Lashio, Loikaw, Nay Pyi Taw, Kalay and Khamti as well as Homalin and Mawlamyine. ASH


A plane from MAI.

# News Analysis: Türkiye's stubborn inflation fuels calls for further rate hikes

**Ankara March 13**


As inflation is soaring in Türkiye, the central bank's decision to halt monetary tightening is called into question while policymakers ask for patience, saying prices will drop this year.

Official data released on March 4 showed Türkiye's annual inflation rate climbed to 67.07 percent in February, exceeding market expectations, amid substantial rises in prices of food items ahead of the Muslim holy month of Ramadan.

The strong figures fuel concerns that Türkiye's central bank, which indicated in January that its months-long rate-hiking cycle was over, may have to return to tightening.

Following a policy reversal in mid-2023, the bank has hiked interest rates by 3,650 basis points. It said the current 45 percent policy rate is sufficient to bring inflation down.

Some economists and banks have expressed a growing prospect of more policy steps to cool inflation after municipal elections on March 31, given the price pressure and strong domestic demand. Xinhua


People withdraw money from ATMs in Ankara, Türkiye, on March 12, 2024.

# Monywa District completes cultivation of winter chilli on 1,766 acres of croplands

**Monywa March 13**

According to the statistics of Monywa District Agriculture Department, a total of 1,766 acres of croplands have been placed under chilli in Monywa District of Sagaing Region this winter.

In 2023-24 financial year, the district earmarked cultivation of chilli on 1,959 acres of croplands. So far, 1,766 acres of chilli has been cultivated in the district.

Daw San San Myint, Head of Monywa District Agriculture Department said, "We planned to grow 1,959 acres of chilli this winter but local farmers have planted 1,766 acres. Our department helps local farmers grow chill on a commercial scale."

In Monywa District, Monywa Township planted 428 acres of chilli, Budalin Township 216 acres, Ayadaw Township 27 acres and ChaungU Township 995 acres.

According to the plans, Monywa Township planned to grow 612 acres of chilli, Budalin Township 279 acres, Ayadaw Township 38 acres and ChaungU Township 1,030 acres.

Staff members of relevant agriculture departments assist local farmers in getting high yield of crop and grasping market shares for crops and preventing pests.

Cultivation of chilli costs K1,5 million per acre. Chilli can be plunked once every 15 days for six months. It yields 100 viss of chilli per acre, and then 500 viss per acre. 206

# Plans underway to erect 160 navigation signs along Mandalay-Thaphangon-Ywathitgyi water course in March


A navigation sign being erected on the Ayeyawady River beach.

**Mandalay March 13**

U Ye Tun Lin Aung, assistant director of Water Navigation Section of Mandalay Region Department of Water Resources and Improvement of River Systems, said that a total of 160 navigation signs would be posted in the water and on the banks of along Mandalay-Thaphangon-Ywathitgyi water course of Ayeyawady River this month.

A total of 160 navigation signs — 80 signs in the river and 80 more signs on the banks — will be erected along the course for safely drive of vessels this month.

"As water level of Ayeyawady River declines at present, sandbanks emerge, changing water courses.

Some of navigation signs erected in February ruined. So, larger number of signs will be posted along the water course in March," he explained.

Currently, water level of the river reaches the warning point. As such, passenger and cargo ships have to take care of driving in the river by checking navigation signs near the villages where sandbanks emerge at a time when the water level of Ayeyawady River declines. 184

# More than 1,000 items of foodstuffs, personal goods allowed to take laboratory tests

**Mandalay March 13**

In order to emerge manageable-scale businesspersons in Mandalay Region, more than 1,000 items of foodstuffs and personal goods are allowed to take laboratory tests, said U Win Bo, director of Mandalay Region Small-Scale Industries Department.

This financial year, a plan was adopted to conduct 620 items of goods produced by manageable-scale businesses at the laboratory. So far, the laboratory has given chemical laboratory tests to more than 520 items of foodstuffs, personal goods and cosmetics and microbiological tests to more than 500 foodstuffs, personal goods and cosmetics, totalling more than 1,000.

He explained, "Our department conducts two tests for products of businesspersons. After tests, we allow the products in conformity with the prescribed disciplines. It aims to emerge businesspersons in financial year. On the other hand, businesspersons have to take laboratory tests for their products to be distributed to the market without fail."


Staff taking lab tests on food samples.

In financial years, the laboratory tests are aimed at preventing chemical drugs in the products of businesspersons not to harm consumers in the region and penetrate the safe and quality foodstuffs and personal goods into the market.

185

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyaiklat Township ships 450,000 fresh areca nuts to Yangon market in February

**Kyaiklat March 13**

A total of 450,000 fresh areca nuts were sent by Kyaiklat Township of Pyapon District in Ayeyawady Region to Yangon market in February, said Daw Myint Myint Maw, owner of areca nut depot in Kyaiklat Township.

Local horticultural farmers in Kyaiklat Township sent 450,000 fresh areca nuts to Yangon market in February, compared with 350,000 areca nuts in January. It fetches K5,500 per 100 nuts.

Daw Myint Myint Maw said, "We ship stocks to Yangon market due to high demand from abroad. So, such kinds of nut must be quality. At present, it fetches K5,500 per 100 areca nuts. Due to high demand in Yangon market, those at areca plant farms can operate their businesses with convenient process."

Merchants go right down to the horticultural farms of areca plants in Kyaiklat Township so as to purchase areca nuts. They systematically package the stocks to be distributed to Yangon market which also ships the stocks to other regions.

Kyaw Kyaw Lin


Areca nuts being put into bags.

# Cucumber from Myinmu, Nyaungbinwun in high demand at domestic market

**Mandalay March 13**

Cucumber from Myinmu and Nyaungbinwun regions which flow into Thiri Marlar green grocery market in Aungmyethazan District of Market is in high demand, according to the commodity depots at the market.

Some five to six truckloads of cucumber from Myinmu and Nyaungbinwin regions flow into Thiri Marlar green grocery market in Aungmyethazan District on a daily basis. At present, cucumber is traded at K25,000 to K26,000 per bag containing some 100 fruits, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"Currently, farmers grow cucumber depending on weather. But, all regions except Myinmu and Nyaungbinwun regions do not produce cucumber yet. All green groceries are in high trade," he explained.

Moreover, other crops such as potato, white mustard, tomato, cabbage, chilli, gold bean, eggplant, chickpea and cauliflower are also marketable in Mandalay. Trucks of green groceries flow into Mandalay as usual. 185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကိုအားကောင်းစေရန် အဇာဘိုင်ဂျန်နိုင်ငံက အစ္စရေး၏ Sky Dew ရေဒါပူဖောင်းဝယ်ယူ



အဇာဘိုင်ဂျန်နိုင်ငံပိုင် Aze.Media သတင်းမီဒီယာက ဖော်ပြထားသောကြေညာချက်တစ်ခုအရ မတ် ၁၀ ရက်တွင် အဇာဘိုင်ဂျန်သည် အစ္စရေးနိုင်ငံ ပညာရှင် ဒေါက်တာ Danny Gold နှင့် အမေရိကန်နိုင်ငံ Missile Defense Agency (MDA) တို့၏ ညွှန်ကြားမှုဖြင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အားကောင်းစေရန် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးညွှန်ကြားရေးမှူးရုံး (DDR&D-MAFAT) တို့ပူးပေါင်းတီထွင်ထားသော Sky Dew ဝေဟင်ထောက်လှမ်းမှုရေဒါပူဖောင်းစနစ်ကိုဝယ်ယူရန် သဘောတူညီချက်ရရှိခဲ့ကြောင်း Army Recognition သတင်းဌာနက မတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤရေဒါပူဖောင်းတွင် အသုံးပြုထားသောစနစ်သည် ခရုဇ်ဒုံးကျည်များနှင့် ဒရုန်းများအပါအဝင် ကျယ်ပြန့်သောဝေဟင်ခြိမ်းခြောက်မှုများကို ထောက်လှမ်းခြေရာခံရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အဆိုပါ ရေဒါပူဖောင်းစနစ်သည် အမေရိကန်ကုမ္ပဏီ TCOM ကထုတ်လုပ်သည့် စူးစမ်းလေ့လာရေး ပူဖောင်းတစ်ခုဖြစ်ပြီး အစ္စရေးနိုင်ငံ လေကြောင်းနှင့်အာကာသစက်မှုလုပ်ငန်းစု Israel Aerospace Industries (IAI)၊ ELTA ဌာနခွဲက ထုတ်လုပ်ထားသော ရေဒါစနစ်များ တပ်ဆင်ထားသည်။ ရက်ပေါင်းများစွာ လေထုအတွင်း လွှတ်တင်နိုင်စွမ်းရှိသော မိုးပျံပူဖောင်းသည် အကွာအဝေးကီလိုမီတာ ၂၅၀ ကျော်တွင် ပစ်မှတ် ၅၀၀ ထိ ခြေရာခံထောက်လှမ်းနိုင်သည်။ ဤတိုးမြှင့်ထားသော လေကြောင်းထောက်လှမ်းနိုင်စွမ်းသည် ဝေဟင်ပိုင်နက်ထိန်းချုပ်မှုအပေါ် ခြုံငုံသုံးသပ်နိုင်ခြင်းဖြင့် လက်ရှိကာကွယ်ရေးစနစ်များကိုအားဖြည့်ရန် ရည်ရွယ်သည်။

အထူးသဖြင့် ၂၀၂၂ ခုနှစ် မတ်လကတည်းက လက်ဘနွန်နယ်စပ်ကို စောင့်ကြည့်ရန်အတွက် အစ္စရေးလေတပ်မှ Sky Dew ရေဒါပူဖောင်းစနစ်ကို ဖြန့်ကြက်ချထားခြင်းသည် ဝေဟင်ပိုင်နက်လုံခြုံရေးကို အားကောင်းစေခြင်းတွင် စနစ်၏ ထိရောက်မှုကို သက်သေပြနေသည်။

ယခုဝယ်ယူမှုသည် Barak ဒုံးကျည်စနစ်နှင့် ဂြိုဟ်တုနှစ်စင်းဝယ်ယူမှုအတွက် အစ္စရေးနှင့် ယခင်သဘောတူညီချက်များအပါအဝင် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကိုအဆင့်မြှင့်တင်ရန် အဇာဘိုင်ဂျန်နိုင်ငံအနေဖြင့် ဆက်လက်ကြိုးပမ်းလုပ်ဆောင်နေမှုများ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

Sky Dew ရေဒါပူဖောင်းစနစ်သည် အဇာဘိုင်ဂျန်နိုင်ငံအတွက် မဟာဗျူဟာမြောက် ရည်မှန်းချက်များစွာဖြင့် ဝယ်ယူခဲ့ခြင်းလည်းဖြစ်သည်။ ပထမဦးစွာ ၎င်းသည် ရန်သူ့တိုက်ခိုက်လာနိုင်မှုများကို ပစ်မှတ်သို့ မရောက်ရှိမီ ကြိုတင်ခန့်မှန်းတွက်ချက်နိုင်ခြင်းနှင့် တုံ့ပြန်ချေမှုန်းခြင်းများအတွက် အရေးကြီးသော အကွာအဝေးအတွင်း ဝေဟင်ခြိမ်းခြောက်မှုများကို စောစီးစွာကြိုတင်ထောက်လှမ်း၊ သတိပေးနိုင်စွမ်းကို ပိုင်ဆိုင်ထားနိုင်စေမည်လည်းဖြစ်သည်။ ခေတ်သစ်ပဋိပက္ခများတွင် ဒရုန်းများ သို့မဟုတ် ထောက်လှမ်းရေးအတွက် ဒရုန်းများကို တိုးမြှင့်အသုံးပြုနေကြခြင်းကြောင့် Sky Dew ရေဒါပူဖောင်းစနစ်ကဲ့သို့ ကြိုတင်သတိပေး ထောက်လှမ်းနိုင်မှုစွမ်းရည်သည် အထူးအရေးကြီးလှသည်။

ထို့ပြင် Sky Dew ရေဒါပူဖောင်းစနစ်ကို နိုင်ငံ၏လေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် ပေါင်းစည်းခြင်းဖြင့်၊ အဇာဘိုင်ဂျန်သည် အခြားကာကွယ်ရေးစွမ်းအားစုများကိုပါ လွှမ်းခြုံကာကွယ်စောင့်ရှောက်နိုင်ပြီး အခြေအနေစောင့်ကြည့်ထောက်လှမ်းနိုင်မှုများ တိုးမြှင့်လုပ်ဆောင်နိုင်သည်။ ဝေဟင်ခြိမ်းခြောက်မှုများအပေါ် တန်ပြန်ဆောင်ရွက်ရာတွင် ညှိနှိုင်းဆောင်ရွက်နိုင်ခြင်းဖြင့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များနှင့် အခြားသော တန်ပြန်စနစ်များ၏ တိုက်ပွဲဝင်ထိရောက်မှုကိုပါ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

**Azerbaijan to strengthen air defense capabilities with Israeli Sky Dew radar balloon ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားတပ်ဖွဲ့များက ကရိုင်းမီးယားတွင် အီရန်ထုတ် Mohajer-6 ဒရုန်းများဖြန့်ကြက်ချထား

မတ် ၈ ရက်တွင် ဗြိတိသျှစစ်တပ်ထောက်လှမ်းရေးဌာနသည် ကရိုင်းမီးယား၌ ရုရှားနိုင်ငံက အီရန်နိုင်ငံထုတ် Mohajer-6 ဒရုန်းများကို မဟာဗျူဟာမြောက်တိုက်ပွဲဝင်ဖြန့်ကြက်ချထားမှုနှင့် ပတ်သက်၍ အရေးကြီးသောသတင်းအချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့သည်ဟု Army Recognition သတင်းဌာနက မတ် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုအချက်သည် ပင်လယ်နက်ဒေသရှိ ရုရှားရေတပ် ပိုင်ဆိုင်မှုများအပေါ် ယူကရိန်းတပ်ဖွဲ့များ၏ ပြင်းထန်သော တိုက်ခိုက်မှုကို တိုက်ရိုက်တုံ့ပြန်မှုတစ်ခုအဖြစ်ရှုမြင်နိုင်ပြီး နှစ်နိုင်ငံရေကြောင်းထိပ်တိုက်တွေ့ဆုံမှုများတွင် တင်းမာမှုတိုးမြင့်လာသည်ကို မီးမောင်းထိုးပြနေခြင်းလည်းဖြစ်သည်။

ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေး၊ ပစ်မှတ်စိစစ်ခွဲခြားဖော်ထုတ်ရေးနှင့် ကင်းထောက်လှမ်းရေး (ISTAR) မစ်ရှင်များအတွက် ဒီဇိုင်းထုတ်လုပ်ထားသော Mohajer-6 ဒရုန်းများသည် လေဟုန်စီးပဲ့ထိန်းမဲ့ ခဲယမ်း၊ ဗုံးများချိတ်ဆွဲတပ်ဆင်၍ ဝေဟင်မှမြေပြင်စစ်ဆင်ရေးများကို အောင်မြင်စွာလုပ်ဆောင်နိုင်စွမ်းရှိကြသည်။ ၎င်းတို့ကိုတပ်ဖြန့်ချထားမှုသည် ယူကရိန်းတပ်ဖွဲ့များ၏ မကြာသေးမီက ရန်လိုသည့်လုပ်ရပ်များဖြင့် အကြမ်းဖက်တိုက်ခိုက်လာသည့် ခြိမ်းခြောက်မှုများကို ဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေရန် ရုရှားစစ်ဘက်၏ကြိုးပမ်းမှုလုပ်ဆောင်ချက်များပင်ဖြစ်သည်။ အဆိုပါဒရုန်းများကို ရုရှားရေတပ်တပ်ဖွဲ့များအပေါ် ဖြန့်ကြက်မှုသည် အနောက်တောင်ဘက် ယူကရိန်းကမ်းရိုးတန်းကို ပစ်မှတ်ထားစစ်ဆင်ရမည့် ရုရှားစစ်ဘက်၏ စစ်ဆင်ရေးဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ရန်အတွက် မဟာဗျူဟာမြောက် ထည့်သွင်းစဉ်းစားတပ်ဖြန့်ချထားခြင်းဖြစ်နိုင်သည်။

အဆိုပါအဆင့်မြင့်ဒရုန်းများကို ဆက်လက် အသုံးပြုခြင်းသည် ခေတ်သစ်စစ်ပွဲများတွင် ထောက်လှမ်းခြင်းနှင့်ထိုးစစ်စွမ်းရည်များရောယှက်ပေးသည့် မောင်းသူမဲ့စနစ်များ၏ အရေးပါသောအခန်းကဏ္ဍကို အလေးပေးဖော်ပြနေသည်။

အီရန်နိုင်ငံထုတ် Mohajer-6 ဒရုန်း၏ ပျံသန်းစစ်ဆင်နိုင်မှုအကွာအဝေးသည် အမြင့်ပေ ၁၀၀၀၀ (၃၀၄၈ မီတာ) တွင် ခန့်မှန်းခြေအားဖြင့် ကီလိုမီတာ ၂၀၀ သာရှိပြီးအချိန်နှင့် တစ်ပြေးညီတာဝန်ထမ်းဆောင်နိုင်ရန် Line-of-Sight Control လိုအပ်သည်။

အီရန်နိုင်ငံထုတ် Mohajer-6 ဒရုန်းသည် ပြီးပြည့်စုံသောစောင့်ကြည့်ထောက်လှမ်းမှုနှင့် တိကျသောတိုက်ခိုက်ရေးအခန်းကဏ္ဍများအတွက် အံဝင်ခွင်ကျဖြစ်အောင် အဆင့်မြင့်ဒီဇိုင်းနှင့် ဆန်းပြားသော နည်းပညာဆိုင်ရာအင်္ဂါရပ်များကို ပေါင်းစပ်အသုံးပြုထားသည်။ ဒရုန်း၏ ဒီဇိုင်းသည် လည်ပတ်မှုအကွာအဝေးနှင့် ဝန်တင်ဆောင်နိုင်မှုကြား ဟန်ချက်ညီစေရန်အတွက် တောင်ပံအလျား ၁၀ မီတာ၊ ဒရုန်းကိုယ်ထည် အရှည် ၅ ဒသမ ၆၇ မီတာ၊ အများဆုံးဝန်တင်ဆောင်နိုင်မှုအလေးချိန် ကီလိုဂရမ် ၄၀ ဖြင့် အာရုံခံကိရိယာများနှင့် လက်နက်မျိုးစုံ တပ်ဆင်နိုင်သည်။ ဒရုန်းသီးသန့်အလေးချိန်မှာ ကီလိုဂရမ် ၄၅၀ ရှိပြီး အများဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ကီလိုဂရမ် ၆၀၀ ထိ ရှိသည်။ အမြင့်ဆုံးအလျင်နှုန်းတစ်နာရီ ကီလိုမီတာ ၂၀၀ မှ ပုံမှန်အလျင်နှုန်းတစ်နာရီ ကီလိုမီတာ ၁၀၀ ထိ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိသော Mohajer-6 သည် ဘက်စုံအသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ပုံမှန်ဖြည်းဖြည်းမှန်မှန် စောင့်ကြည့်ရေးလုပ်ငန်းများကို တည်တည်ငြိမ်ငြိမ်လုပ်ဆောင်နိုင်သည့်အပြင် လျင်မြန်သောတုံ့ပြန်မှုနှင့် ပြန်လည်နေရာချထားခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်စွမ်းရှိမည်ဖြစ်သည်။



Mohajer-6 ဒရုန်းသည် ၎င်း၏ တတိယမျိုးဆက် အမြင်အာရုံနှင့် အနီအောက်ရောင်ခြည် ထောက်လှမ်းရေးကင်မရာများကြောင့် နေ့ရောညပါ လုပ်ဆောင်နိုင်ကာ အများဆုံးအကွာအဝေး ၅၅ ဒသမ ၆ကီလိုမီတာထိ လွှမ်းခြုံထောက်လှမ်းနိုင်စွမ်းရှိသည်။ ထို့ပြင် ၎င်းတွင် အကွာအဝေး ၁၈ ဒသမ ၅ ကီလိုမီတာထိ ပစ်မှတ်ကို တိကျစွာတိုက်ခိုက်နိုင်ရန် လေဆာပစ်မှတ်ရှာဖွေရေးကိရိယာတစ်ခုပါရှိသည်။ ဒရုန်းတွင် လက်နက်တပ်ဆင်နိုင်မှုများအနေဖြင့် Qaem 1 နှင့် Qaem 5၊ Almas ပဲ့ထိန်းခဲယမ်းများ၊ အကွာအဝေးရှစ်ကီလိုမီတာထိ တိုက်ခိုက်နိုင်သော Sadid-345 စီးရီးများကဲ့သို့ ပဲ့ထိန်းဗုံးမျိုးစုံနှင့် ဒုံးကျည်(ရော့ကတ်)များ အသုံးပြုနိုင်သည်။ ၎င်းသည် သမားရိုးကျနှင့် လေဆာလမ်းညွှန် HYDRA 70mm နှင့် Fadak 80mm ရော့ကတ်များကို တပ်ဆင်အသုံးပြုနိုင်ပြီး ခေတ်မီလေကြောင်းစစ်ပွဲအတွက် ကြောက်မက်ဖွယ်ကောင်းသောစွမ်းအားတစ်ခုအဖြစ် တိုးမြှင့်အသုံးပြုနိုင်ကာ စစ်ဆင်ရေးအောင်မြင်မှုတွင် ဘက်စုံစွမ်းရည်နှင့်တိကျမှုတို့က အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။

ယူကရိန်းနှင့် ရုရှားတပ်ဖွဲ့များ နှစ်ဖက်စလုံးက တိုက်ပွဲဝင်အသင့် တိုးမြှင့်ပြင်ဆင်မှုများနှင့်အတူ၊ ခေတ်မီဆန်းသစ်သော နည်းပညာများဖြန့်ကြက်ခြင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏ ပါဝင်ပတ်သက်မှုသည် ဒေသတွင်းနှင့်နိုင်ငံတကာလုံခြုံရေးအတွက် သိသိသာသာသက်ရောက်မှုများနှင့်အတူ ရှုပ်ထွေးသောလှုပ်ရှားမှုများကို ပြသနေလျက်ရှိသည်။ ထိုသို့သော ပဋိပက္ခများတွင် Mohajer-6 ဒရုန်းကဲ့သို့ ခေတ်မီဆန်းပြားသော မောင်းသူမဲ့စနစ်များကိုအသုံးပြုလာခြင်းသည် စစ်ပွဲမဟာဗျူဟာများ၏ စဉ်ဆက်မပြတ် ဆင့်ကဲပြောင်းလဲမှုများနှင့် ခေတ်ပြိုင်စစ်ဆင်ရေးများကို ပုံဖော်ရာတွင် နည်းပညာတိုးတက်ဖွံ့ဖြိုးမှု၏ အရေးပါသောအခန်းကဏ္ဍကို ထင်ရှားစွာ ပြသလျက်ရှိပါတော့သည်။

**Breaking News British Intel: Russia Deploys Iranian Mohajer-6 Drones in Crimea to Counter Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၂၇၆၇ ဧက ရိတ်သိမ်းပြီးစီး



**ငပုတော မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၂၇၆၇ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသည့် ဖူးစားပြောင်း ၂၇၆၇ ဧကကို ဇန်နဝါရီလ တတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာ ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဖူးစားပြောင်း ၂၇၆၇ ဧက စိုက်ပျိုးခဲ့ပါတယ်။ အခုစိုက်ပျိုးခဲ့တဲ့ ဖူးစားပြောင်းဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပြောင်းအထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ မနှစ်ကထက် အထွက်နှုန်းကောင်းပြီး အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကိုလဲ စနစ်တကျ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ် လုပ်ဆောင်ပေးခဲ့တယ်။ ဒါကြောင့် အခုလို အခက်အခဲမရှိ စိုက်ပျိုးရိတ်သိမ်းနိုင်တာပါ" ဟု မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

အဆိုပါ ဖူးစားပြောင်း ၂၇၆၇ ဧကကို ငပုတောမြို့နယ် ကျေးရွာ ၁၈ ရွာမှ ဒေသခံတောင်သူများက အများဆုံး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း) - ဟိုက်ပုလမ်း ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းရယ် မတ် ၁၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း)- ဟိုက်ပုလမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ လားရှိုးခရိုင် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးနေမျိုးမင်းနှင့် တာဝန်ရှိသူများက မိုင်းရယ်မြို့နယ် မန်မိုင် (ခိုင်းယွန်း) - ဟိုက်ပုလမ်း ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းပြသရာ ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ မိုင်းရယ်မြို့နယ် မန်မိုင်(ခိုင်းယွန်း) - ဟိုက်ပုလမ်း အရှည် လေးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မ ကျောက်ခင်းခြင်းလုပ်ငန်းကို ပြည်နယ်ဖြည့်စွက်ရန်ပုံငွေကျပ် ၁၁၁ ဒသမ ၁၂ သန်းဖြင့် မိုင်းရယ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယခုနှစ် မတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသခံပြည်သူများ ရာသီမရွေးသွားလာအသုံးပြုနိုင်မည်ဖြစ်သည့်အပြင် ကျေးရွာများမှထွက်ရှိသောစိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို မြို့ပေါ်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ပုဗ္ဗသီရိမြို့နယ် စက်ကုန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်ကုန်းကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စက်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် သိန်း ၂၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၆၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၄၈ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၂၉ ဦးကို ရန်ပုံငွေကျပ် သိန်း ၃၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နော်လှူး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၃-၃-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မန္တလေး မတ် ၁၃**

၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့တံဆိပ် ခြောက်မျိုးရရှိသည့် ဘွဲ့တံဆိပ်ဆက်ကပ်အပ်နှင်းချီးမြှင့်ခြင်းအခမ်းအနားကို မတ် ၂၄ ရက်တွင် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ကျင်းပမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ယနေ့မွန်းလွဲပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး အနေဖြင့် အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းမှ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ရဟန်းရှစ်ပါး၊ သီလရှင်တစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ရှမ်းပြည်နယ်မှတစ်ပါး အပါအဝင် ရဟန်းခြောက်ပါး၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့ရ ရဟန်းတစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ရ ရဟန်းတစ်ပါး၊ ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ရဟန်းရှစ်ပါးနှင့် သီလရှင်နှစ်ပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ရဟန်းခြောက်ပါးနှင့် သီလရှင်တစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပြီး လူပုဂ္ဂိုလ်အနေဖြင့် သီဟသုဓမ္မမဏိဇောတဓရဘွဲ့ရ တစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ရ တစ်ဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ရ နှစ်ဦး၊ သုဓမ္မသိင်္ဂီဘွဲ့ရ သုံးဦးတို့ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် လစ်ဟင်းမှုမရှိစေရေးစနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက်များ မဖြစ်ပေါ်စေရေးနှင့် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၃**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၂ ပါတီအနက် ဖုံကြာဖူး(ခ) ဦးနေဝင်းမောင် ခေါင်းဆောင်သည့် **ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၂ ပါတီ အနက် ပါတီကိုးပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(စနစ်သစ်)တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူစုစုပေါင်း ၁၂၈၇၀၅ ဦးရှိ

**နေပြည်တော် မတ် ၁၃**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ(စနစ်သစ်) တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၀၅ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၃၀ စာစစ်ဌာနစုစုပေါင်း ၈၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၄၆၅၂၃ ဦးရှိပြီး စာမေးပွဲတတိယနေ့ သင်္ချာဘာသာရပ်တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း၁၂၈၇၀၅ ဦး၊ ပျက်ကွက် ၁၇၈၁၈ ဦးရှိသဖြင့် ဖြေဆိုသူ ၈၇ ဒသမ ၈၄ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

ပူးတွဲ

**အခြေခံပညာဦးစီးဌာန**

**၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး /ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ်-သင်္ချာ ရက်စွဲ၊ ၁၃ - ၃ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေ အတွက် | မြို့နယ် အရေ အတွက် | စာစစ်ဌာန အရေ အတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၂၃၄၉ | ၃၆၅၈ | ၆၀၀၇ | ၂၂၁၆ | ၃၅၃၀ | ၅၇၄၆ | ၁၃၃ | ၁၂၈ | ၂၆၁ | ၉၅.၆၆% | ၄.၃၄% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၈၉၂ | ၁၅၀၄ | ၂၃၉၆ | ၇၈၇ | ၁၃၉၃ | ၂၁၈၀ | ၁၀၅ | ၁၁၁ | ၂၁၆ | ၉၀.၉၈% | ၉.၀၂% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၇၃၀ | ၉၉၃ | ၁၇၂၃ | ၁၅၁ | ၂၅၀ | ၄၀၁ | ၅၇၉ | ၇၄၃ | ၁၃၂၂ | ၂၃.၂၇% | ၇၆.၇၃% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၇ | ၂၃၈၉ | ၃၇၂၀ | ၆၁၀၉ | ၂၂၀၆ | ၃၄၆၁ | ၅၆၆၇ | ၁၈၃ | ၂၅၉ | ၄၄၂ | ၉၂.၇၆% | ၇.၂၄% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၉၉၄ | ၁၆၄၁ | ၂၆၃၅ | ၉၂၂ | ၁၅၇၃ | ၂၄၉၅ | ၇၂ | ၆၈ | ၁၄၀ | ၉၄.၆၉% | ၅.၃၁% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၃၀၈၃ | ၄၄၀၆ | ၇၄၈၉ | ၂၉၃၈ | ၄၂၁၀ | ၇၁၂၈ | ၁၄၅ | ၁၉၆ | ၃၆၁ | ၉၅.၁၈% | ၄.၈၂% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၅၈၇ | ၃၄၄၃ | ၅၉၉၀ | ၂၄၂၅ | ၃၃၄၄ | ၅၇၆၉ | ၁၆၂ | ၉၉ | ၂၂၁ | ၉၆.၃၁% | ၃.၆၉% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၄၀၅၃ | ၅၇၆၈ | ၉၈၂၁ | ၃၈၅၂ | ၅၆၁၈ | ၉၄၇၀ | ၂၀၁ | ၁၅၀ | ၃၅၁ | ၉၆.၄၃% | ၃.၅၇% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၈၃၉၇ | ၁၁၈၁၉ | ၂၀၂၁၆ | ၈၀၀၇ | ၁၁၃၉၈ | ၁၉၄၀၅ | ၃၉၀ | ၄၂၁ | ၈၁၁ | ၉၅.၉၉% | ၄.၀၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၂၂၇၄ | ၃၇၄၁ | ၆၀၁၅ | ၂၁၄၉ | ၃၆၁၈ | ၅၇၆၇ | ၁၂၅ | ၁၂၃ | ၂၄၈ | ၉၅.၈၈% | ၄.၁၂% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၈၄၀၀ | ၁၀၂၀၂ | ၁၈၆၀၂ | ၃၉၃၇ | ၄၅၉၀ | ၈၅၂၇ | ၄၄၆၃ | ၅၆၁၂ | ၁၀၀၇၅ | ၄၅.၈၄% | ၅၄.၁၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၃ | ၈၆၀၉ | ၁၀၃၄၃ | ၁၈၉၅၂ | ၈၁၄၁ | ၉၉၀၃ | ၁၈၀၄၄ | ၄၆၈ | ၄၄၀ | ၉၀၈ | ၉၅.၂၁% | ၄.၇၉% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၃၁၀၆ | ၄၉၆၈ | ၈၀၇၄ | ၂၉၄၉ | ၄၇၄၉ | ၇၆၉၈ | ၁၅၇ | ၂၁၉ | ၃၇၆ | ၉၅.၃၄% | ၄.၆၆% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၁၁၂၄ | ၁၇၂၉ | ၂၈၅၃ | ၇၇၇ | ၁၂၀၃ | ၁၉၈၀ | ၃၄၇ | ၅၂၆ | ၈၇၃ | ၆၉.၄၀% | ၃၀.၆၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၄၅၀ | ၆၅၄ | ၁၁၀၄ | ၄၂၀ | ၆၃၂ | ၁၀၅၂ | ၃၀ | ၂၂ | ၅၂ | ၉၅.၂၉% | ၄.၇၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၃၀ | ၈၂၇၁ | ၁၁၅၇၆ | ၁၉၈၄၇ | ၇၇၆၂ | ၁၁၁၈၀ | ၁၈၉၄၂ | ၅၀၉ | ၃၉၆ | ၉၀၅ | ၉၅.၄၄% | ၄.၅၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၃၇၅၀ | ၄၉၂၆ | ၈၆၇၆ | ၃၆၁၁ | ၄၈၁၀ | ၈၄၂၁ | ၁၃၉ | ၁၁၆ | ၂၅၅ | ၉၇.၀၆% | ၂.၉၄% | |
| ၁၉ | နိုင်ငံခြား | | | ၁၁ | ၆ | ၈ | ၁၄ | ၆ | ၇ | ၁၃ | ၀ | ၁ | ၁ | ၉၂.၈၆% | ၇.၁၄% | |
| စုစုပေါင်း | | ၁၁၈ | ၂၄၃ | ၈၄၁ | ၆၁၄၂၄ | ၈၅၀၉၉ | ၁၄၆၅၂၃ | ၅၃၂၄၆ | ၇၅၄၅၉ | ၁၂၈၇၀၅ | ၈၁၇၈ | ၉၆၄၀ | ၁၇၈၁၈ | ၈၇.၈၄% | ၁၂.၁၆% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။









တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

၂၁ ရှေ့ဖုံးမှအဆက်

သက်ဆိုင်ရာလုံခြုံရေး အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များကစနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၃၀ စာစစ်ဌာန စုစုပေါင်း ၈၄၁ ခု ဖွင့်လှစ် ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၄၆၅၂၃ ရှိပြီး စာမေးပွဲတတိယနေ့ သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၀၅ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၈၇ ဒသမ ၈၄ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေသန့်ဘူးများနှင့် အချိုရည်ဘူးများပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။













**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။**

# ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ အပိုင်း(၈)

မင်္ဂလာပါရှင်။ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးတဲ့နိုင်ငံတွေအကြောင်း တင်ဆက်ပေးနေတဲ့ ဗိုလ်ကြီးဒေါ်အေးသဥ္ဇာကျော်ဖြစ်ပါတယ်။ ဒီတစ်ခါမှာတော့ ကျွန်မက ပြည်သူ့စစ်မှုထမ်းဥပဒေတွေကို ပြဋ္ဌာန်းထားပေမယ့် ကျင့်သုံးခြင်းမရှိတဲ့ နိုင်ငံတွေရယ် ဒီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာသာလျှင် ပြဋ္ဌာန်းထားပြီးတော့ ပြည်သူ့စစ်မှုထမ်းဥပဒေ ရေးဆွဲထားခြင်းမရှိတဲ့နိုင်ငံတွေအကြောင်းကို တင်ဆက်ပေးသွားမှာဖြစ်ပါတယ်ရှင်။



ပထမဆုံးပြောပြမယ့်နိုင်ငံကတော့ တရုတ်နိုင်ငံဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှာပြုလုပ်ခဲ့တဲ့ (၉)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီရဲ့ (၆)ကြိမ်မြောက် အစည်းအဝေးမှာအတည်ပြုခဲ့တဲ့ တရုတ်စစ်မှုထမ်းဥပဒေအရ စစ်မှုမထမ်းမနေရဥပဒေကို ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါပေမဲ့ ကိုယ့်ဆန္ဒနဲ့ကိုယ် စစ်မှုထမ်းမယ့်သူ များပြားလျက်ရှိတာကြောင့် သတ်မှတ်ထားတဲ့ စစ်မှုထမ်းအရေအတွက် ပြည့်မီခြင်းမရှိမှသာလျှင် စစ်မှုမထမ်းမနေရဥပဒေအရ စစ်မှုထမ်းဖို့ ဆင့်ခေါ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

နောက်တစ်နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံပေါ့နော်။ ကမ္ဘောဒီးယားနိုင်ငံကတော့ သူတို့ရဲ့စစ်မှုမထမ်းမနေရဥပဒေကို ၂၀၀၆ ခုနှစ်မှာ အမျိုးသားလွှတ်တော်ကနေ အတည်ပြုပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၆ ရက်မှာ ဝန်ကြီးများကောင်စီကနေ ဒီဥပဒေကိုအတည်ပြုတဲ့ အမိန့်တစ်ရပ် ထုတ်ပြန်ထားခဲ့ပါတယ်။ လက်ရှိအချိန်ထိတော့ ကျင့်သုံးဆောင်ရွက်နေခြင်း မရှိသေးပါဘူး။

နောက်ထပ်ဖော်ပြရမယ့် နိုင်ငံကတော့ ဗြိတိန်နိုင်ငံဖြစ်ပါတယ်။ ဗြိတိန်နိုင်ငံကတော့ ၁၉၁၆ ခုနှစ်ကနေ ၁၉၂၀ ပြည့်နှစ်ထိလည်းကောင်း၊ ၁၉၃၉ ခုနှစ်ကနေ ၁၉၆၀ ပြည့်နှစ်ထိလည်းကောင်း စစ်မှုမထမ်းမနေရဥပဒေကို ပြဋ္ဌာန်းထားပေမယ့်လည်း လက်ရှိအချိန်ထိတော့ ကျင့်သုံးခြင်းမရှိသေးပါဘူး။ အမေရိကန်နိုင်ငံကတော့ ဗီယက်နမ်စစ်ပွဲအပြီး ၁၉၇၃ ခုနှစ်မှာ စစ်မှုမထမ်းမနေရဥပဒေကို ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။

နောက်တစ်နိုင်ငံကတော့ ဖိလစ်ပိုင်နိုင်ငံဖြစ်ပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုင်း ၂၊ ပုဒ်မ ၄ အရ အစိုးရအနေနဲ့ ပြည်သူတွေကိုစစ်မှုထမ်းဆောင်ဖို့ ဆင့်ခေါ်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ ဒါပေမဲ့ အမျိုးသားစစ်မှုထမ်းဥပဒေနဲ့ ပတ်သက်ပြီးတော့ ရေးဆွဲကျင့်သုံးခြင်းတော့ မရှိသေးပါဘူး။ အင်ဒိုနီးရှားနိုင်ငံကတော့ သူတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက သူတို့မှာ အရွယ်ရောက်ပြီးတဲ့ နိုင်ငံသားတိုင်းဟာ အနည်းဆုံး နှစ်နှစ် စစ်မှုမထမ်းမနေရဆိုပြီးတော့ သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း တရားဝင်ကျင့်သုံးဆောင်ရွက်ခြင်း မရှိသေးကြောင်းကို သိရှိရပါတယ်။

နောက်တစ်နိုင်ငံကတော့ လာအိုနိုင်ငံဖြစ်ပါတယ်။ လာအိုနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၃၊ ပုဒ်မ ၃၆ မှာဆိုရင် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာတာဝန်ရှိတယ်။ ဥပဒေအရ ပြဋ္ဌာန်းထားရှိတဲ့ စစ်ရေးတာဝန်တွေကို မပျက်မကွက်ထမ်းဆောင်ရမယ်ဆိုပြီးတော့လည်းကောင်း၊ အခန်း ၅၊ ပုဒ်မ ၅၃ မှာပေါ့ အထွေထွေ(သို့မဟုတ်)တပ်မတော်ရဲ့ အစိတ်အပိုင်းတစ်ခုခုမှာ စစ်မှုထမ်းဆောင်ရန်နဲ့ နိုင်ငံတစ်ဝန်း (သို့မဟုတ်) တစ်စိတ်တစ်ဒေသကိုပေါ့နော်။ အရေးပေါ်အခြေအနေသတ်မှတ်ရန် တာဝန်ရှိတယ်လို့ ပြဋ္ဌာန်းထားသော်လည်း လက်ရှိအချိန်ထိတော့ ကျင့်သုံးခြင်းမရှိသေးတာကို တွေ့ရှိရပါတယ်။

နောက်တစ်နိုင်ငံကတော့ ပါကစ္စတန်နိုင်ငံပဲဖြစ်ပါတယ်။ ပါကစ္စတန်နိုင်ငံကတော့ ၁၉၇၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၂၂ မှာ နိုင်ငံသားတိုင်းဟာ လိုအပ်ချက်အရ စစ်မှုထမ်းဖို့ ဆင့်ခေါ်တဲ့အချိန်မှာ သတ်မှတ်ထားတဲ့ နေရာကို ၁၅ ရက်ကနေ ရက် ၃၀ အတွင်း သင်တန်းတက်ရောက်ဖို့ ရေးဆွဲထားပေမယ့် လက်ရှိအချိန်ထိတော့ ကျင့်သုံးဆောင်ရွက်ခြင်းမရှိသေးကြောင်းကို တွေ့ရှိရတာဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ နိုင်ငံတွေကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်ပြီးတော့ ပြဋ္ဌာန်းထားပြီး ကျင့်သုံးမှုမရှိဘူးဆိုတဲ့နိုင်ငံတွေရဲ့ ဒီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာပဲ ပြဋ္ဌာန်းထားပြီးတော့ ဥပဒေအသစ်တစ်ရပ် ရေးဆွဲထားခြင်းမရှိသေးတဲ့ နိုင်ငံတွေအကြောင်းကို တင်ဆက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီစနစ်ကို ကျင့်သုံးခြင်း၊ မကျင့်သုံးခြင်းဆိုတာကတော့ နိုင်ငံတစ်ခုရဲ့ သူတို့ရဲ့ ကာကွယ်ရေး၊ နိုင်ငံရေးဆိုင်ရာအခြေအနေတွေ ပြီးတော့ သူတို့မူဝါဒချမှတ်မှုအပေါ် မူတည်ပြီး ကွဲပြားခြားနားကြမှာဖြစ်ပါတယ်။

တချို့နိုင်ငံတွေမှာဆိုရင် နိုင်ငံတော်ကိုကာကွယ်ဖို့အတွက် အမြဲတမ်းတပ်မတော်တစ်ရပ်ကိုသာ သူတို့က တာဝန်ပေးအပ်လေ့ရှိပြီးတော့ လိုအပ်တဲ့ အခြေအနေရောက်မှသာ ပြည်သူ့စစ်မှုထမ်းစနစ်နဲ့ ဆင့်ခေါ်ကြတာဖြစ်ပါတယ်။ တချို့နိုင်ငံတွေကျတော့ ပြည်သူ့စစ်မှုထမ်းစနစ်ကို ကျင့်သုံးစရာမလိုသေးပေမယ့်လည်း သူတို့နိုင်ငံရဲ့နိုင်ငံသူ၊ နိုင်ငံသားတိုင်း ကာကွယ်ရေးအတတ်ပညာ တတ်မြောက်ဖို့အတွက် ဒီစနစ်ကိုကျင့်သုံးကြတဲ့ နိုင်ငံတွေလည်းရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်မပြောပြချင်တာကတော့ နိုင်ငံတိုင်းနိုင်ငံတိုင်းဟာ သူတို့ ဖြတ်သန်းစီးဆင်းလာရတဲ့ခေတ်ရေစီးကြောင်းတစ်လျှောက် သူတို့ရဲ့ နိုင်ငံရေး၊ သူတို့ရဲ့ စီးပွားရေး၊ သူတို့ရဲ့ လူမှုရေးမူဝါဒချမှတ်မှုတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ တူညီနိုင်ဖို့တော့ မရှိကြပါဘူး။ ဒါပေမဲ့ သူတို့မှာ တူညီတဲ့ အချက်တစ်ချက်က ဘာလဲဆိုလို့ရှိရင် ကိုယ့်နိုင်ငံကိုကိုယ်ကာကွယ်ရမယ်ဆိုတဲ့ သမိုင်းပေးတာဝန်၊ သမိုင်းပေးအသိရှိနေကြတာဖြစ်ပါတယ်။ ကိုယ်နိုင်ငံကိုကာကွယ်ဖို့အတွက်ဆိုရင် ကိုယ့်ကိုယ်ကိုယ် အရင်ကာကွယ်တတ်ဖို့လိုပါတယ်။ ပြီးရင် ကိုယ့်ရဲ့ မိသားစု၊ နောက်တစ်ခါကိုယ့်ရဲ့ မြို့ရွာ၊ ပြီးတော့မှ ကိုယ့်ရဲ့နိုင်ငံအထိကာကွယ်ကြရမှာဖြစ်ပါတယ်။ ဒီလိုကာကွယ်တတ်ဖို့ဆိုရင် ကာကွယ်ရေးအသိပညာတွေရှိဖို့ ကာကွယ်ရေးအတတ်ပညာတွေတတ်ဖို့လည်း လိုအပ်ပါတယ်။ဗဟုသုတအနေနဲ့မျှဝေချင်တာတစ်ခုလည်းရှိပါတယ်။ဒါကတော့ တိုင်းပြည်ရဲ့ရတနာကိုးပါးပဲဖြစ်ပါတယ်။ နံပါတ်(၁)ပြည့်ဦးကင်းပေါ့နော် တိုင်းရေးပြည်မှုကို ဆောင်ရွက်စီမံပေးနိုင်တဲ့ မှူးကြီးမတ်ကြီးတွေကိုခေါ်ဆိုတာဖြစ်ပါတယ်။ နံပါတ်(၂)ပြည်တန်ခွန် သီလတန္တပညာဝန္တရဟန်းတော်တွေကို ခေါ်ဆိုတာဖြစ်ပါတယ်။ နံပါတ်(၃)ပြည့်မျက်စိ ဒါကတော့ လိမ္မာကျွမ်းကျင်ကြတဲ့ ဆေးဆရာတွေဟူးရားဗေဒင်ဆရာတွေနဲ့ စက်ယန္တရားဆရာတွေကို ခေါ်ဆိုတာဖြစ်ပါတယ်။ နံပါတ်(၄)ပြည်၏ နားသစ္စာရှိတဲ့ သူလျှိုတွေကိုခေါ်ဆိုတာဖြစ်ပါတယ်။နောက်ပြည့်အစွယ် သူရသတ္တိရှိတဲ့ မင်းညီမင်းသားနဲ့ မင်းဆွေမျိုးတွေကို ခေါ်ဆိုတာဖြစ်ပါတယ်။ နံပါတ်(၆)ဆိုရင်တော့ ဒါပြည်ကြီးမျက်နှာပေါ့။ ရုပ်ရည်ချောမောလှပတဲ့ မိန်းမပျိုလေးတွေ၊ လှမျိုးမယ်လေးတွေကိုခေါ်ဆိုတာဖြစ်ပါတယ်။ နံပါတ်(၇)ပြည်၏ ဝမ်းဗိုက် ဒါကတော့ စားနပ်ရိက္ခာနဲ့ဥစ္စာပေါများတဲ့ သူဌေးသူကြွယ်တွေကို ခေါ်ဆိုတာဖြစ်ပါတယ်။ နံပါတ်(၈)မှာ ဆိုရင်ပြည်၏ ခြေစစ်သည်ဗိုလ်ပါအပေါင်းနဲ့ ယာဉ်မျိုးစုံကိုခေါ်ဆိုတာဖြစ်ပါတယ်။ နံပါတ်(၉) ဒါပြည်၏ လက်ပေါ့နော် ဒါနောက်ဆုံး ခဲယမ်းမီးကျောက်အမြောက်နဲ့ သေနတ်စတဲ့ လက်နက်အစုံကိုခေါ်ဆိုတာဖြစ်ပါတယ်။ လူတစ်ယောက်မှာ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတွေထဲမှာ ခြေထောက်နဲ့ လက်ဆိုတာဟာ အရေးအကြီးဆုံးအစိတ်အပိုင်းပဲဖြစ်ပါတယ်။ ဒီလိုပဲ တိုင်းပြည်တစ်ခုမှာလည်း ပြည်ရဲ့ခြေထောက်သဖွယ် စစ်သည်ဗိုလ်ပါအပေါင်းနဲ့ ယာဉ်မျိုးစုံ နောက်တစ်ခုက ပြည်ရဲ့လက်သဖွယ်ဖြစ်တဲ့ ခဲယမ်းမီးကျောက် အမြောက်၊ သေနတ်စုံတို့ စုစည်းပါဝင်နေတဲ့ တပ်မတော်ဟာလည်း အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေတာဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံကို ကာကွယ်ရေးစွမ်းအားနဲ့ ခန့်ညားစေဖို့အတွက်ဆိုရင် ရတနာကိုးပါးမှာ အပါအဝင်ဖြစ်တဲ့ တိုင်းပြည်ခြေလက်သဖွယ်တင်စားကြတဲ့တပ်မတော်ကိုအင်အားတောင့်တင်းအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ဒါကြောင့် နိုင်ငံသူ၊ နိုင်ငံသားတိုင်းဟာ နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းလိုက်တဲ့ ဒီပြည်သူ့စစ်မှုထမ်းဥပဒေမှာ ဂုဏ်သိက္ခာရှိရှိ ပါဝင်ထမ်းဆောင်ကြရင်းနဲ့ နိုင်ငံတော်ကိုကာကွယ်မယ့် အတတ်ပညာတွေကိုသင်ယူပြီး နိုင်ငံတော်ကိုကောင်းမွန်စွာကာကွယ်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဒီအစီအစဉ်လေးကိုတော့ ဒီမှာပဲ နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

## သထုံခရိုင် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**သထုံ မတ် ၁၃**

မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာ အဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သထုံခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

သထုံခရိုင် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအဝင်လမ်းကို ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန်၊ ကုန်စည်စီးဆင်းမှုလွယ်ကူမြန်ဆန်စေရန် ရည်ရွယ်၍ ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၂၂ ဒသမ ၈၃၅ သန်းဖြင့် သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃ ခုနှစ် မေ ၂၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သထုံခရိုင် ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအဝင်လမ်းကတ္တရာခင်းခြင်းသည် လမ်းအရှည် တစ်မိုင်နှင့် သုညဒသမ ၈၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ၁၅ လက်မရှိပြီး အဆိုပါလမ်းကိုအသုံးပြု၍ ကျေးရွာမှ ထွက်ရှိသော စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် မြို့ပေါ်ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည့် လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

(၄၀၄)



# TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၁၃**

TNLA အဖွဲ့များသည် ဒေသခံတိုင်းရင်းသားလူငယ်များကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ကာ စစ်သင်တန်းများ တက်ရောက်စေပြီး စစ်မှုတာဝန်များ ထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့တွင် တာဝန်ထမ်းဆောင်လိုခြင်း မရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ထိုသို့ TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်း မရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံပြန်လည် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက် ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားလူငယ်လေးဦးကို တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်ရာ တိုင်းရင်းသားလူငယ်များက အသီးသီး လက်ခံရယူကြပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားလူငယ်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်တစ်ဦးထံ ထောက်ပံ့ငွေများ ပေးအပ်စဉ်။**





**အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်း တောင်ငူ-သောင်းတိုင်ကုန်း ဘူတာအကြား တံတားအမှတ်(၂၆၃) ခပေါင်းတံတားပျက်စီးနေမှုကို တွေ့ရစဉ်**

☆ **ကျောဖုံးမှအဆက်**

တောင်ငူ-သောင်းတိုင်ကုန်း ရထားလမ်းပိုင်းကို ယနေ့နံနက် ၇ နာရီ ၂၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမားဖြစ်ပေါ်ခြင်း မရှိခဲ့သော်လည်း မိုင်းဖောက်ခွဲခံရသည့် ခပေါင်းတံတားသည် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း တောင်ငူနှင့် သောင်းတိုင်ကုန်းဘူတာအကြား အဓိက တံတားတစ်စင်းဖြစ်ပြီး ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်နေစဉ် အဆိုပါ တံတားတစ်စင်းတည်းကိုသာ အစုန်၊အဆန်ရထားများ ဖြတ်သန်းနေရသဖြင့် မိုင်းဖောက်ခွဲမှုကြောင့် တံတားထိခိုက်ပျက်စီးခဲ့ပါက ရထားသွားလာမှု ရပ်ဆိုင်းသွားနိုင်၍ ခရီးသွားပြည်သူများနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲဖျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များ အနေဖြင့်၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်ထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ၊ ဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများကို မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၅၀၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သောရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မတ် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Empty"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် စက်မြေရပ်ကွက်နေ ဟန်လင်းထွန်း(ခ)ဟန်ကြီးအား နံနက် ၁ နာရီခွဲတွင် ပုဇွန်တောင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းမှ စာသင်ဆောင်များပျက်စီး





AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းမှ စာသင်ဆောင်များ ပျက်စီးနေမှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးတောရွာမအုပ်စု ရွှေပြည်သာကျေးရွာအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်း(လွန်) ကျောင်းဝင်းအတွင်းမှ စာသင်ဆောင် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပုဏ္ဏားကျွန်းမြို့နယ် ခမောင်းတောကျေးရွာဘက်မှ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သဖြင့်ကျေးရွာအတွင်းရှိသော အခြေခံပညာမူလတန်း(လွန်) ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရှိရသည်။

AA သောင်းကျန်းသူများအနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့ရွာရပ်ကွက်များအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ယခုတွင်လည်း အနာဂတ်ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားပို့ချပေးနေသည့် ပညာရေးအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များသည် လုံးဝလက်ခံနိုင်ဖွယ်ရာ မရှိသဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

# မင်းပြားတွင် ပြည်သူဦးရေ ၃၀ ကျော်ကို သတ်ဖြတ်ခဲ့ကြောင်းနှင့် စစ်တွေ မြို့မဈေးအတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ပြည်သူများသေဆုံးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် မတ် ၁၃**

ရခိုင်ပြည်နယ် မင်းပြားမြို့မှ အပြစ်မဲ့ပြည်သူဦးရေ ၃၀ ကျော်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်းနှင့် စစ်တွေမြို့မဈေးအတွင်းသို့ ဖေဖော်ဝါရီ ၂၉ ရက်က လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ ၂၁ ဦး သေဆုံးခဲ့ကြောင်း AA အကြမ်းဖက်သောင်းကျန်းသူများ၏ တစ်ဖက်သတ် စွပ်စွဲရေးသားထုတ်ပြန်ထားသည့် သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ KhitThit က ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညာမှုမရှိဘဲ ပြည်သူများနေထိုင်ရာမြို့ရွာများ အတွင်းသို့ လက်နက်ကြီးများ၊ ရှော့တိုက်ဗုံးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တပ်မတော်အပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# ဗန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများထိခိုက် သေဆုံးခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် မတ် ၁၃**

ကချင်ပြည်နယ်ရှိ မြစ်ကြီးနား-ဗန်းမော်လမ်းတစ်လျှောက်တွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်တိုက်ခိုက်လျက်ရှိသည့်အတွက် မတ် ၇ ရက်မှစ၍ ဗန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးပစ်ခတ်မှုများကြောင့် မိုင်းကာကျေးရွာ၊ မိုးစိမ်းကျွန်းကျေးရွာ၊ စင့်ကင်ကျေးရွာနှင့် ကမ်းနီကျေးရွာများက ပြည်သူငါးဦး သေဆုံးခဲ့ကြောင်း သောင်းကျန်းသူအဖွဲ့အစည်း၏ ဝါဒဖြန့်သတင်းများ၊ သတင်းတု၊ သတင်းမှားများဖြန့်ဝေနေသည့်သတင်း Page များတွင် မဟုတ်မမှန်စွပ်စွဲရေးသားထားသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ဗန်းမော်မြို့ရှိ လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားက လက်နက်ကြီးများဖြင့် ချောင်းမြောင်းပစ်ခတ်ခြင်းများသည် ဗန်းမော်မြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများကိုကျရောက်ပေါက်ကွဲလျက်ရှိပြီး ဒေသခံပြည်သူများထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရသည်။

သောင်းကျန်းသူအဖွဲ့အစည်း၏ ဝါဒဖြန့်သတင်းများ၊ သတင်းတု၊ သတင်းမှားများဖြန့်ဝေနေသည့် မီဒီယာအမည်ခံသတင်း Pageများသည် ပြည်သူများအမုန်းပွားစေမည့် အကြောင်းအရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် လုပ်ကြံသတင်းများဖြင့် ပြည်သူများကို နေ့စဉ်နှင့်အမျှ သတင်းအဆိပ်ခတ်လျက်ရှိကြောင်း သတင်းရရှိသည်။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System - CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၄ ရက်မှ ၁၀ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း ၂၄ ဒသမ ၁၆၃၀ တန်၊ သစ်မာ ၂၄ ဒသမ ၅၄၇၃ တန်၊ အခြား ၁၁၄ ဒသမ ၂၃၅၁တန် စုစုပေါင်း ၁၆၂ ဒသမ ၉၄၅၄ တန်၊ ယာဉ်၊ယန္တရား ခြောက်စီး၊ တရားခံ ၁၀ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့နှင့် အနီးဝန်းကျင်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့



**ဗျူနို့စ်အေရိစ် မတ် ၁၃**

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့နှင့် အနီးဝန်းကျင်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မတ် ၁၁ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းခြင်း ဖြစ်ပေါ်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှု ဖြစ်ပေါ်ခဲ့ကြောင်း ဗျူနို့စ်အေရိစ်မြို့တော် အာဏာပိုင်များကထုတ်ပြန်ခဲ့သည်ဟု မတ် ၁၂ ရက် သတင်းများအရ သိရသည်။

အာဂျင်တီးနားနိုင်ငံ ဗျူနို့စ်အေရိစ်မြို့နှင့် အနီးဝန်းကျင်တွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်နေမှုကြောင့် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်လျက်ရှိရာ လေကြောင်းသွားလာမှုများကို သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

မြို့တွင်းလမ်းများတွင် ရေလွှမ်းမိုးမှုများကြောင့် မော်တော်ယာဉ်အစီးရေ ရာနှင့်ချီ၍ ရေနစ်မြုပ်နေပြီး ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားလျက်ရှိရာ အများသူငါသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ခေတ္တရပ်နားထားရန် တာဝန်ရှိသူများက အမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

ရေနစ်မြုပ်မှုအတွင်း လူတစ်ဦး သေဆုံးခဲ့ပြီး ယခုသီတင်းပတ်တစ်ခုလုံး မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်သဖြင့် ဒေသခံများအနေဖြင့် သတိပြုနေထိုင်သွားလာကြရန် မိုးလေဝသဌာနကလည်း သတင်းထုတ်ထားကြောင်း သိရသည်။

မတ် ၁၂ ရက်တွင် ရွာသွန်းခဲ့သော မိုးရေချိန်သည် ၁၂၅ မီလီမီတာထိ ရွာသွန်းခဲ့ပြီး ဗျူနို့စ်အေရိစ်မြို့၏ နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင်မိုးရေချိန်ဖြစ်ကြောင်း မိုးလေဝသဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**Ref : Sputnik News**
**Trs : AZH**

## မာရှယ်လ်ကျွန်းစုနိုင်ငံတွင် မိုးခေါင်ရေရှားမှုဒဏ် ခံစားနေရသောပြည်သူများကို လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေ

**မာဂျူရို မတ် ၁၃**

မာရှယ်လ်ကျွန်းစုနိုင်ငံတွင် မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရသော ပြည်သူများကို လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ အဖွဲ့ချုပ် (IFRC)က ထုတ်ပြန်ထားသည်ဟု မတ် ၁၂ ရက် သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရသော မာရှယ်လ်ကျွန်းစုနိုင်ငံမှ ပြည်သူများအတွက် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများအဖွဲ့ချုပ်၏ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး အရေးပေါ်ရန်ပုံငွေမှ ဆွစ်ဖရန့် နှစ်သိန်းကို လွှဲခဲ့သောသီတင်းပတ်က ပံ့ပိုးခဲ့ပြီး အခက်အခဲများဖြစ်ပေါ်လျက်ရှိသော လူပေါင်း ၁၄၀၀၀ အတွက် ကူညီနိုင်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မိုးခေါင်ရေရှားမှုဒဏ်ခံနေရသောဒေသများ၌ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး ဒေသခံအများအပြားမှာ ညစ်ညမ်းသောရေတွင်းများမှ ရေကိုအားထားနေရကာ သောက်သုံးရေရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် သန့်ရှင်းသောရေရရှိရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီလမှစတင်၍ မိုးခေါင်ရေရှားမှုအခြေအနေ ပိုမိုဆိုးရွားလာသဖြင့် ဒေသခံအများအပြား၏ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပြီး ပျက်စီးဆုံးရှုံးသွားသောသီးနှံများကို ပြန်လည်စိုက်ပျိုးနိုင်ရန် လအတော်ကြာ အချိန်ယူရဦးမည်ဖြစ်ကြောင်း သိရသည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ပြင်းထန်သောမိုးခေါင်ရေရှားမှုဖြစ်စဉ်များ ဖြစ်ပေါ်လာသကဲ့သို့ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကြောင့် မြေအောက်ရေများကို ညစ်ညမ်းစေခြင်းများ ဖြစ်ပေါ်လျက်ရှိသည်ဟု ရာသီဥတုဆိုင်ရာသိပ္ပံဌာနအကြီးအကဲဖြစ်သူ လစ်ဇ်စတီဖင်က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

## ကနေဒါနိုင်ငံ မက်ကိုကာနယ်မြေ၌ ယခုနှစ်တွင် မျှော်လင့်၍မရနိုင်သည့် တောမီးလောင်ကျွမ်းမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေ

**အော့တဝါ မတ် ၁၃**

ကနေဒါနိုင်ငံ မက်ကိုကာနယ်မြေ၌ တောမီးလောင်ကျွမ်းသည့်ရာသီစတင်တော့မည်ဖြစ်ပြီး ယခုနှစ်တွင် မျှော်လင့်၍မရနိုင်သည့် တောမီးလောင်ကျွမ်းမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း မက်ကိုကာနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လက်ရှိ မက်ကိုကာနယ်မြေတွင် ရာသီဥတု ပူပြင်းခြောက်သွေ့နေသကဲ့သို့ အပူချိန်လည်းမြင့်တက်နေသည့်အတွက် တောမီးလောင်ကျွမ်းမှုသည် မြက်ခင်းပြင်များမှ စတင်လာဖွယ်ရှိနေသောကြောင့် တောမီးလောင်ကျွမ်းမှု အခြေအနေမှာ ခန့်မှန်းရခက်နေပြီး မျှော်လင့်၍မရနိုင်သည့် အခြေအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"ရာသီဥတုအခြေအနေက ခြောက်သွေ့မှုနှုန်း မြင့်တက်နေသလို အပူချိန်လဲမြင့်မားနေပါတယ်။ တောမီးလောင်ကျွမ်းတဲ့ရာသီရောက်ရှိလာတော့မှာဖြစ်လို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လိုအပ်ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ မြက်ခင်းပြင်ကနေ စတင်လာနိုင်တဲ့အတွက် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားလာရင် အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေကိုလဲ ကြိုတင်ပြင်ဆင်သွားဖို့အတွက် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ မီးငြိမ်းသတ်ရေးအထောက်အကူပြုပစ္စည်းတွေကိုလဲ ကြိုတင်စုဆောင်းနေပြီဖြစ်ပါတယ်"ဟု မက်ကိုကာနယ်မြေ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဂျာရတ်ကေလေးက ပြောကြားသွားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**



## အာတိတ်ရေခဲပြင်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် လာမည့် ၁၀ နှစ်အတွင်း ရေခဲပြင်များပျောက်ကွယ်နိုင်

**ဝါရှင်တန် မတ် ၁၃**

အာတိတ်ရေခဲပြင်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်တက်ကာ လာမည့် ၁၀ နှစ်အတွင်း ရေခဲပြင်အရည်ပျော်ကျမှုကြောင့် ရေခဲပြင်ပျောက်ကွယ်သွားဖွယ်ရှိနေကြောင်း အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်အခြေစိုက် ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီအဖွဲ့က သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆောင်းရာသီကာလအတွင်း အအေးဓာတ်ကြောင့် ဧရိယာတချို့တွင် ရေခဲပြင်များ ထိုက်သင့်သလောက်ရှိနေသော်လည်း ယခုနှစ် နွေရာသီကာလမှစတင်၍ အာတိတ်ရေခဲပြင်အရည်ပျော်ကျမှုနှုန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ လက်ရှိ အာတိတ်ရေခဲပြင်ဧရိယာမှာ ၃၈၆၀၀၀ စတုရန်းမိုင်ထက် လျော့နည်းနေပြီး လာမည့် ၁၀ နှစ်အတွင်း အရည်ပျော်ကျမှု ဖြစ်ပေါ်လာဖွယ်ရှိနေကြောင်း၊ ၂၀၃၀ ပြည့်နှစ်အတွင်း အာတိတ်ရေခဲပြင်အရည်ပျော်ကျမှုဖြစ်ပေါ်နိုင်သည့်အတွက် ၂၀၃၀ ပြည့်နှစ်အတွင်း ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်သွားသင့်ကြောင်း သုတေသီအဖွဲ့က သတိပေးချက်ထုတ်ပြန်သွားခဲ့သည်။

"၂၀၃၀ ပြည့်နှစ်အတွင်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့် အာတိတ်ရေခဲပြင် အရည်ပျော်ကျမှုနှုန်းတွေ မြင့်တက်လာနိုင်တယ်။ အာတိတ်ရေခဲပြင်အရည်ပျော်ကျမှုနဲ့ဆက်စပ်ပြီး ပိုလာဝက်ဝံတွေလဲ အခက်တွေ့လာနိုင်တယ်။ အာတိတ်ရေခဲပြင်မှာ ကျင်လည်ကျက်စားနေတဲ့ ပိုလာဝက်ဝံတွေဟာ ရေခဲပြင်အရည်ပျော်ကျမှုဖြစ်ပေါ်သွားရင် စားကျက်ပျောက်နိုင်ပြီး သေဆုံးမှုတွေဖြစ်ပေါ်လာနိုင်သလို မျိုးသုဉ်းပျောက်ကွယ်သွားနိုင်တဲ့အခြေအနေထိ ရောက်သွားနိုင်ပါတယ်"ဟု ကော်လိုရာဒိုတက္ကသိုလ် သုတေသီများအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အလက်ဇန္ဒားဂျန်က ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## စကော့တလန်နိုင်ငံ ဘန်ဖ်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ခြင်းကြောင့် Morrison ကုမ္ပဏီ၏ စူပါမားကတ်တည်ဆောက်ရေးလုပ်ကွက်ကို ကန့်ကွက်

**အီဒင်ဘတ် မတ် ၁၃**

စကော့တလန်နိုင်ငံ ဘန်ဖ်မြို့တွင် စူပါမားကတ်တည်ဆောက်ခြင်းကြောင့် မြေမျက်နှာပြင်အနေအထားပြောင်းလဲကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ခြင်းကြောင့် Morrison ကုမ္ပဏီ၏ စူပါမားကတ်တည်ဆောက်ရေးလုပ်ကွက်ကို ဘန်ဖ်နှင့်ဘူချန်ကောင်စီဝင်များက ကန့်ကွက်ကြောင်း ဘန်ဖ်ကောင်စီအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု မတ် ၁၂ ရက် သတင်းများအရ သိရသည်။


စူပါမားကတ်တည်ဆောက်ရေးလုပ်ငန်းကြောင့် မြေမျက်နှာပြင်အနေအထားပြောင်းလဲကာ မြို့အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်သကဲ့သို့ စူပါမားကတ်တည်ဆောက်သွားမည့်နေရာသည် မြို့၏ အဓိကနေရာဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် စူပါမားကတ်တည်ဆောက်ရေးကို ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"Morrison ကုမ္ပဏီအနေနဲ့ A98 လမ်းနားမှာ စူပါမားကတ်တည်ဆောက်သွားဖို့ ခွင့်ပြုချက်တောင်းခံလာပါတယ်။ စူပါမားကတ်တည်ဆောက်သွားဖို့ နေရာရွေးချယ်မှုမှားယွင်းနေပါတယ်။ A98 လမ်းဟာပုံမှန်အားဖြင့် ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်ပေါ်နေတဲ့နေရာဖြစ်တယ်။ စူပါမားကတ်သာဖွင့်လိုက်ရင် ယာဉ်ကြောပိတ်ဆို့မှုတွေပိုဆိုးလာမယ်။ ယာဉ်ကြောပိတ်ဆို့ရင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေ မြင့်တက်လာနိုင်ပြီး လေထုညစ်ညမ်းမှုကိုဖြစ်စေတဲ့အပြင် ဆောက်လုပ်ရေးလုပ်ငန်းကြောင့် မြေမျက်နှာပြင်အနေအထား ပြောင်းသွားနိုင်ပါတယ်"ဟု ဘန်ဖ်ကောင်စီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ငါးစိမ်းသည်

မာန်(စက်မှု)



(၁)

"လာနော် ငါးခူ၊ ငါးရံ့တွေ လတ်မှလတ်။ ၁၀၀၀ဈေးနော်။ ငါးရံ့ခုတ်သားကိုမှ ၁၀၀၀ပဲနော်"

ရင်ခေါင်းကအသံနှင့် ဈေးဝယ်အော်ခေါ်ရင်း မကြာရိုးဘေးက ရေနွေးအိတ်ကိုယူကာ ပါးစပ်တွင်တေ့ပြီး မော့ချလိုက်သည်။ သည်နေ့ လူပါးတာမှလွန်ရော။ ဈေးရောင်းမကောင်းဘူး။ ဈေးရောင်းရမှဖြစ်မည်။ ပစ္စည်းကျန်၍မဖြစ်။ အိမ်မှာပန်းနာရင်ကျပ်သည်ယောက်ျားအတွက် ဆေးဖိုးရှိသည်။ စားရန်ဆန်၊ဆီ ဝယ်ရမည်။ နံနက်ကတည်းက ရောင်းနေတာ ၅၀၀၀ တောင်မပြည့်သေး။

မကြာရိုး သက်ပြင်းမောကို ဟူးခနဲချကာ-

"လာကြဟေ့ ဈေးလျှော့ပေးမယ်နော်။ လုပ်လဲလုပ်ပေးမယ်"

"ငါးခူ ဘယ်ဈေးလဲ"

"ငါးခူက ၅၀၀ဈေးညီမ"

ဝယ်သူလာ၍ မကြာရိုး အားတက်သွားသည်။ လေသံကိုအချိုသာဆုံးထားကာ ဖြေသည်။

"ငါးခူကလဲဖြူဖြူကြီး မွေးမြူရေးတွေလားမသိဘူး"

"ဪ. . . ညီမရယ် မွေးမြူရေးမို့ ဒီဈေးရတာပေါ့။ ချောင်းငါးဆို ဒီဈေးဘယ်ရမလဲ။ သူလဲအချိုလေးပြီး စားကောင်းတယ်ညီမ"

"အရှင်ကြီးတွေ နေပါစေတော့ ငရဲကြီးမယ်။ သမီးလာ ဟိုဘက်သွားကြည့်မယ်"

ကလေးလက်ကိုဆွဲကာ ဝယ်သူ မိန်းကလေးသွားရန်ပြင်တော့ ဒုန်းခနဲနေအောင် ပိသာလေးဖြင့်ငါးခူခေါင်းကို တွယ်ထည့်လိုက်သည်။ အထုခံရသောငါးခူမှာ ဖျပ်ဖျပ်လူးနေသည်။

"ညီမရေ လာ လာ။ မရှင်တော့ဘူး။ အစ်မ လုပ်ပေးလိုက်ပြီ လာယူ လာ"

"ဈေးရောင်းမကောင်းလို့ပါဟယ်"

ထိုကလေးအမေက ပြန်လှည့်ကြည့်ရင်း-

"ဈေးလျှော့အုံး ၃၀ သား ၁၂၀၀ ထား"

ဪ. . . အရင်းပါပြုတ်အောင်လုပ်နေပြန်ပြီ။

"ကဲ လာ လာ ပိုပိုသာသာ လုပ်ပေးမယ်"

ပါးစပ်က ပြောလဲပြော၊လက်ကလဲခုနထုကထည့်လိုက်သည့်ငါးခူနှစ်ကောင်ကိုချိန်ခွင်ထဲကောက်ထည့်ကာ မှန်းချိန်လေး ချိန်ပေးလိုက်သည်။ ဝယ်သူအမြင်မှာတော့ ချိန်ခွင်စောက်ထိုးပေါ့။ ဒါမှ ဆစ်သည့်ဈေးနှင့်ပေးရတာ ကိုက်မည်လေ။

"အလေးပြည့်ပြည့်လုပ်နော်"

"ပြည့်ပါတယ် စိတ်ချ ငါ့ညီမရေ။ တစ်ခါထဲ လုပ်ပေးရမလား"

"အင်း လုပ်လိုက်"

သည်လိုပြောလျှင် မကြာရိုး သဘောကျသည်။ ဒါမှ မှန်းချိန်လေးပေးထားတာ သိတော့မည်မဟုတ်။ လက်ကခပ်သွက်သွက်ကလေး ဆူးတောင်ခုတ်၊ ခေါင်းခုတ်ဖြတ်ပြီး အူနှိုက်ပေးလိုက်သည်။ ထို့နောက်ကြွပ်ကြွပ်အိတ်ထဲထည့်ကာ-

"အိမ်ရောက်ရင် အချွဲစင်အောင် မန်ကျည်းရည်နဲ့စိမ်လိုက်ညီမ"

ထိုကလေးအမေက အထုပ်ယူကာ ခေါင်းညိတ်ပြသည်။ ကလေးလေးက-

"မေမေ သူများအသက်သတ်ရင် ငရဲကြီးတတ်တယ်ဆို။ မေမေက ဘာလို့ဝယ်တာလဲ"

"အို. . . မေမေသတ်တာမှ မဟုတ်တာ။ ငါးသည်သတ်တာ။ သတ်သူပဲ ငရဲကြီးမှာပေါ့"

ထိုစကားကိုဆိုရင်း သားအမိနှစ်ယောက် သူ့ဆိုင်လေးကနေ ထွက်ခွာသွားသည်။ မကြာရိုးသာ ထိုစကားလေးကြောင့်အတွေးများဝေကာ ကျန်ခဲ့ရသည်။

ဪ. . . အကုသိုလ် အကုသိုလ်။ ဝမ်းရေးနှင့်ယှဉ်လာတော့ အကုသိုလ်က နောက်မှာချန်ထားခဲ့ရသည်။ အူမတောင့်မှ သီလစောင့်နိုင်မည်လေ။

(၂)

"မေမေ ပြန်လာပြီလား။ ဖေကြီး မောနေလို့ ဆေးခန်းသွားပို့လိုက်ရတယ်"

"ဟင် ဟုတ်လား။ ပိုက်ဆံ ဘယ်ကရလဲ"

"ဘကြီးမြိုင်ဆီကယူသွားရတယ် အမေ။ ဘကြီးမြိုင်ကို ဆေးဖိုးတစ်သောင်းပေးလိုက်အုံး"

ကြားရသည့်သတင်းက ရင်ကိုမွန်းကျပ်သွားသည်။ ယောက်ျားဖြစ်သူကို လှမ်းကြည့်တော့ နံရံနားကပ်ကာဖျာပေါ်မှာ ကွေးကွေးလေးအိပ်လို့။ သူလည်း ဝဋ်နာကံနာကြီးလွန်းသည်။ တစ်ခါတစ်ခါ ရောဂါထပါက မျက်လုံးကြီးပြူးကာ အသက်ကိုဖုတ်လိုက်ဖုတ်လိုက်ရှူသွင်းနေရသည်မှာ မြင်ရသူအတွက် စိတ်မချမ်းသာရ။

ဘိလပ်မြေအိတ်များထမ်းသည့် အလုပ်သမားအဖြစ် သူတို့သားအမိကို လုပ်ကျွေးခဲ့သည့် ယောက်ျားသူတော်ကောင်း။ ရောဂါစဝင်ကတည်းက တရှောင်ရှောင်နှင့် ကုလာလိုက်တာ ငွေကုန်လူပန်းဖြင့်မျက်ဖြူပါဆိုက်သည်။ သူကတော့ ရောဂါနှိပ်စက်မှုကနေ ယခုထိမလွတ်သေး။

ဈေးရောင်း၍ရလာသည့် ငွေ ငါးသောင်းကိုကြည့်ပြီး မကြာရိုးသက်ပြင်းချမိသည်။ ဆေးဖိုး တစ်သောင်း ပေးလိုက်လျှင် လေးသောင်းကျန်မည်။ ထိုလေးသောင်းထဲက အိမ်အသုံးစရိတ် တစ်သောင်းပဲထား။ သုံးသောင်းပဲကျန်မည်။ ကျန်ငွေသုံးသောင်းနှင့် ဈေးရင်းဘယ်လိုလုပ်မည်နည်း။ မတတ်နိုင်ပါ။ ခပ်ပေါပေါ ငါးအသေးလေးပဲ နံနက်ကျလျှင် ဝယ်ရောင်းတော့မည်။ ဖြစ်လာပြီပဲ။ ရင်ဆိုင်ရုံပေါ့။ လက်ထဲက ငွေတစ်သောင်း သမီးကို လှမ်းပေးပြီး-

"ဟင်းချက်ဖို့ ဘာပစ္စည်းတွေကုန်နေလဲ။ ငါးရံ့အမြီးနှစ်ပိုင်းကျန်တာ ယူလာခဲ့တယ်။ ခရမ်းချဉ်သီး၊ ငရုတ်သီးစိမ်းနဲ့ နံနံပင်အုပ်ချက်လိုက်။ အဲဒီ တစ်သောင်းက ဆေးဖိုး"

"ဆီလဲကုန် ကြက်သွန်၊ ငါးပိ အကုန်ကုန်နေတာ မေမေ"

"ရော့ ရော့ ဒီမှာ တစ်သောင်း။ လိုတာ ဝယ်လိုက်။ နောက်ရက်တွေအတွက်ပါ ချွေတာသုံး"

"ဟုတ်မေမေ"

သမီးက ပိုက်ဆံယူကာ ခေါင်းရင်းအိမ်ဘက်ထွက်သွားသည်။ အကြွေးသွားပေးသည် ထင်၏။ ကျန်ငွေသုံးသောင်းကို သိမ်းထားလိုက်သည်။

သမီးဖြစ်သူ ပြန်လာပြီး သူဈေးသိမ်းပြန်လာသည့် ငါးတောင်းကို အိမ်နောက်ဘက်တစ်ခါထဲ ယူသွားသည်။ ကုန်စုံဆိုင်ကဝယ်လာသည့် ဆန်၊ ဆီ၊ ဆားများအကုန် တောင်းထဲ ပေါင်းထည့်သွားသည်။

၁၂နှစ်၊ ၁၃နှစ် စပ်ကူးမပ်ကူးအရွယ်လေးဆိုတော့ အမေဖြစ်သူ ကြာရိုး အားကိုးနေရပြီ။ ခြောက်တန်းနဲ့ ကျောင်းထွက်ထားတဲ့သမီး။ ပညာရေးမှာ ပါရမီမပါတော့ အိမ်အလုပ်ကူလုပ်ပြီး ရောဂါသည် အဖေ့ကို ပြုစုပေးနေသည့် သမီးလိမ္မာလေးပါ။

(၃)

"ဟဲ့ ကြာရိုးမ ဟိုတစ်ခါငါးဖိုးလဲ နင်မပေးရသေးဘူးနော်။ နင့်ဟာ အကြွေးပေါ် အကြွေးဆင့်။ ဒီတစ်သက် ငါ့ကိုပေးနိုင်ပါ့မလား"

နံနက်စောစော ကြာရိုးရောင်းသည့်ဈေးက ငါးအများကြီးကိုင်ရောင်းသော မဘုတ်ဆုံမှာ ငါးများကိုရောင်းပြန်ပေးစနစ်ဖြင့် သူယူနေခြင်းဖြစ်သည်။ အရင်းက လက်ထဲသိပ်မရှိတော့ ငါးဒိုင်များတွင်သူသွားမတိုးနိုင်ပေ။

ရောင်းပြီးငွေသွင်းဆိုတော့ သူလည်းအရင်းမစိုက်ရသလို စားရန်လည်း အဆင်ပြေသည်။ တစ်လောကအိမ်ကလူကြီး ရောဂါအတော်သည်း၍ ရောင်းပြီးငါးဖိုးငွေပြန်မသွင်းနိုင်သောကြောင့် မဘုတ်ဆုံ တစ်ယောက်ငြူစူနေခြင်းပါ။

"ပေးပါ့မယ် မဘုတ်ဆုံရယ်။ အိမ်ကကိုရင်မောင်တစ်ယောက် ဒီတစ်လော အမောဖောက်ဖောက်နေလို့ ဆေးခန်းပြေးနေရလို့ပါ။ ကျွန်မဆက်ဆက်ပေးပါ့မယ်"

"ညည်းယောက်ျားလဲ သေ မသေနိုင်ဘူးအေ။ သူ့အတွက်နဲ့ ညည်းမှာ ချွဲခါပြာကာကျနေပြီ"

မဘုတ်ဆုံ အပြောကြောင့် သူ့ရင်ထဲနင့်ခနဲ။ သူကိုယ်တိုင် တစ်ခါတစ်ခါ ထိုသို့တွေးမိသော်လည်း မဘုတ်ဆုံလို စိတ်မျိုးတော့မဟုတ်။ မခံစားစေချင်သည့်စေတနာဖြင့်ဖြစ်သည်။

"ဪ. . . မဘုတ်ဆုံရယ် သူ့အလှည့်တုန်းက သူ့တာဝန်ကျေခဲ့တာပဲ။ ကျွန်မအလှည့် ကျွန်မတာဝန်ကျေရမှာပေါ့"

အားမတန်မာန်လျှော့ကာ ယောက်ျားဖြစ်သူဘက်က ကာပြောပြောမိသည်။ မဘုတ်ဆုံက သူ့ကို မျက်စောင်းထိုးကာ-

"ငါက ညည်းပင်ပန်းလို့ပြောရတာ။ ညည်းကျေနပ်လဲပြီးတာပဲ။ ဘာငါး ဘယ်လောက်ယူမလဲ ယူသွား။ ဒီနေ့ရောင်းရသမျှ အကုန်လာသွင်းနော်။ အရင်နေ့လိုအချိုး ထပ်ချိုးရင် ငါးထပ်ပြီး လာမယူနဲ့"

"ဟုတ်ကဲ့ မဘုတ်ဆုံ ကျေးဇူးပါ။ ဆက်ဆက်သွင်းမယ် စိတ်ချ"

ငါးစိမ်းသည်တွေ ပါးစပ်ဆိုးသည်တဲ့။ မကြာရိုးဆိုသည့် ကျွန်မ ပါးစပ်မဆိုးနိုင်ပါ။ ဈေးဝယ်ကိုလည်း မဝယ်မှာစိုး၍ မျက်နှာချိုသွေးရသလို ငါးသည်အချင်းချင်းလည်း အရင်းမရှိ၍ မျက်နှာချိုသွေးရသည်။ ငွေမရှိသည့်ဘဝ မျက်နှာက မွဲလွန်းလှသည်။

(၄)

"အမေရေ လုပ်ပါအုံး။ အဖေ အမောဖောက်နေလို့"

ငါးရောင်းနေသည့် မကြာရိုး ငါးဗန်းများကို ခုန်ကျော်ပြီး သမီးဖြစ်သူရှေ့ ရောက်သွားသည်။

"နင့်အဖေ ဘယ်သူနဲ့ထားခဲ့တုံးဟဲ့"

"ဘကြီးမြိုင်တို့၊ ကြီးလှတို့ကြည့်ပေးနေတယ်။ ဆေးရုံတင်ရမယ်တဲ့။ ဆေးမှူးကပြောတယ်"

သူတို့ဆင်းရဲသားရပ်ကွက်ကလူများကို ဆေးကုပေးနေသည့် ဆေးမှူးလေးက ပြောခြင်းဖြစ်သည်။ မကြာရိုး သူ့ဘေးနားကငါးသည်ကို-

"အစ်မကြည်ရေ ကျွန်မငါးတွေ ရောင်းထားပေးပါနော်။ ကျွန်မ ယောက်ျားအသည်းအသန်ဖြစ်လို့တဲ့"

"အေးအေး ကြာရိုးရေ။ စိတ်ဖြောင့်ဖြောင့်သွားဟေ့"

မကြာရိုး သမီးလက်ဆွဲကာ အိမ်ဆီသို့ သုတ်ခြေတင်လျက်။ အိမ်ရှေ့ သူရောက်တော့ ဘကြီးမြိုင်က-

"ကြာရိုး ရောက်ပြီလား။ ငါတို့ ကားသွားငှားထားတယ်။ လိုအပ်တာတွေ ထုပ်ပိုးထား။ နင့်ယောက်ျား ဆေးရုံတင်မှ ရမယ်"

"ဟုတ်ကဲ့ ဘကြီးမြိုင်"

ထိုစကားကိုဆိုရင်း သင်ဖြူးဖျာထက် ဖုတ်လိုက်ဖုတ်လိုက် အသက်ရှူနေရသည့် ယောက်ျားဖြစ်သူကိုကြည့်ကာ တစ်ချက်ရှိုက်မိသည်။ သမီးက အိမ်၏တစ်ခုတည်းသောဆွဲခြင်းအစုတ်ကလေးထဲ သူသိမှတ်သလောက် ကောက်ထည့်နေသည်။

ယောက်ျားဖြစ်သူ ခံစားနေရတာကြည့်ပြီး အစားခံပေးလို့ရက ခံပေးလိုက်ချင်သည်။

"အမယ်လေး ကိုရင်မောင်ရယ် တော်သေလို့ မဖြစ်ဘူးတော့်။ ဘယ်လိုအနေအထားဖြစ်ဖြစ် ကျုပ်တို့နားနေပေးစမ်းပါ။ အရင်က တော် ခံစားရတာမြင်ရင် တော့်ကိုသနားပြီး သေစေချင်ပေမဲ့ ကျုပ်တို့သားအမိအတွက် တော်မရှိလို့မဖြစ်ဘူးတော့်"

ပုဆိုးစုတ်ကိုဖြန့်ချပြီး ယူသွားရမည့် အဝတ်များထည့်ကာ စိတ်ထဲစကားများတတွတ်တွတ်ဆိုနေမိသည်။ ခဏကြာတော့ ကားဝင်လာသည်။ ရပ်ကွက်ထဲက လူငယ်များကောင်းမှုကြောင့် ကိုရင်မောင်ကို ကားပေါ် ချောချောမောမော တင်နိုင်ခဲ့သည်။ အဝတ်များထည့်ထားသည့်ပုဆိုးထုပ်နှင့် ဆွဲခြင်းအစုတ်ကလေးကိုင်ကာ သူတို့သားအမိနှစ်ယောက် လူနာဖြစ်သူ

စာမျက်နှာ ၂၅သို့ ➤

# သာပေါင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၄၇၉ ဧက စိုက်ပျိုးပြီးစီး



**ပုသိမ် မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၃၄၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၈၄၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဇန်နဝါရီလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၉၃၄၇၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးကို လျာထားချက်ထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီ စပါး ၉၁၈၄၈ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နွေစပါး ၉၃၄၇၉ ဧက စိုက်ပျိုးပြီးပါပြီ။ နွေစပါးတွေ လျာထားချက်ထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မြေပြင်ထိကွင်းဆင်းပြီး တောင်သူအသိပညာပေး လုပ်ငန်းတွေကို စပါးမစိုက်မီ အချိန်ကတည်းက ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် နွေစပါးများ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေး ကောင်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးထံမှ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄ မှအဆက်

ကိုရင်မောင်နှင့် ဆေးရုံပါလာခဲ့ သည်။ ဆေးရုံရောက်တော့ ဆရာဝန်၊ ဆရာမများ၏ အရေးပေါ်ကုသမှုနှင့် ကိုရင်မောင်၏အခြေအနေ ပြန်တည်ငြိမ်လာသည်။ အမောဖောက်ကာ သတိမေ့သွားတာမို့ ယခုထိ သတိမရသေး။ ဆေးရုံက အခမဲ့ဆိုသော်လည်း ဆေးများဝယ်ရသောကြောင့် ဆေးဖိုးငွေကမသက်သာလှ။ လူနာရှိလို့ဆိုပြီး ဈေးမထွက်လို့ကမရ။ သမီးကို သူ့အဖေနဲ့ထားပြီး မကြာရိုး ဈေးထွက်ရန် ပြင်ရပြန်သည်။

(၅)

"ကဏန်းတွေနော် ကဏန်းတွေ အမတွေချည်းပဲ။ ဥအပြည့်နဲ့နော်"

"ကဏန်းဘယ်ဈေးလဲ အစ်မ"

"၈၀၀ဈေး ညီမရေ။ ဥအပြည့်နဲ့ ဆူနေရော"

ဝယ်သူမိန်းကလေးက ကဏန်းကိုကြည့်ကာ-

"ဟယ် အရှင်ကြီးတွေ မယူတော့ဘူး။ လပြည့်နေ့ကြီး အကုသိုလ်ဖြစ်မယ်"

ထိုစကားပြောကာ လှည့်ထွက်သွားသည်။ မကြာရိုးရင်ထဲမောကျန်ခဲ့သည်။ ကဏန်းကို အရှင်မရောင်းဘဲ အသေဆိုလည်းပုပ်မြန်လို့ လူများ ကမကြိုက်ကြ။ သက်ပြင်းရှည်ကိုချပြီး ကဏန်းတောင်းထဲက ငြိမ်နေပြီဖြစ်တဲ့ ကဏန်းတချို့ကိုဖယ်ကာ ပုံထားလိုက်သည်။

"မေမေ ကဏန်းစားချင်တယ်။ ကဏန်းဝယ်ပေး"

ကောင်ကလေးတစ်ယောက် မကြာရိုး ပုံချထားသည့်ကဏန်းများကိုမြင်ပြီး အမေဖြစ်သူကိုပူဆာနေသည်။ မျှော်လင့်ချက်မျက်ဝန်းများနှင့်လှမ်းကြည့်မိသည်။နှုတ်ကလည်း-

"ကဏန်းကောင်းတယ်အစ်မရေ။ အမတွေ ဥအပြည့်နဲ့"

"လပြည့်နေ့ကြီး သူများအသက် မသတ်ချင်ပါဘူးဟဲ့။ ကောင်ကလေး ဂျီမကျနဲ့"

"အမ အသေတွေလဲရှိတယ် ယူမလား။ ဈေးလျှော့ပေးမယ်လေ"

"အမေ အသေရှိတယ်တဲ့ ဝယ်မယ်နော် အမေ"

"ဟဲ့ ကဏန်းက သေရင်ပုပ်ပြီး စားမကောင်းတော့ဘူး။ ရှည်ကိုရှည်တယ် ဒေါက်"

အမေလုပ်သူက ဒေါက်ခနဲခေါင်းခေါက်ကာ ဆွဲခေါ်သွားသည်။ ထိုကလေးခမျာ ခေါင်းလေးပွတ်ရင်း ငိုမဲ့ငိုမဲ့ဖြင့် မကြာရိုး၏ ကဏန်းပုံကို သံယောဇဉ်မပြတ်နိုင်စွာ လှမ်းကြည့်သွားသည်။

ဩော်. . . လူတွေလူတွေ ဝမ်းရေးရှိလို့ ရောင်းနေရသည့် ကိုယ်တွေမှာ ဘာစကားဆိုရမှန်းပင် မသိတော့ချေ။ အရှင်ကျတော့လည်း အကုသိုလ်ရ၊ ငရဲကြီးမှာ ကြောက်သတဲ့။ အသေကျတော့ ပုပ်နေပြီဆိုပဲ။ ဒီတော့ အသက်မရှိ တစ်ရှိလေး လုပ်ရောင်းရမည့်ပုံ။ မသေမရှင်ဆိုလည်း အသက်ရှိသေးသည်ဆိုကာ ဝယ်မည်မထင်။

သူတို့ပဲ ကြောက်တတ်လိုက်သည့် ငရဲ။ လပြည့်နေ့မို့ဆိုတာက ပါသေး။ ကိုယ်လိုငါးစိမ်းသည်လည်း ကုသိုလ်လိုချင်တာပေါ့။ သို့သော် တစ်နေ့ ဈေးမထွက်လျှင်ငတ်မည့်ဘဝဆိုတော့ မထွက်လို့မရ။ အခြားအလုပ်လည်း လုပ်မစားတတ်။ ကြောက်ရမည့်အကုသိုလ်ထက် လက်ရှိရင်ဆိုင်နေရသည့် စားဝတ်နေရေးကြောင့် ငရဲခံရမှခံရော။ လုပ်နေရတာပင်။

အချို့လူများ ရှိသေးသည်။ လတ်လတ်ဆတ်ဆတ်လေး လိုချင်တာနော်။ ကျွန်မ မကြည့်တော့ဘူး။ လုပ်ထားပေး၊ ဈေးပတ်ပြီး လာပြန်ယူမယ်။ အကောင်ကြီးကြီး ဖျပ်ဖျပ်လူးနေသည့် ငါးရံ့များကို ချိန်ခွင်ပေါ်တင် အလေးချိန်ကြည့်ပြီး ငွေရှင်းကာ ဈေးပတ်ကြသည်။

သူတို့ဈေးပတ်ဝယ်ချိန် ကိုယ်က ငါးခေါင်းကိုပိသာလေးနဲ့ထု၊ ဆူးတောင်ခုတ်၊ အကြေးခွံထိုးကာ တုံးတစ်ထားပေးရသည်။ ပြီးတော့ သူတို့ကလေးများကိုဆုံးမတာက ငါးစိမ်းသည်အလုပ်က အကုသိုလ်အလုပ်တဲ့။ ကဲ မခက်ဘူးလား။ ကြားရသမျှ မချိပြုံးနှင့် နားထောင်ရသည့် မကြာရိုး။

(၆)

"နင့်အဖေ ဘယ်လိုနေလဲ"

ဆေးရုံထဲ လှမ်းအဝင် သူ့ဆီအထုပ်လာကူဆွဲတဲ့ သမီးကိုလှမ်းမေးမိသည်။

"သတိရလာပြီအမေ မှိန်းနေတယ်"

"ဟူး. . . တော်သေးတာပေါ့။ ငါ့မှာ ဈေးသာရောင်းနေရတာ စိတ်က မဖြောင့်ဘူး"

"သူနာပြုဆရာမက ဆေးဝယ်ဖို့ လာပြောထားတယ်အမေ။ ဒီမှာ ဆေးစာရင်း"

ကိုရင်မောင့် ခုတင်နားရောက်တော့ သူ့ဘေးကခုံမှာ ထိုင်ချလိုက်ပြီး ကိုရင်မောင်ကို တစ်ချက်ကြည့်သည်။ ကိုရင်မောင် မှိန်းနေသည်လား။ အိပ်ပျော်နေသည်လားမသိချေ။ သမီးစကားကြောင့် ရင်ထဲမောကာ-

"လာပြန်ပြီလား ဆေးက ဝယ်ရအုံးမယ်ပေါ့။ အေးလေ ဝယ်ဆိုလဲဝယ်ပေါ့မဝယ်လို့မှ မရဘဲ"

"အမေ ဈေးရောင်းရတာ အဆင်ပြေရဲ့လား"

"မပြေပါဘူးသမီးရယ် လူတွေက အမေတို့လို ဇန်းနဲ့ရောင်းတဲ့ ငါးသည်တွေကိုဆို အရိုးများသလေး ချီးခါးသလေး သိပ်လုပ်တာ။ ဈေးကလဲ မတရားဆစ်ပေါ့။ မဘုတ်ဆုံတို့လို ဆိုင်ကြီးနဲ့ရောင်း အလေးစပါယ်ရှယ်ခုံးပြီး လက်ကောက်တံတောင်ဆစ်လောက်ဝတ်ထားတဲ့ ဆိုင်ကျရင် ဘယ်လောက်ဈေးဖြစ်ဖြစ်ဝယ်ကြတယ်။ မဆစ်ရဲကြပါဘူး။ ဈေးအရှင်းလေး ရှိချင်တယ်သမီးရယ်။ ငါးစိမ်းသည်ချင်းအတူတူ မဘုတ်ဆုံတို့ကျတော့ ငါးစိမ်းသည်မမြင်ကြဘူး။ ငါးဒိုင်ဆိုပဲ။ အမေတို့လိုကျတော့ အဆင့်မရှိတဲ့ငါးစိမ်းသည်တဲ့။ လူတွေ လူတွေ ဟင်း"

သက်ပြင်းရှည်ကိုချရင်း-

"ကဲ ပေးဆေးစာရင်း။ အမေ သွားဝယ်လိုက်မယ်"

မကြာရိုး သမီးဆီက ဆေးစာရင်းယူကာ ဆေးရုံအပြင်ဘက် ထွက်သွားသည်။ မကြာရိုး သမီးလေးသည် သူ့အမေပြောသွားသည့် ငါးစိမ်းသည်ဆိုသောစကားကို သူ့ရင်ထဲ ဘာသာပြန်နေမိလေတော့သည်။

## တောင်ယာတစ်ခွင် စက်သံလွင် အစဉ်အားထား ပြည့်စွမ်းအား

\- နေလုံးရယ်နီ
နွေပီပြင် သဏ္ဍာန်လုပ်၊
လင်းအရုဏ်နေ့အစမှာ
ပူလှအဟုတ်။

\- ကိုတောင်သူ ချွေးကိုသုတ်လို့
ဦးထုပ်နဲ့ယပ်ခတ်ကာ၊
နွားဖြူပြာ အနားပေးခိုက်
ဆေးလိပ်ရှိုက်ဖွာ၊
ယာထွန်ရေး ညက်ဖို့ရာ
မပျက်လိုပါ လှံ့လပွား၊
မချို့တဲ့ရှာ
တို့ရဲ့ရွာ ရပ်ဓလေ့ကို
မေ့နိုင်ရိုးလား။

\- ခုနေခါ တစ်မူခြားပေါ့
နွားအစား ထွန်စက်ဝင်၊
တောင်သူတွေ မပင်ပန်း
လုပ်ငန်းလည်းတွင်၊
အဖက်ဖက် စက်တပ်ဆင်
သွက်လက်အမြင် တင့်ပါဘိ၊
ခေတ်ညီစွာ
စနစ်တည်ကာ အသွင်ပြောင်းတယ်
ကောင်းခြင်းပီတိ။

\- နည်းပညာ ကောင်းဆိုးသိ
ကြောင်းကျိုးညှိ အားထုတ်စေ၊
ပြည့်ဘဏ္ဍာ တိုးတက်လမ်းကို
ကြိုးပမ်းရှာဖွေ၊
နိုင်ရာထမ်း လှမ်းနိုင်မလေ
ပန်းတိုင်မသွေ ရောက်ဖို့တွေး၊
တစ်ဦးတစ်ယောက်မကျန်
စူးဆောက်သဏ္ဍာန် ဉာဏ်လွှာသုံးလို့
ရှန်းကြစို့လေး။ ။

**စန်းထက်(ဖန်ခါးမြေ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တစ်ခါစစ်သား ထာဝရစစ်သား အရန်တပ်ဖွဲ့ပြည်သူ့တပ်မတော်သားကောင်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေအာဏာတည်ကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပြီးနောက် ဖေဖော်ဝါရီ ၁၃ ရက်တွင် အရန်တပ်ဖွဲ့ဥပဒေအာဏာတည်ကြောင်းကိုလည်း ထပ်မံထုတ်ပြန်ကြေညာခဲ့သည်ကိုတွေ့ရှိရသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အရန်တပ်ဖွဲ့ဥပဒေနှစ်ရပ် ပြဋ္ဌာန်းခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြည်ပနိုင်ငံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများနှင့်တွေ့ဆုံစဉ် **“နိုင်ငံသားတိုင်းတွင် နိုင်ငံတော်ကာကွယ်ရန်တာဝန်ရှိသည်ဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ယခင်ကတည်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက်ဖြစ်ပြီး ယင်းဥပဒေနှင့်ပတ်သက်၍ တွက်ချက်ချင့်ချိန် ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်အသက်အပိုင်းအခြားအတွင်းမှ သင့်တင့်လျောက်ပတ်သည့် အင်အားကိုသာ တာဝန်ထမ်းဆောင်ရန်ဖြစ်ကာ နိုင်ငံအတွက်လည်း ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရန်တပ်ဖွဲ့ဥပဒေနှင့်ပတ်သက်၍လည်း စစ်မှုထမ်းဟောင်းအားလုံးကို ပြန်လည်ခေါ်ယူမည်ဟု မဆိုလိုဘဲ ခေါ်သင့်ခေါ်ထိုက်သူများကိုသာ ပြန်လည်ခေါ်ယူတာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယင်းဥပဒေနှစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ရေးအင်အားကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း”** အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်ကို မှတ်သားမိခဲ့ပါသည်။ အရန်တပ်ဖွဲ့ဥပဒေပြဋ္ဌာန်းခြင်းနှင့် အကြီးအကဲ၏အမှာစကားတို့ကို မှတ်သားသိရှိရသည်နှင့်တစ်ပြိုင်နက် **“လိုအပ်ရင် တိုင်းပြည်အတွက် လက်ပစ်ဗုံးတော့ လက်ထဲဆုပ်နိုင်ပါသေးတယ်”** ဟူသည့် စကားလေးကို နားထဲပြန်ကြားယောင်ရင်း လွန်ခဲ့သည့် သုံးနှစ်ကျော်က ကျွန်တော်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များကို အမှတ်ရမိခဲ့ပါသည်။

၂၀၂၁ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆွမ်းအခက်အခဲဖြစ်နေကြသော ဘုန်းကြီးကျောင်းများသို့ ကျွန်တော်တို့တွေသွားရောက်လှူဒါန်းကြပါသည်။ ကျွန်တော်တို့တွေဟုဆိုရာတွင် ဒုတိယတပ်မှူး၊ တပ်ရေးဗိုလ်ကြီးနှင့် ကျွန်တော်အပါအဝင် စစ်သည် နှစ်ယောက်ဖြစ်၏။ တပ်မိသားစုများမှစုပေါင်းလှူဒါန်းကြသော ဆန်၊ ဆီ၊ သကြား၊ ပဲ၊ နို့ဆီ၊ ကြက်ဥတို့ကို စည်းရုံးရေးနယ်မြေအတွင်းရှိ သက်ဆိုင်ရာဘုန်းကြီးကျောင်းများတွင် အစဉ်လိုက်လှူဒါန်းကြပါသည်။ပထမဘုန်းကြီးကျောင်းနှင့်ဒုတိယဘုန်းကြီးကျောင်းတို့တွင် မိမိတို့လှူသည့် အလှူဒါနများအတွက် ဆရာတော်များက အမှာပေးဝေကြသည်။ ၁၅ မိနစ်၊ မိနစ် ၂၀ မျှနှင့် အလှူကိစ္စပြီးမြောက်ခဲ့သည်။ အလှူဆိုသော်လည်း ခေတ်ကာလအခြေအနေအရ အလိုက်သိစွာပဲ ဆရာတော်ကိုကန်တော့ပြီး ပြန်ထွက်ခဲ့ရခြင်းဖြစ်သည်။ သို့သော် နောက်ဆုံးတတိယကျောင်းသို့ရောက်သောအခါ ဆရာတော်၏ ဩဝါဒများကို တစ်နာရီမျှနာယူခဲ့ရပါသည်။ အချိန်အခက်အခဲကြောင့် တစ်နာရီမျှသာ နာယူခဲ့ရသော်လည်း ထိုဘုန်းဘုန်းထံသို့ နောက်တစ်ကြိမ်သွားရောက်ဖူးမြော်ပြီး ဩဝါဒများနာခံချင်စိတ် ကျွန်တော့်နှလုံးအိမ်တွင် ကိန်းအောင်းလာခဲ့ပါသည်။ ဘုန်းဘုန်းမိန့်၍သာ သက်တော် ၉၂ ရှိပြီဟုသိရသော်လည်း ကျွန်တော့်စိတ်ထဲမှာမူ သက်တော် ၆၀ နှင့် ၇၀ ကြားလောက်သာရှိသေးသည်ဟု မှတ်ထင်မိပါသည်။ ဘွဲ့အမည်ဦးစန္ဒိမာဟုတွင်သော ဆရာတော်သည် သက်တော် ၉၂ ရှိနေသည့်တိုင် ကျန်းကျန်းမာမာရှိနေဆဲ၊ မိန့်ကြားသည့်စကားများကလည်း အထစ်အငေါ့မရှိ ဖြောင့်တန်းနေဆဲဖြစ်ပါ၏။

“တပည့်တော်ဖခင်ကလဲ တပ်ကအငြိမ်းစားယူထားတဲ့သူပါဘုရား၊ ဘုန်းဘုန်းကလဲ တပ်ကထွက်တယ်လို့ သိရပါတယ်”ဟု စတင်နှုတ်ဆက်သော ဒုတိယတပ်ရင်းမှူး၏ မိတ်ဆက်သံအဆုံးမှာပဲ

“ အေးဒကာကြီးတို့ရဲ့၊ ဘုန်းဘုန်းကလဲ ဆက်သွယ်ရေးတပ်ကနေ ပင်စင်ယူတယ်”ဟူသော အစချီမှုနှင့်အတူ ဘီအိုင်အေခေတ်မှစ၍ နောက်ဆုံးပင်စင်ယူသည့်ကာလထိ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် တပ်မတော်သားဘဝဖြစ်စဉ်များကို စေ့စေ့ငုငု အားကောင်းမောင်းသန်ပြောကြားသွားသည်မှာ အကြောင်းအရာမထပ်ခဲ့ပါချေ။ ရဲဘော်သုံးကျိပ်ထဲမှ ဗိုလ်နာမည်တချို့ကို မှတ်ဉာဏ်ကောင်းကောင်းဖြင့်အလွတ်ရနေသလို ငယ်နာမည်များကိုပါ မှတ်မိနေသေးသည်မှာ အံ့ဩဖွယ်ကောင်းလှပါသည်။

❖ **“ကျွန်တော်တို့ စစ်သားအိုကြီးတွေကို ရခိုင်ဒေသမှာစခန်းလုံခြုံရေးတာဝန်ပဲဖြစ်ဖြစ်ပေးပါ။ ထမ်းဆောင်ချင်ပါတယ်”ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ စစ်သွေးစစ်မာန်အပြည့်နှင့်ဆန္ဒပြုသော စစ်သားဟောင်းကြီးကား စာရေးဆရာမောင်ဆွေသက် အမည်ခံ အငြိမ်းစားတပ်မတော်သားအရာရှိကြီးတစ်ဦးပင်ဖြစ်ပါသည်။ ထိုသဘောထားဆန္ဒကို ၂၀၁၉ ခုနှစ် မတ်လအတွင်း သူရဲကောင်းဗိမာန် (နေပြည်တော်) တွင်ပြုလုပ်သော အောင်ဆန်းသူရိယဘွဲ့ရရှိသူများ၏ ရုပ်တုဖွင့်ပွဲအခမ်းအနားတွင် တင်ပြခဲ့ခြင်းဖြစ်ပါ၏။** ❖

“တချို့အမတ်တွေက လေကြီးလေကျယ်လုပ်နေကြတာ။ သူတို့အရည်အချင်းလောက်တော့ တို့တပ်ထဲက ဒုတပ်ကြပ်၊ တပ်ကြပ်တွေမှာတောင်ရှိတယ်၊ ဘာမှဟုတ်တိပတ်တိ မသိမတတ်ဘဲနဲ့ အမတ်လုပ်နေကြတာ။ တို့စစ်သည်တွေထဲမှာ သူတို့ထက်သာတာတွေ တစ်ပုံကြီး”ဟူသောမိန့်ကြားချက်ဖြင့် ထိုစဉ်က အာဏာရပါတီမှ အမတ်တချို့အပေါ် အားမလိုအားမရ မိန့်ကြားသံသည် ကျွန်တော့်အတွေးများနှင့် တစ်ထပ်တည်း ထပ်တူကျခဲ့ပါသေးသည်။ ကျွန်တော်လည်း ထိုကဲ့သို့ကြိမ်ဖန်များစွာတွေးမိဖူး၏။ တပ်မတော်သားတွေဆိုတာ အတွေ့အကြုံများစွာရှိကြသည်။ ဆရာမျိုးစုံကသင်ပေးသောအတွေ့အကြုံများ၊သင်တန်းကျောင်းများမှရရှိသော အတွေ့အကြုံများ၊လက်တွေ့မြေပြင်မှ ဖော်ထုတ်ရရှိသော အတွေ့အကြုံများသည် ဝမ်းစာများပင်ဖြစ်ပါ၏။ အခြေအနေအချိန်အခါကို လိုက်ပြီး ပြောတတ် ဆိုတတ် ပေါင်းသင်းတတ်ကြသည်။ ဘာလုပ်လုပ်**“ရည် ကျုံး ဖော် နည်း ဓိ”**ကိုစဉ်းစားသလို စစ်အောင်ရသောအကြောင်းကြီးများကိုလည်း လက်တွေ့လိုက်နာကျင့်သုံးကြသည်။ ထိုပညာရပ်များသည်သုံးမကုန်သောပညာရပ်များဖြစ်၏။မည်သည့်နယ်ပယ်ရောက်ရောက် တပ်မတော်သားတို့သည် အခြေခံပိုင်နိုင်ကြသူများဖြစ်၏။ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (အငြိမ်းစား အရာရှိကြီး)များ၏ အချက်ကျကျတင်ပြချက် လျှောက်လဲချက်များသည် ကြောင်းကျိုးခိုင်လုံမှုရှိစွာ မှတ်သားဖွယ်ကောင်းလှပါ၏။ သို့သော် အချို့သူများကား အစွဲမကျွတ်သည့်စိတ်များတွင် ဗဟုသုတအားနည်းမှုများပါထပ်ပိုးထားသောကြောင့် အမတ်အရည်အချင်းနှင့်ပင် မကိုက်ညီပါလားဟု ကျွန်တော်တွေးမိဖူးပါသည်။ ထိုတွေးတောချက်ကိုဘုန်းဘုန်းကပါ အတည်ပြုပေးသောကြောင့် အားရကျေနပ်မိပါ၏။

“စစ်သားဆို ဘယ်သူပဲလာလာ ဘုန်းဘုန်းက ကြိုဆိုပြီးသားပဲ၊ ယူနီဖောင်းနဲ့ဆိုရင်တော့ ပိုသဘောကျတာပေါ့ကွာ” ဟု မိန့်သလို “လိုအပ်ရင်တိုင်းပြည်အတွက် လက်ပစ်ဗုံးတော့ လက်ထဲဆုပ်နိုင်ပါသေးတယ်”ဟူသော မိန့်ကြားချက်ကြောင့် ကျွန်တော့်မျက်လုံးများပင် ပြူးသွားမိပါသည်။ ဘုန်းဘုန်းကိုလည်း လေးလေးစားစားကြည့်မိသည်။ တကယ်ကိုအားမာန်အပြည့်နှင့် မိန့်နေခြင်းပင်ဖြစ်၏။ ဘယ်တုန်းကမှ မကြားခဲ့ဖူးသော စကားတစ်ခွန်းပင်ဖြစ်၏။

“ရုပ်နဲ့နာမ် နှစ်ခုမှာ စစ်သားစိတ်ကတော့ အငုံရှိနေသေးတယ်။ စစ်သားတွေမြင်ရင်ပိုဆိုးတာပေါ့ ”

ဘုန်းဘုန်း၏မိန့်ကြားချက်ကြောင့်“တစ်ခါစစ်သား ထာဝရ စစ်သား”ဟူသည့် စကားလေးကို ကျွန်တော်ပြန်လည် ကြားယောင်မိလိုက်သလိုပါပင်။ ဘုန်းဘုန်းက ကျောင်းတွင်အလှူလုပ်သည့် ကြာဆံကြော်များဖြင့် ကျွန်တော်တို့အဖွဲ့ကို ဧည့်ခံပါသည်။ အချိန်က ၁၁ နာရီဖြစ်၏။ ကြာဆံကြော်များ စားနေတုန်းမှာပဲ

“ ဒကာကြီးတို့ ထမင်းပါ ထပ်စားသွားကြပါလားကွယ့်”ဟု ဆိုသောကြောင့် ကျွန်တော်တို့အဖွဲ့တွေ မနည်းတောင်းပန်ခဲ့ရပါသည်။

ကိုယ့်ညီငယ် ရဲဘော်ရဲဘက်များအား စေတနာအရင်းခံကျွေးမွေးလိုသည့် မေတ္တာစိတ်များကို စစ်သားဟောင်းကြီးဘုန်းဘုန်းထံတွင်မြင်တွေ့ခဲ့ရပါသေးသည်။

“ဘုန်းဘုန်းကတော့ ညကင်းစောင့်ရင်း သောက်ရတဲ့ နိုက်တီးလေးနဲ့ ပဲဟင်းလေးတွေကိုတော့ လွမ်းမိသေးသားကွယ့်”

စားသောက်ပြီးနောက် ဘုန်းဘုန်းကိုကန်တော့ကာ ကျောင်းပေါ်မှပြန်ဆင်းလာစဉ် ကုသိုလ်ပြုသည့် အဒေါ်ကြီးတစ်ဦးက “ဆရာတော်က တစ်ညလုံးပြောဆိုလဲ ပြောနိုင်တယ်ဗိုလ်ကြီးတို့ရဲ့” ဟုဆို၏။

“ကျွန်တော်ကလဲ ပြန်လာနားထောင်ချင်သေးတာ အန်တီရေခုတော့အလုပ်လေးတွေရှိသေးလို့” တကယ့်ကို ကျွန်တော့်ရင်ထဲက ဆန္ဒမှန်ဖြစ်ပါသည်။

ဆရာတော်၏ အားမာန်ပါလှသောပုံရိပ်များနှင့် “လက်ပစ်ဗုံးတော့လက်ထဲဆုပ်နိုင်ပါသေးတယ်”ဟူသော စကားကို နှစ်ခြိုက်စွာ ခံစားရင်း ၇၅ နှစ်မြောက်စိန်ရတု တပ်မတော်နေ့အထိမ်းအမှတ်မဂ္ဂဇင်းမှ စာ-မူတစ်ခုကို မျက်လုံးထဲပြေးမြင်လာမိပါသည်။

“ကျွန်တော်တို့ စစ်သားအိုကြီးတွေကို ရခိုင်ဒေသမှာစခန်းလုံခြုံရေးတာဝန်ပဲဖြစ်ဖြစ်ပေးပါ။ ထမ်းဆောင်ချင်ပါတယ်”ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ စစ်သွေးစစ်မာန်အပြည့်နှင့်ဆန္ဒပြုသော စစ်သားဟောင်းကြီးကား စာရေးဆရာမောင်ဆွေသက်အမည်ခံ အငြိမ်းစားတပ်မတော်သားအရာရှိကြီး တစ်ဦးပင်ဖြစ်ပါသည်။ ထိုသဘောထားဆန္ဒကို ၂၀၁၉ ခုနှစ် မတ်လအတွင်း သူရဲကောင်းဗိမာန် (နေပြည်တော်)တွင်ပြုလုပ်သော အောင်ဆန်းသူရိယဘွဲ့ရရှိသူများ၏ ရုပ်တုဖွင့်ပွဲအခမ်းအနားတွင် တင်ပြခဲ့ခြင်းဖြစ်ပါ၏။ အသက်အားဖြင့် ၈၀ ကျော်သည့် တိုင် စစ်သားစိတ်မကုန်သေးသော၊ တိုင်းပြည်နှင့် တပ်မတော်အတွက် တာဝန်ကျေချင်သေးသော အံ့ဖွယ်စိတ်ဓာတ်များကိုကြားသိရသဖြင့် ထုတ်ဖော်မပြောနိုင်လောက်သောစကားလုံးများ ကျွန်တော့်ရင်ထဲမှာ ပြည့်နှက်နေခဲ့ပါသည်။

ဘုန်းဘုန်းဦးစန္ဒိမာနှင့် ဆရာကြီးမောင်ဆွေသက်တို့၏ စစ်သွေးစစ်မာန်များကိုမြင်တွေ့ကြားသိရသည့် အခိုက် ကျွန်တော့်ဦးနှောက်ထဲသို့ ကဗျာလေးတစ်ပိုဒ်ရောက်ရှိလာခဲ့ပြန်ပါသေးသည်။

“ ခရီးမတ်တတ်၊ လမ်းခုလတ်တွင်
ကိုယ်လွတ်ရှောင်ခွာ၊ ခွဲရပါ၍
အားနာခဲ့ကြောင်း ပြောပါလေ။”

ဟူသည့် ဆရာကြီးမင်းသုဝဏ်၏ သူ့မှာတမ်းကဗျာလေးမှ ပြောက်ကျားရဲဘော်လေး၏ တပ်မတော်နှင့်တိုင်းပြည်အပေါ်ထားရှိသည့် ခံယူချက်လေးပင်ဖြစ်ပါသည်။ တပ်မတော်သားမှန်သမျှ အငြိမ်းစားဘဝရောက်သွားကြသည့်တိုင် အပြောမဟုတ် အလုပ်သက်သေတို့ဖြင့် တပ်မတော်အပေါ်ချစ်ကြောင်း တိုင်းပြည်အပေါ်သစ္စာစောင့်သိကြောင်းကို ယခင်ကလည်းသိခဲ့သည်။ ယခုလည်းသိနေရဆဲ။ နောင်တွင်လည်း ကြားသိနေရဦးမည်သာဖြစ်ပါသည်။

မကြာခင်အချိန်အတွင်းမှာလည်း စစ်သားဟောင်းကြီးများသည် အသက်ဝင်လာခဲ့ပြီဖြစ်သည့် အရန်တပ်ဖွဲ့ဥပဒေကြောင့် ရွှေစားပိုက်ကာ ကျရာတာဝန်များကို ထမ်းဆောင်ကြပေတော့မည်။ ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်နိုင်အောင် ဆက်လက်ကြိုးစားကြပေဦးမည်။ လွန်ခဲ့သောသုံးနှစ်ကျော်က ကြုံတွေ့ခဲ့ရသည့် စစ်သားဟောင်းကြီးများဖြစ်ကြသော ဘုန်းဘုန်းဦးစန္ဒိမာနှင့် ဆရာကြီးမောင်ဆွေသက်တို့ကို ကြောင်းကျိုးတိုက်ဆိုင်စွာ သတိရမိသည်နှင့် တစ်ပြိုင်နက်သူတို့ကိုရော အရန်တပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ကြတော့မည့် စစ်သားဟောင်းကြီးများကိုပါ လက်တင်အလေးပြုလျက် ဂါရဝပြုလိုက်ရပါသည်။

**နွေကုံကော်(မြို့လှ)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ရေဘဝဲ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလတွင် ရေဘဝဲ ပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလက ရေဘဝဲ ပိဿာချိန် ၅၁၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၉ ရက်ထိ ရေဘဝဲပိဿာချိန် ၇၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဆင်ပြေပြေ တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်က ဖျာပုံမြို့နယ်ရဲ့ရေထွက်ကုန်တွေ အဓိကတင်ပို့တဲ့ဈေးကွက်ပါ။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလက ရေဘဝဲပိဿာချိန် ၇၀၀၀၀ ကျော် ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်အပေါ် မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိမတ်လထဲမှာလဲ ရေဘဝဲတွေအဝယ်လိုက်နေပါတယ်။ ဖျာပုံမြို့နယ်ကနေ တင်ပို့တဲ့ရေဘဝဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်" ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဦးက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေးလက်ရှည် တစ်ကီလိုလျှင် ငွေကျပ် ၂၀၅၀၀၊ ရေဘဝဲလက်တိုတစ်ကီလိုလျှင် ငွေကျပ် ၁၉၅၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ရေဘဝဲများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ယင်းမာပင်ခရိုင်တွင် ဆောင်းမြေပဲ ၂၃၀၃၉ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်

**ယင်းမာပင် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၃၀၃၉ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲနုတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၃၀၃၉ ဧက နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၆၃ ဒသမ ၈၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ မြေပဲ ၃၃၄၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလဲ မြေပဲ ၂၃၀၃၉ ဧက နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ မြေပဲဟာ ဆီထွက်သီးနှံထဲက သီးနှံတစ်မျိုးဖြစ်ပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် မြေပဲနုတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၀၂၁ ဧက၊ ကနီမြို့နယ်တွင် ဧက ၉၇၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၂၆၈ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၀၅၀ စုစုပေါင်း ၂၃၀၃၉ ဧက ဖြစ်ကြောင်း သိရသည်။



ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌မြေပဲ ၃၂၇၉၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ယင်းမာပင်မြို့နယ်တွင် ၃၃၅၁ ဧက၊ ကနီမြို့နယ်တွင် ၁၈၇၅၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၀၂၆၈ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၀၅၀ စုစုပေါင်း ၃၃၄၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းမြေပဲစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး စသည့်စိုက်ပျိုးရေးနည်းပညာများအသိပညာပေးလျက်ရှိကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ကြို့ပင်ကောက် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိ အခြေအနေများ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံစွာ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အရင်းအတိုးငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့နယ် ချောင်းနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၆၇ ဦးကို ငွေကျပ် ၃၄ ဒသမ ၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၉ ဦးကို ငွေကျပ် ၃၇ ဒသမ ၇၀ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ရှုံလေး**

# ညောင်ရွှေမြို့နယ် ကျွန်းကြီး(တောင်)ကျေးရွာတွင် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ မတ် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီး (တောင်) ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းကအဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) လုပ်ငန်းအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့ဝင်များကိုတွေ့ဆုံ၍ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့်တာဝန်ရှိသူများက ကျွန်းကြီး (တောင်) ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၈၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျွန်းကြီး(တောင်) ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက စက်ချုပ်လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ကို ရန်ပုံငွေကျပ် သိန်း ၈၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# တောင်တွင်းကြီးမြို့နယ် တိုက်ပွဲကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**တောင်တွင်းကြီး မတ် ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် တိုက်ပွဲကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ တိုက်ပွဲကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ အရည်အသွေးပြည့်မီရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

တိုက်ပွဲကျေးရွာ၌ လမ်းအရှည်ပေ ၂၁၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုများဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**



# သူယုတ်မာများ ပပျောက်ရေး

**မြင်းခြံကျော်အောင်**

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အင်္ဂုတ္တရ ပုဏ္ဏားကြီးကို သူယုတ်မာနှင့်သူယုတ်မာဖြစ်ကြောင်း တရားများ ဟောကြားတော်မူခဲ့သည်။ မြတ်ဗုဒ္ဓ၏ တရားတော်များကို စာရေးသူက အောက်ပါအတိုင်း သုံးပိုင်းခွဲခြား ဖော်ပြအပ်ပါသည်။

**လူသားများအတွက် အယုတ်မာဆုံးတရားများ**

၁။ အမျက်ဒေါသထွက်လေ့ရှိခြင်း။
၂။ ရန်ငြိုးဖွဲ့တတ်ခြင်း။
၃။ မကောင်းသောစိတ်ဖြင့် သူတစ်ပါး၏ဂုဏ်ကျေးဇူးကို ဖျက်ဆီးတတ်ခြင်း။
၄။ မိစ္ဆာဒိဋ္ဌိအယူဝါဒသို့ ကူးပြောင်းခြင်း။
၅။ မိမိ၌ထင်ရှားရှိသောအပြစ်တို့ကို ဖုံးလွှမ်းလှည့်ပတ်တတ်ခြင်း။
၆။ သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်ခြင်း။
၇။ သနားကြင်နာမှုမရှိခြင်း။
၈။ မြို့ရွာတို့ကို တိုက်ခိုက်ဖျက်ဆီးတတ်ခြင်း။
၉။ မြို့ရွာနိဂုံးတို့ကို ဖျက်ဆီးတတ်သူဟု ထင်ရှားကျော်စောခြင်း။
၁၀။ ပိုင်ရှင်မပေးသော သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူတတ်ခြင်း။
၁၁။ လမ်းခရီး၌သွားလာနေသူကို သတ်ဖြတ်၍ ပစ္စည်းဥစ္စာကို ယူဆောင်တတ်ခြင်း။
၁၂။ မိမိ၏မကောင်းမှုများကို ဖုံးလွှမ်းတတ်ခြင်း။
၁၃။ ကောက်ကျစ်စဉ်းလဲတတ်ခြင်း။
၁၄။ မကောင်းမှုပြုလုပ်ရန် ရှက်ခြင်းမရှိခြင်း။
၁၅။ မကောင်းမှုပြုလုပ်ရန် ကြောက်ခြင်းမရှိခြင်း။
၁၆။ လူကိုမဟုတ်မမှန်အပြစ်စကားဖြင့် စွပ်စွဲပြောဆိုခြင်း။

**လူရေးလူမှု၌ ယုတ်မာသော တရားများ**

၁။ သူတစ်ပါးပိုင်ပစ္စည်းကို ချေးငှားယူဆောင်ပြီး ပြန်လည်ပေးဆောင်ရန်ရှိသောအခါ "သင့်ကြွေး ငါ့၌မရှိ"ဟု ပြောဆိုထွက်ပြေးတတ်ခြင်း။
၂။ မိမိအသိဟူသော အကြောင်းကြောင့် မတရားသဖြင့် သက်သေထွက်ဆိုတတ်ခြင်း။
၃။ သူတစ်ပါးအတွက်လည်း မဟုတ်မမှန် သက်သေထွက်ဆိုတတ်ခြင်း။
၄။ မိမိသူတစ်ပါးနှစ်ဦးသားတို့၏ ဥစ္စာဟူသော အကြောင်းကြောင့်လည်း မဟုတ်မမှန် သက်သေထွက်ဆိုခြင်း။
၅။ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေတို့၏ဇနီးမယားတို့၌ နိုင်ထက်စီးနင်းသော်လည်းကောင်း၊ နှစ်ဦးသဘောတူသော်လည်းကောင်း လွန်ကျူးပြစ်မှားတတ်ခြင်း။
၆။ မိအိုဖအိုတို့ကို ကျွေးမွေးပြုစုနိုင်သော ပစ္စည်းဥစ္စာရှိသည်ဖြစ်ပါလျက် မကျွေးမွေး မပြုစုဘဲနေတတ်ခြင်း။
၇။ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ယောက္ခမတို့ကို ကိုယ်နှုတ်တို့ဖြင့် ညှဉ်းဆဲနှိပ်စက်တတ်ခြင်း။
၈။ သူတစ်ပါးက အကျိုးစီးပွားရှိရာရှိကြောင်း မေးသောအခါ အကျိုးစီးပွားမဲ့ကို ပြောဆိုတတ်ခြင်း။
၉။ အကျိုးစီးပွားရှိရာရှိကြောင်း နည်းလမ်းကောင်းကို မေးပါသော်လည်း မေးမြန်းသူ မသိနားမလည်အောင် ပြောဆိုတတ်ခြင်း။
၁၀။ မိမိပြုလုပ်သောကောင်းမှုများကို အခြေအနေမသိစေလိုသော ဆန္ဒရှိခြင်း။
၁၁။ သူတစ်ပါးအိမ်သို့သွားသောအခါ ဧည့်ဝတ်ကျေပွန်စွာပြုစုကျွေးမွေးသည်ကို စားသောက်ပြီး မိမိအိမ်သို့လာသည့်အခါ ပြန်လည်ဧည့်ဝတ်ကျေပွန်စွာ မပြုစုမလုပ်ကျွေးခြင်း။
၁၂။ ဖြားယောင်းသွေးဆောင်၍ သူတစ်ပါးပစ္စည်းဥစ္စာကို လိမ်လည်လှည့်ပတ်တတ်ခြင်း။
၁၃။ မိမိကိုယ်ကို ကြွားဝါ၍ ပြောဆိုတတ်ပြီး သူတစ်ပါးကို နှိမ့်ချပြောဆိုတတ်ခြင်း။
၁၄။ ကိုယ်နှုတ်တို့ဖြင့် သူတစ်ပါးကို ချုပ်ချယ်ရန်ရှာတတ်ခြင်း။
၁၅။ မိမိမှာထင်ရှားမရှိသော ဂုဏ်သိက္ခာဖြင့် ချီးမွမ်းပြောဆိုခြင်း။
၁၆။ နှမြောဝန်တိုတတ်ခြင်း။
၁၇။ သူတစ်ပါး ပေးကမ်းလှူဒါန်းသည်ကို ဝန်တိုတတ်ခြင်း။

❖ စိတ်သည် အလွန်ဆန်းကြယ်သည်။ ဖြစ်လိုရာဖြစ်နိုင်သည်။ ထို့ပြင် စိတ်သည် မကောင်းမှု၌ပိုမိုမွေ့လျော်သည်။ သူယုတ်မာများ၏ စိတ်သည် မကောင်းမှု၌မွေ့လျော်သည်။ သူယုတ်မာမဖြစ်စေရန် မြတ်ဘုရားဟောကြားထားသည့် သူယုတ်မာဖြစ်ကြောင်းတရားများကို ရှောင်ရှားကြရပါမည်။ တစ်ဦးချင်းရှောင်ကွင်းနိုင်ပါက သူယုတ်မာအဖြစ်မှလွတ်ကင်းပြီး သူတော်ကောင်းများဖြစ်လာပါမည်။ ဆောင်ရွက်ရန်သုံးချက်သာရှိပါသည်။ မကောင်းမှုကို လုံးဝရှောင်ရှားကြရပါမည်။ ကောင်းမှုကိုများစွာပြုရပါမည်။ စိတ်ကောင်းနှလုံးကောင်းထားကြရပါမည်။ အဓိကစိတ်မှာ မေတ္တာစိတ်ပင်ဖြစ်သည်။ မေတ္တာထားနိုင်လျှင် ကောင်းသည့်အမှုချည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ❖

**သာသနာ၌ ဆုတ်ယုတ်ကြောင်းတရားများ**

၁။ ဖိတ်ကြားလာသော အလှူခံပုဂ္ဂိုလ်များနှင့် ဖုန်းတောင်းယာစကာတို့ကို မလှူဒါန်း မပေးကမ်းဘဲ လိမ်ညာလှည့်ပတ်တတ်ခြင်း။
၂။ ဆွမ်းခံ ဆွမ်းစားချိန်ကြွရောက်လာသော ရဟန်းပုဏ္ဏားတို့ကို ဆွမ်းမလှူဘဲ ကြမ်းတမ်းစွာ ပြောဆိုဆဲရေးတတ်ခြင်း။
၃။ မြတ်စွာဘုရားရှင်ကို သဗ္ဗညုမဟုတ် စသည် စွပ်စွဲပြောဆိုခြင်း။
၄။ ဘုရားရှင်၏ တပည့်သားရဟန်းတို့ကို မကောင်းသဖြင့် ကျင့်သောသူဟု စွပ်စွဲပြောဆိုခြင်း။
၅။ သစ္စာပစ္စေကဗုဒ္ဓါလို မဟုတ်မမှန် အပြစ်စကားဖြင့် စွပ်စွဲပြောဆိုခြင်း။
၆။ ရဟန္တာမဟုတ်ဘဲလျက် ရဟန္တာဟုဝန်ခံခြင်း။

**သူယုတ်မာများကို အမြစ်ပြတ်ချေမှုန်းခြင်း**

ရှေးရောမခေတ် ဘုရင်များသည် သူယုတ်မာတို့ကို ကျား၊ ခြင်္သေ့တွင်းများသို့ထည့်ကာ ကျားစာ၊ ခြင်္သေ့စာ ကျွေးပစ်ကြသည်။ လက်ဝါးကပ်တိုင်တွင် ကြိုးချည်ပြီး မီးတိုက်ကြသည်။ အဆိပ်ရည်တိုက်ကာ သေစေသည်။

ဘုရားရှင်လက်ထက်တွင် အဇာတသတ်မင်းကြီးသည် ရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်ကြီးကို သတ်သူခိုးသားငါးရာအား မိမိကျင်းမိမိတူးစေပြီး ခေါင်းသာဖော်ထား မြေမြှုပ်ကာ သံထွန်ခြစ်များဖြင့် တိုက်ဆွဲပြီး ရက်ရက်စက်စက် သတ်ဖြတ်ပစ်သည်။

မြန်မာရာဇဝင်တွင်လည်း ပုဂံပြည်ရှင် အနော်ရထာမင်းစောသည် ယုတ်မာသောအရည်းကြီးတို့ကို ဖမ်းဆီးချုပ်နှောင်ပြီး လူဝတ်လဲစေကာ တပ်တွင် အဲမောင်းလုံ့ကိုင်နှင့် ဆင်ချေးကျုံးခိုင်းတော်မူသည်။ အရည်းကြီးအင်အားမှာ ဆရာသုံးကျိပ်နှင့် တပည့်ခြောက်ထောင်ဖြစ်သည်။ နှစ်ပေါင်းများစွာ ယုတ်မာလာသော အရည်းကြီးများ အနော်ရထာမင်းစောလက်ထက်တွင်မှ အမြစ်ပြတ်ခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီး လက်ထက်တွင်လည်း သူပုန်ထမှုဖြစ်ခဲ့သည်။ မင်းတရားကြီးက စစ်အင်အားသုံးကာ သူပုန်အားလုံးကို အရှင်ဖမ်းခဲ့သည်။ အားလုံးကို မီးလောင်တိုက်သွင်းရန် ကြံစည်ခဲ့သည်။ ဆရာတော်ကြီးများ၏ တရားပြမှုကြောင့် သူပုန်ခေါင်းဆောင် ခုနစ်ကျိပ်သာ သေဒဏ်ပေးခဲ့သည်။ နောက်လိုက်တစ်သောင်းကျော်ကို လွှတ်ပေးခဲ့သည်။ အရင်းအမြစ်ကို လှဲသည့်သဘော၊ နုတ်ပယ်သည့်သဘောဖြစ်သည်။

အင်းဝဘုရင် အနောက်ဘက်လွန်မင်းကလည်း နိုင်ငံခြားသား ဇဇင်ကာနှင့်ပူးပေါင်းပြီး ပုန်ကန်သော နတ်ရှင်နောင်ကို တံကျင်ထိုးကွပ်မျက်ခဲ့သည်။ မီးကြွင်းလည်းမထားနှင့်၊ ရန်ကြွင်းလည်းမထားနှင့်ဟု ရှေးပညာရှိများ ဆုံးမစကားနှင့်အညီ တိုင်းပြည်အုပ်ချုပ်သောမင်းများသည် အမြင့်ဆုံးယုတ်မာသူတို့ကို အရက်စက်ဆုံးနည်းဖြင့် အမြစ်ပြတ်ချေမှုန်းတော်မူခဲ့ကြသည်။

**မျက်မှောက်ခေတ် သူယုတ်မာချေမှုန်းနည်းများ**

ရှေးမြန်မာမင်းများလက်ထက်တွင် ကြိမ်ဒဏ်၊ နယ်နှင်ဒဏ်၊ သေဒဏ်တို့ကို ကျင့်သုံးစီရင်ကြသည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံကို အုပ်ချုပ်သောအခါ အကျဉ်းထောင်များရှိလာပြီး အနိမ့်ဆုံးထောင်ဒဏ် တစ်နှစ်မှ နှစ်ရှည် အနှစ် ၂၀ ထိချသည်။ အမြင့်ဆုံးပြစ်ဒဏ်မှာ တစ်သက်တစ်ကျွန်းဒဏ်နှင့် သေဒဏ်ဖြစ်သည်။ ဤသို့ပြစ်ဒဏ်များချမှတ်ကာ သူယုတ်မာများကို နှိမ်နင်းသည်။ အစစအရာရာ တိတိကျကျ ဆောင်ရွက်သည်။ ထို့ကြောင့် သူခိုးဓားပြ လျော့ပါးရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရစမှ ယခုအချိန်ထိ သူခိုး၊ ဓားပြနှင့် သူပုန်သူကန်တည်းဟူသော သူယုတ်မာတို့၏ရန်ကို ခံစားခဲ့ကြရသည်။ လွတ်လပ်စကာလတွင် အုပ်ချုပ်သူအပြောင်းအလဲကာလ၌ ဓားပြများ ပူခဲ့သည်။ ဆူခဲ့သည်။ ရွှေရည်စိမ် လွတ်လပ်ရေးဟု ကြွေးကြော်ပြီး ကွန်မြူနစ်များတောခိုကာ ပြည်တွင်းသောင်းကျန်းသူအဖွဲ့ စတင်ပေါ်ပေါက်ခဲ့သည်။ ထို့နောက် တိုင်းရင်းသားများကလည်း အကြောင်းအမျိုးမျိုးပြ သူပုန်ထကြရာ ယခုအချိန်ထိ မြန်မာနိုင်ငံနှင့်သူပုန်မှာ တွဲလျက်အမြဲရှိနေခဲ့သည်။ သူပုန်တို့၏ အဖျက်လုပ်ငန်းများကြောင့် ပြည်သူဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာရသည်မှာ ကိန်းဂဏန်းဖြင့်ပင် ပြောမရအောင် များပြားခဲ့သည်။ ဤသူယုတ်မာများကို နိုင်ငံတော်အစိုးရသည် နည်းမျိုးစုံသုံးပြီး အမြစ်ပြတ်တိုက်ခိုက်ချေမှုန်းခဲ့သည်။ စေ့စပ်ဆွေးနွေးပြီး အပြေရှာခဲ့သည်။ အောင်မြင်သင့်သလောက် အောင်မြင်သည်။ အမြစ်ပြတ်ချေမှုန်းခြင်း အောင်မြင်မှုများလည်း ရှိခဲ့သလို မအောင်မြင်မှုများလည်းရှိခဲ့သည်။ အချိန်ကာလတစ်ခုမျှယူရသည်။ မိမိဘက်က ပေးဆပ်ရသည်လည်း ရှိခဲ့သည်။ ဤဖြစ်စဉ်တို့ကား သခင်စိုး၏ အလံနီပါတီ၊ သခင်သန်းထွန်း၏ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗိုလ်သက်ထွန်း၏ ကွန်မြူနစ်ပါတီနှင့် ရောဝတီတိုင်းမှ ကေအင်ဒီအိုများ အမြစ်ပြတ်ခဲ့သည်။

ယခုထပ်မံ၍ပေါ်ပေါက်နေသော လက်နက်ကိုင်သူပုန်များနှင့် ယခင်လက်ကျန် လက်နက်ကိုင်သူပုန်များကို တစ်နေ့တွင် အမြစ်ပြတ်ချေမှုန်းနိုင်ရမည်။ မြန်မာပြည်သူများ နှစ်ရှည်လများ သူပုန်တို့၏ဒဏ်ကို ခံစားမနေရစေချင်သည်မှာ ကျွန်တော်အပါအဝင် နိုင်ငံတော်တာဝန်ရှိသူ အစိုးရမင်းများနှင့် ပြည်သူများ၏ အရင်းခံဆန္ဒဖြစ်သည်။ သို့သော် ရှုရှားစကားပုံတစ်ခုက "ဆုတောင်းပါ။ ကမ်းစပ်ရောက်အောင်လည်း လှော်ခတ်ပါ"ဟုဖြစ်ရာ ဆုတောင်းနေရုံဖြင့် ဆန္ဒမပြည့်ဝပါ။ အောင်မြင်မှုကမ်းစပ်သို့ အားကြိုးမာန်တက်လှော်ခတ်ရပါမည်။ တစ်ဦးတစ်ယောက်၏ အရေးမဟုတ်ပါ။ တစ်နိုင်ငံလုံးရှိ လူတိုင်း၏ အရေးဖြစ်ပါသည်။

**သူယုတ်မာ မဖြစ်ကြစေရေး**

စိတ်သည် အလွန်ဆန်းကြယ်သည်။ ဖြစ်လိုရာဖြစ်နိုင်သည်။ ထို့ပြင် စိတ်သည် မကောင်းမှု၌ပိုမိုမွေ့လျော်သည်။ သူယုတ်မာများ၏စိတ်သည် မကောင်းမှု၌မွေ့လျော်သည်။ သူယုတ်မာမဖြစ်စေရန် မြတ်ဘုရားဟောကြားထားသည့် သူယုတ်မာဖြစ်ကြောင်း တရားများကို ရှောင်ရှားကြရပါမည်။ တစ်ဦးချင်း ရှောင်ကွင်းနိုင်ပါက သူယုတ်မာအဖြစ်မှ လွတ်ကင်းပြီး သူတော်ကောင်းများဖြစ်လာပါမည်။ ဆောင်ရွက်ရန် သုံးချက်သာရှိပါသည်။ **မကောင်းမှုကို လုံးဝရှောင်ရှားကြရပါမည်။ ကောင်းမှုကို များစွာပြုရပါမည်။ စိတ်ကောင်းနှလုံးကောင်းထားကြရပါမည်။** အဓိကစိတ်မှာ မေတ္တာစိတ်ပင်ဖြစ်သည်။ မေတ္တာထားနိုင်လျှင် ကောင်းသည့်အမှုချည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မိမိစိတ်တွင် ပညာပြည့်ဝနေပါက အမှား၊ အမှန်ဝေခွဲနိုင်ကာ ကောင်းမှုများပြုကြပါမည်။ မကောင်းမှုများ ရှောင်ကြပါမည်။ သို့ဖြင့် မကောင်းမှုများကို ရှောင်ရှားနိုင်သူများသည် သူယုတ်မာများဖြစ်ခြင်းမှ ကင်းဝေးမည်။ လူငယ်တို့ကို မိဘအုပ်ထိန်းသူ၊ ပညာသင်ကြားပေးသည့်ဆရာများနှင့် ဘာသာရေးမှ ပုဂ္ဂိုလ်များက ပြုပြင်သွန်သင်ပြီး သူယုတ်မာမဖြစ်ရေးလမ်းလိုက်ရန် ထိန်းကျောင်းကြရပါမည်။ သို့မှ လူကောင်းလူတော်များ ပေါ်ထွန်းလာပါမည်။

ကမ္ဘာပေါ်တွင် သူယုတ်မာများ အထူးနည်းသောနိုင်ငံတို့ကို အလွန်နေချင်စဖွယ်နိုင်ငံများဟု သတ်မှတ်ကြသည်။ ကျွန်တော်တို့နိုင်ငံကိုလည်း အလွန်ပျော်စရာနိုင်ငံအဖြစ် တည်ဆောက်ရမည်ဖြစ်သည်။ တစ်ဦးချင်းမှ တစ်နိုင်ငံလုံးရှိလူများ တက်ညီလက်ညီပါဝင် တည်ဆောက်ကြရပါမည်။ သို့မှသာ သာယာငြိမ်းချမ်းသော ပျော်စရာနိုင်ငံကြီးဖြစ်လာမည်ဖြစ်ပေသည်။

**ကိုးကား**

- **ပိဋကတ်တော်လာ ကြီးပွားရေးလမ်းညွှန်ချက်များ၊ မဟာဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်ကဝိဓ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန**

# သာယာမှုစုံစွာ တပေါင်းလအခါ

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

**❖ သဲပုံစေတီတည်ထားပုံနှင့် ပွဲသဘင်ကျင်းပပုံမှာ ပထမဦးစွာ မြစ်၊ ချောင်းကမ်းနံဘေးတွင် မျက်နှာပြင်ညီညာသည့် သဲသောင်ပြင်တစ်နေရာကို ရှာဖွေကြသည်။ သန့်ရှင်းပြီးငွေရောင်ကဲ့သို့ ဖြူဖွေးသောသဲများကို ထိုသောင်ပြင်ပေါ်တွင်စုပုံထားပြီး သဲများအလုံအလောက်ရရှိသောအခါ ညီညာစွာခွေထားသည့်အခွေငါးခုကို တစ်ဆင့်ပြီးတစ်ဆင့်တင်ကာ သဲများကိုလောင်းထည့်ရသည်။ အခွေငါးဆင့်သည် မြင်းမိုရ်တောင်၏ဘုံအဆင့်များကို ရည်ညွှန်းသည်။ ခွေရာတွင် ဝါး၊ ကြိမ်၊ ထန်းရွက် စသည်ဖြင့် ဒေသအလိုက် အသုံးပြုကြသည်။ ❖**

တပေါင်းလသည် မြန်မာဆယ့်နှစ်လအနက် နောက်ဆုံးလဖြစ်ပြီး ရက်ပေါင်း ၃၀ ရှိသည်။ ပထမလဝက်သည် ဆောင်းရာသီကာလဖြစ်ပြီး ဒုတိယလဝက်သည် နွေရာသီသို့ ချင်းနင်းဝင်ရောက်၏။ တပေါင်းလကို "နေ့ပူလို့ညချမ်း၊ တပေါင်းလလသာရမ်း " ဟု ဆိုစမှတ်ပြုကြသည်။ တပေါင်းလသည် အသာယာဆုံးလဖြစ်သောကြောင့် "တပေါင်းသာခေါင်၊ လများနောင်"ဟုလည်း ခေါ်ဆိုကြသည်။ တပေါင်းလသည် ထန်းလုပ်ငန်းကိုအကြောင်းပြု၍ "ထန်းပေါင်းလ" မှ "တပေါင်းလ"သို့ ပြောင်းလဲလာခြင်းဖြစ်ရာ ရာသီအားဖြင့် မိန်ရာသီဖြစ်သည်။ ရာသီရုပ်မှာ ငါးကြင်းပွတ်ဖြစ်ပြီး အထိမ်းအမှတ်ပန်းမှာ သရဖီပန်းဖြစ်သည်။ "ပေါင်း၊ ဉူး၊ ဆုန်၊ နောက်" ဆိုသောစကားအရ တပေါင်းလတွင် နဂါး၏ဦးခေါင်းသည် အနောက်အရပ်သို့လှည့်ကြောင်း လောကီသိပ္ပံညွှန့်ပေါင်းချုပ်ကျမ်းတွင် ပြဆိုထားသည်။ ရက်ရာဇာများမှာ တနင်္ဂနွေနှင့် ဗုဒ္ဓဟူးတို့ဖြစ်ကြပြီး ပြဿဒါးရက်တို့မှာ အင်္ဂါနှင့် ရာဟုတို့ဖြစ်ကြသည်။

"ဖလဂုနီမှာ၊ တူအညီသော်တာပြည့်ပါလို့၊ မျှော်ကြည့်သူကြည်ကြည်သာ၍၊ သည်အခါငွေတောင်ဦးမှာလ၊ သဲစေတီသဘင်ထူးကို၊ မြူးလို့ပျော်ခန်း" ဟူ၍ ဖိုးသူတော်ဦးမင်းက တပေါင်းလဘွဲ့သဖြန်တွင် ရေးစပ်သီကုံးခဲ့သည်။ တပေါင်းလ၏စန်းယှဉ်နက္ခတ်ဖြစ်သော ဖလဂုနီနက္ခတ်သည် လမင်းကြီးနှင့်အတူ ထွန်းလင်းနေသည်မှာ မြင်ရသူအပေါင်း၏စိတ်နှလုံးကို ကြည်သာစေ၏။ ထိုကာလတွင် သဲပုံစေတီပွဲကိုဆင်နွှဲကြသည်မှာ ပျော်ရွှင်ဖွယ်ရာကောင်းလှသည်။ သဲပုံစေတီပွဲမှာ ဗုဒ္ဓဝင်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ဂေါတမဘုရားရှင်လက်ထက်က "အရှင်ပုလိနထူပိယ" ဆိုသော အသက် ၇ နှစ်အရွယ်ရဟန္တာတစ်ပါးရှိခဲ့သည်။ ထိုရဟန္တာသည် ဘုရားမပွင့်မီဘဝတွင် နာရဒရသေ့အမည်ဖြင့် ဟိမဝန္တာတောတွင်သီတင်းသုံးလျက်ရှိသည်။ တစ်နေ့တွင် သဲသောင်ပြင်၌ သန့်စင်သောသဲများဖြင့် စေတီပြုလုပ်ပြီး ဘုရားရှင်တို့ကိုရည်မှန်းကာ လှူဒါန်းခဲ့၏။ ထို့ပြင် သူ၏တန်ခိုးဖြင့် ရွှေပန်းခိုင်များဖန်ဆင်းကာ နံနက်တစ်ထောင်၊ နေ့လယ်တစ်ထောင်၊ ညတစ်ထောင် တစ်နေ့လျှင်သုံးထောင်နှုန်းဖြင့် ပူဇော်ခဲ့သည်။ ထိုကောင်းမှုများကြောင့် ဗုဒ္ဓဂေါတမဘုရားရှင်ပွင့်တော်မူသောအခါ ရဟန္တာဖြစ်လာခဲ့သည်။ "ပုလိန" ဆိုသည်မှာ သဲကိုခေါ်ဆိုခြင်းဖြစ်ပြီး "ထူပိယ" ဆိုသည်မှာ မို့မောက်အောင်ဖန်တီးခြင်းကိုခေါ်ဆိုသည်။ ထို့ကြောင့် "ပုလိနထူပိယ" ဆိုသည်မှာ သဲပုံစေတီကိုဖန်တီးသူဟုအဓိပ္ပာယ်ရရှိသည်။

သဲပုံစေတီတည်ထားပုံနှင့် ပွဲသဘင်ကျင်းပပုံမှာ ပထမဦးစွာ မြစ်၊ ချောင်းကမ်းနံဘေးတွင် မျက်နှာပြင်ညီညာသည့် သဲသောင်ပြင်တစ်နေရာကို ရှာဖွေကြသည်။ သန့်ရှင်းပြီးငွေရောင်ကဲ့သို့ ဖြူဖွေးသောသဲများကို ထိုသောင်ပြင်ပေါ်တွင်စုပုံထားပြီး သဲများအလုံအလောက်ရရှိသောအခါ ညီညာစွာခွေထားသည့် အခွေငါးခုကို တစ်ဆင့်ပြီးတစ်ဆင့်တင်ကာ သဲများကိုလောင်းထည့်ရသည်။ အခွေငါးဆင့်သည် မြင်းမိုရ်တောင်၏ဘုံအဆင့်များကို ရည်ညွှန်းသည်။ ခွေရာတွင် ဝါး၊ ကြိမ်၊ ထန်းရွက် စသည်ဖြင့် ဒေသအလိုက် အသုံးပြုကြသည်။ စေတီတော်ပုံစံအတိုင်း ဖောင်းရစ်များဖြင့် အထက်ငှက်ပျောဖူးတိုင်အောင်ပြုလုပ်ရ၏။ စေတီတော်ပုံသဏ္ဌာန်ပေါ်ပေါက်လာသောအခါ စက္ကူဖြူဖြင့်ထီးတော်ပြုလုပ်၍ ထိပ်တွင်ပန်းတိုင်ထိုးကာ တင်လှူကြပြီး ဉာဏ်တော်အမြင့်ကို သုံးပေမှ ကိုးပေထိ ပြုလုပ်တတ်ကြသည်။ ထိုအခမ်းအနားတွင် အိုးစည်ဗုံးပတ်ဝိုင်းတို့ဖြင့် တီးမှုတ်ကခုန်ကြသည်။ ထမင်း၊ မုန့်၊ ထန်းရည်အချိုများဖြင့် ညှော်ခံကျွေးမွေးကြ၏။ သဲပုံစေတီကို နေ့ချင်းပြီးတည်ထားကြသည်။ အများအားဖြင့် တပေါင်းလပြည့်နေ့ သို့မဟုတ် တပေါင်းလဆန်း ၁၄ ရက်နေ့တွင် ကျင်းပလေ့ရှိကြရာ အသင့်လျော်ဆုံးနေ့မှာ အဖိတ်နေ့ဖြစ်သည်။ ထိုနေ့တွင် အပြီးသတ်တည်ထားသောသဲပုံစေတီကို နောက်တစ်နေ့ တပေါင်းလပြည့်နေ့တွင် အနေကဇာတင်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးကပ်လှူခြင်းတို့ကို ပြုလုပ်နိုင်သည်။ အချို့ဒေသများတွင် ရဟန်းများကိုပင့်ဖိတ်၍ တရားနာယူလေ့ရှိကြသည်။ သဲပုံစေတီသည် မြတ်စွာဘုရားရှင်ကို ရည်မှန်းတည်ထားသည့် ဥဒ္ဒိဿစေတီအမျိုးအစားဖြစ်သည်။ သဲပုံစေတီတည်ထားပူဇော်ရခြင်းကြောင့် ခန္ဓာကိုယ်တွင် ကြေးညော်တို့ ကပ်ငြိမှုမရှိခြင်း၊ နံသောချွေးတို့မထွက်ခြင်းစသော အကျိုးများကိုရရှိခံစားနိုင်ပေသည်။

မြတ်ဗုဒ္ဓသည် မွေးရပ်မြေ ကပိလဝတ်ပြည်သို့ နောက်ပါသံဃာအပါး ၅၀၀ နှင့်အတူ ကြွတော်မူသည်မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့ဖြစ်သည်။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် ပြာသိုလ၌ ဝေနေယျသတ္တဝါတို့ကို တရားရေအေးတိုက်ကျွေးလျက်ရှိသည်။ ထိုသတင်းကို ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကြားသိသောအခါ သားတော်ကိုဖူးတွေ့လို၏။ ဘုရားရှင်သည် မွေးဖွားကြီးပြင်းခဲ့ရာ ကပိလဝတ်ပြည်မှ ထွက်ခွာလာခဲ့သည်မှာ ခုနစ်နှစ်ခန့်ကြာမြင့်ခဲ့ရာ သားတော်ကိုလွမ်းလှပေမည်။ ထို့ကြောင့် အမတ်တစ်ဦးလျှင် အခြွေအရံတစ်ထောင်စီဖြင့် ကိုးကြိမ်တိုင်အောင်စေလွှတ်ခဲ့ရာ အားလုံးသည် ရဟန်းပြုကြကုန်၏။ ဆယ်ကြိမ်မြောက်တွင်မူ ဗုဒ္ဓဘုရားရှင်နှင့် ဖွားဖက်တော်ဖြစ်သော ကာဠုဒါယီအမတ်ကြီးကို စေလွှတ်လိုက်သည်။ အမတ်ကြီးသည်လည်း ယခင်က စေလွှတ်သည့်အခြွေအရံများနည်းတူပင် နောက်ပါများနှင့်တကွ ရဟန်းပြုကြပြန်ရာ ရဟန္တာဖြစ်ကြကုန်သည်။ ကာဠုဒါယီမထေရ်က ဘုရားရှင်ကို "ကပိလဝတ်ပြည်သို့ ကြွရောက်ပါရန်" ဂါထာပေါင်း ၆၄ ပုဒ်ဖြင့် တပေါင်းလပြည့်နေ့တွင် လျှောက်ထားတောင်းပန်၏။ ထိုအကြောင်းအရာများပါဝင်သော ဂါထာ ၆၀ ပျို့တွင် စာဆိုရှင်အုန်းညို၏ "မြော်ဆုမြော်ဆု၊ တောင့်တပြုလျက်၊ မျှော်ရှုမပြတ်၊ သုံးလူ့ထွတ်ကို၊ ရှိညွှတ်ဖြင်းစွာ၊ ချစ်သဒ္ဓါ၍၊ တကာတော်ရင်း၊ မွေးဘမင်းကား၊ ကြောင်းခြင်းပြန်ခေါက်၊ ဆယ်ထောင်မြောက်လျှင်၊ ဆယ်ခေါက်မင်းစေ၊ ပင့်ရထွေကို၊ ပရမေထိပ်မိုး၊ ထွတ်ခေါင်စိုးသည်" စသည်ဖြင့်ရေးစပ်သီကုံးခဲ့သည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဆက်ကပ်ချီးမြှင့်ပွဲကို တပေါင်းလတွင် ကျင်းပသည်။ ခေတ်အဆက်ဆက်မှ ယနေ့တိုင်အောင် ကျင်းပလျက်ရှိရာ သာသနာ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ကြသည့် ပြည်တွင်းပြည်ပဆရာတော်ကြီးများ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို ဆက်ကပ်ပေးအပ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များဆက်ကပ်ပူဇော်ပွဲကို ကျင်းပခဲ့သည်။ ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော် ၄၀၃ ပါး၊ သီလရှင် ဆရာကြီး ၃၈ ပါးနှင့် လူပုဂ္ဂိုလ် ၄၂ ဦးတို့ကို အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့နှင့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ စသည်ဖြင့် ဆက်ကပ်ခဲ့သည်။ ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ်အတွက် ဗုဒ္ဓသာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်ချီးမြှင့်ပွဲကျင်းပနိုင်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ဆောင်းကုန်နွေရောက်သောအခါ မြန်မာနိုင်ငံအနှံ့အပြားတွင် တပေါင်းပွဲကိုစည်ကားသိုက်မြိုက်စွာ ဆင်နွှဲကြသည်။ မင်းဘူးရွှေစက်တော်နှင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားပွဲသည် တပေါင်းလတွင် ကျင်းပသော အထင်ကရပွဲတော်ဖြစ်သည်။ ယခင်က ရွှေတိဂုံ တပေါင်းပွဲတော်ကျင်းပပုံမှာ ကုန်းတော်ပတ်လည်တွင် ဇာတ်ပွဲများကပြကြသည်။ အောက်ပြည်အောက်ရွာမှ သမ္ဗန်များဖြင့် လာရောက်ကြသည်။ ဈေးတန်းများဖြင့် စည်ကားလျက်ရှိပြီး ဒေသထွက်ပစ္စည်းမျိုးစုံကို ရောင်းချကြသည်။ နံနက်အရုဏ်တက်ချိန်တွင် ဆွမ်းတော်ကြီးကပ်လှူကြသည်။ ယခုအခါတွင် ဗုဒ္ဓပူဇနီယပွဲတော်အဖြစ် ၁၀ ရက်တိုင်ကျင်းပကာ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မှုကိုဆောင်ရွက်ကြသည်။ ညနေချိန်တွင် ရင်ပြင်တော်တစ်ပတ် ဆွမ်းဆန်တော်လောင်းလှူခြင်းအခမ်းအနားကိုပြုလုပ်ကြသည်။ မန်းရွှေစက်တော်ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်းတစ်ရက်နေ့ထိ ကျင်းပလျက်ရှိရာ တစ်နိုင်ငံလုံး၏ပွဲတော်များအနက် ကာလအရှည်ဆုံးပွဲတော်တစ်ခုဖြစ်သည်။ ဒေသခံကျေးရွာများက နွားလှည်းများဖြင့် ယနေ့ကာလတိုင်အောင် အစဉ်အလာမပျက်လာရောက်ကြသည်မှာ ထိုပွဲတော်၏သမိုင်းဝင်အစဉ်အလာတစ်ခုဖြစ်ပေသည်။

တပေါင်းလတွင် တောင်သူဦးကြီးတို့က ပုန်းမကြည်နတ်ကို တင်မြှောက်ပသသောအစဉ်အလာတစ်ရပ်ရှိသည်။ တင်မြှောက်ပုံမှာ ကောက်လှိုင်းစည်းကို ပုန်းမကြည်နတ်ရုပ်သဏ္ဌာန်ပြုလုပ်၍ ပန်းပန်ကာ အဝတ်အစားဝတ်ဆင်ပေး၏။ ကောက်ညှင်းပေါင်း၊ လက်ဖက်၊ အုန်းငှက်ပျောပွဲ၊ မုန့်ဖြူ၊ မုန့်နီ၊ ကျောက်ပျဉ်၊ သနပ်ခါးနှင့် မှန်တို့ကို လှည်းဦးပေါ်သို့တင်ပြီး ပုန်းမကြည်ရှင်မကို ပူဇော်ကြသည်။ တင်မြှောက်ပုံနောက်တစ်နည်းမှာ လယ်သမားများက နွားရုပ်ပုံ၊ ထွန်တုံးပုံ၊ ထန်းတက်သမားများက ရင်းထောင်ရင်းဆွဲ၊ ထန်းပင်ပုံ၊ ဈေးသည်များက ဗျပ်၊ ချိန်ခွင်၊ အလေးပုံတို့ကို ကောက်ညှင်းဆန်မှုန့်ဖြင့်ပြုလုပ်ကာ မြေအိုးသစ်ထဲသို့ထည့်ပြီး မိမိတို့အိမ်ရှေ့ရှိတိုင်ထိပ်တွင်ဆွဲထားကြ၏။ "လာမည့်နှစ်တွင် ယခုနှစ်ထက် ဆတက်ထမ်းပိုးတိုး၍ စပါးဆန်ရေရပါစေသား" ဟု ဆုတောင်းကြလေသည်။ ထိုအခါစပါးမှာပိုမိုထွက်ရှိသည်ဟု ဆိုစမှတ်ရှိကြသည်။

တပေါင်းလတွင် ထူးခြားလေးနက်မှုရှိသောနေ့ထူး၊ နေ့မြတ်တစ်ရက်လည်းရှိသေးသည်။ ထိုနေ့သည်ကား နှစ်စဉ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော တပ်မတော်နေ့ပင်ဖြစ်သည်။

တပေါင်းလ၏အကြောင်းအရာကို စာဆိုတော် ဦးကြင်ဥက "ရှစ်ခွင်တိုင်း၊ မှုန်မှိုင်းတဲ့ပတ်လည်၊ သဇင်ကြွင်းငယ်နှင့်၊ အင်ကြင်းသန္တာညွှန့်ငယ်တို့၊ ဖူးကွန့်ကိုက်စည်၊ ဘမရာရွှေပိတုန်းငယ်တို့၊ ခြွေသုံးကြဝတ်ရည်၊ ဆွတ်ကြည်ဘွဲ့ဖော်ကွဲ၊ ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင်ဈာန်ယိုင်လျှောရတယ်၊ ရာသီတွင်ခါညီပြောပေပ၊ ကြော၍သာမြ"ဟူ၍ ကဗျာတစ်ပုဒ်ကိုရေးသားခဲ့သည်။ အရပ်ရှစ်မျက်နှာပတ်လည်တွင် မြူများမှိုင်းနေသည်။ ဆောင်းဥတုတွင် ပွင့်ခဲ့သောသဇင်ပန်းတို့မှာ အကြွင်းအကျန်အဖြစ်သာရှိနေကြသည်။ အင်ကြင်းပန်းတို့သည်ဝေစည်ဖူးပွင့်နေရာ အဖော်ကွဲနေသည့်ပိတုန်းငယ်လေးက ဝတ်ရည်ကိုသောက်သုံးနေသည့်မြင်ကွင်းမှာ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလှသည်။ ရသေ့သူတော်စင်ပင်လျှင် ထိုအခြင်းအရာကိုမြင့်တွေ့လိုက်ရပါက ဈာန်ယိုင်၊ ဈာန်လျှောသွားနိုင်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် ဗုဒ္ဓဘာသာတွင် တပေါင်းလပြည့်နေ့သည် ဂါထာပေါင်း ၆၄ ဂါထာပေါ်ထွန်းခဲ့သောနေ့တစ်နေ့ဖြစ်သည်။ မြတ်စွာဘုရားရှင်သည် တပေါင်းလပြည့်ကျော်တစ်ရက်နေ့တွင် ဇာတိမြေကပိလဝတ်သို့ကြွလှမ်းခဲ့ရာ ဘာသာရေးမှတ်တိုင်စိုက်ထူခဲ့သောလတစ်လဖြစ်သည်။ မြန်မာ့ထုံးတမ်းစဉ်လာတစ်ခုဖြစ်သည့် သဲပုံစေတီပွဲကိုကျင်းပကြပြီး သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များ ဆက်ကပ်ချီးမြှင့်မှုကိုလည်းပြုလုပ်ကြသည်။ ထို့ပြင် တပေါင်းပွဲတော်ဆင်နွှဲခြင်း၊ မိရိုးဖလာယုံကြည်မှုဖြစ်သော ပုန်းမကြည်နတ်တင်မြှောက်ခြင်း၊ ပြည်သူနှင့်တပ်မတော်လက်တွဲကာ နယ်ချဲ့ဖက်ဆစ်တို့ကိုတွန်းလှန်ခဲ့သော တပ်မတော်နေ့အခါသမယကိုကျရောက်ခြင်းနှင့် သစ်ပင်တောတောင်ရေမြေတို့မှာ သာယာလှပခြင်းများကြောင့် "သာယာမှုစုံစွာ တပေါင်းလအခါ" ဟူ၍ ရေးသားလိုက်ရပါသည်။

**ကိုးကား–**

**– နိုင်ငံတော်ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် တတိယတွဲနှင့် စတုတ္ထတွဲ**
**(တိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးစီးရေးသားသည်။)**

# ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ပေးဆပ်ဝံ့သည် ဘာမထီ** — ပထမဆု
တပ်ကြပ်လှိုင်ဝင်းထွန်း

၂။ **နှလုံးလှစစ်သည်များ** — ဒုတိယဆု
မြင့်မိုရ်ဦး

၃။ **တပ်မတော်ဂုဏ်ရည်သမိုင်းတည်** — တတိယဆု
မျိုးဝင်း(MWD)

၄။ **ပြည်သူ့တပ်မတော်ဇာနည်မော်** — စတုတ္ထဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၅။ **မြန်မာပြည်ထောင်စုရဲ့တပ်မတော်** — ပဉ္စမဆု
တပ်ကြပ်ကြီးဇော်မျိုးထွန်း

**စစ်သည်တေးသီချင်း**

၁။ **ရပ် ရပ် စစ်ဆိုသည်ကား** — ပထမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၂။ **ရွှေရောင်အနာဂတ်ဆီသို့** — ဒုတိယဆု
ဇာမဏီ

၃။ **ရွှေသို့ချီမည် ပန်းတိုင်ဆီ** — တတိယဆု
မျိုးမြင့်ရန်နောင်

၄။ **ငြိမ်းချမ်းပါစေ တောင်းဆုဝေ** — စတုတ္ထဆု
ကျော်ကျော်သိန်း(KKT)

၅။ **သမိုင်းအဆက်ဆက် နွံနစ်မခံ** — ပဉ္စမဆု
တပ်ကြပ်ဇော်ဝင်းထွန်း

**ကဗျာ(ဝါသနာရှင်)**

၁။ **ပြည်ချစ်မြတ်မော် အောင်တပ်မတော်** — ပထမဆု
တာရာ

၂။ **အစဉ်အလာ ၁၂ ပါး စောင့်ထိန်းထားသည့် ပြည်သူ့သားကောင်း တပ်မတော်** — ဒုတိယဆု
မျိုးချစ်မောင်သောင်း

၃။ **နိုင်ငံတော်သစ် တိုးတက်ဖြစ်တည် ရွှေသို့ချီဖို့** — တတိယဆု
ညိမ်းညို

၄။ **တပ်မတော်ဂုဏ်ရောင်ဖော်ညွှန်း ရင်တွင်းဖြစ်ကမ္ဗည်းမော်ကွန်း** — စတုတ္ထဆု
အောင်နိုင်သူ(ဓွဲကပင်)

၅။ **အောင်ကြောင်းဖြာစေ မြန်မာပြေ(ပြည်) မြန်မာ့တပ်မတော် ကြည်း ရေ လေ** — ပဉ္စမဆု
ဇီးကုန်းအေးမော်

၆။ **ညအမှောင်ခွင်း လမင်းသာပါစေ နေ့အရုဏ်ကျင်း နေမင်းဖြစ်ပါစေ** — အထူးဆု(၁)
ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)

၇။ **ပြည်ချစ်တပ်မတော် ပွဲတိုင်းကျော်** — အထူးဆု(၂)
ညွှန့်ဝင်း(နတ်တလင်း)

၈။ **မိုးထက်ဝယ်ထွန်း ဖြိုးလက်ကြယ်နန်း** — အထူးဆု(၃)
ဟန်ညွှန့်(ယဉ်ကျေးမှု)

**ကဗျာ(အလွတ်တန်း)**

၁။ **အလေးပြုပါသည်** — ပထမဆု
စန္ဒကူးသစ္စာ

၂။ **ကန္တာရဝတီ သိပါသည်** — ဒုတိယဆု
ကိုကို(ရေနံ့သာ)

၃။ **နိုင်ငံ့ဂုဏ်ဆောင် အောင်တပ်မတော်** — တတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၄။ **ညီညာစည်သာ ပြည်မြန်မာနှင့် စဉ်လာဂုဏ်ဖြိုးမြင့်မြတ်ထင်ပေါ်တပ်မတော်** — စတုတ္ထဆု
မနော်ဖြူ

၅။ **အလံစောင့်၏သစ္စာ** — ပဉ္စမဆု
မြခြူးအိမ်

၆။ **တို့တိုင်းဌာနီ မြန်မာပြည်** — အထူးဆု(၁)
မြတ်ထွဏ်းနောင်

၇။ **သွေးသစ္စာ ရင်မှာနှင်းကာဖြင့်** — အထူးဆု(၂)
ယိမ်းနွဲ့

၈။ **ရဲဝံ့စွာချီပါလေ** — အထူးဆု(၃)
မျိုးစစ်သည်

**ဝတ္ထုတို**

၁။ **ညာခြေတစ်ဖက် ပေးဆက်ခဲ့ရသည့်တိုင်** — ပထမဆု
ရဲမင်းစိုး

၂။ **နှလုံးသားတိုက်ပွဲ** — ဒုတိယဆု
ပင်မြင့်စံ(ရွှေဘို)

၃။ **အရိုင်းပန်းတွေ မွှေးပြီလေ** — တတိယဆု
မောင်စူးရှ(အနောက်ရိုးမ)

၄။ **နှောင်းနောင်တတို့ ရောင်နီသစ်ချိန်** — စတုတ္ထဆု
ချစ်ခြင်းဖြူ

၅။ **ရိုးတန်မဲ့သစ္စာပန်းတို့၏အဓိဋ္ဌာန်** — ပဉ္စမဆု
ထက်ပိုင်ဦး(သစ္စာမြေ)

၆။ **မြင်ထောင့်မတူသည့် ရဲဘော်စိတ်** — အထူးဆု(၁)
မျိုးမြင့်ရန်နောင်

၇။ **သွေးအသက်တို့ ပေးဆက်ကာသာ** — အထူးဆု(၂)
အမောင်

၈။ **ကြွေသော်လည်းဝေ** — အထူးဆု(၃)
ချမ်းမြအောင်

**ဝတ္ထုရှည်**

၁။ **တိမ်ယံထက်ကကြယ်** — ပထမဆု
ခန့်ပိုင်

၂။ **မန္တမ်းသောပန်း မခန်းသောရေ** — ဒုတိယဆု
ညိမ်းညို

၃။ **အမိရောဝတီ စီးဆင်းတည်ရှိနေသမျှ** — တတိယဆု
တက္ကသိုလ်မြမဥ္ဇူ

၄။ **ကြယ်တစ်ပွင့်ရဲ့မပြယ်လွင့်တဲ့သစ္စာ** — စတုတ္ထဆု
မနော်ဖြူ

၅။ **ကြယ်တစ်စင်း၏စွန့်လွှတ်ခြင်းအသချေ** — ပဉ္စမဆု
အမေ့သား(နတ်မောက်)

၆။ **ခိုင်ကြည်သောသစ္စာဖြင့်** — အထူးဆု(၁)
မုန်းမောင်မောင်

၇။ **သွေးနှစ်စက်၏ဆုံမှတ်** — အထူးဆု(၂)
ကျော်တေဇ(ဥက္ကလာ)

၈။ **လွမ်းစိမ့်စိမ့် စီစီရီ** — အထူးဆု(၃)
သန်းဝင်းထွန်း(ဆွာ)

### ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာ ၉၀၀ တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေး ငွေကျပ် ၂၀ ဘီလီယံ အကုန်အကျခံဆောင်ရွက်မည်

**နေပြည်တော် မတ် ၁၃**

မြန်မာနိုင်ငံတစ်ဝန်းကျေးရွာ ၉၀၀ တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး ငွေကျပ် ၂၀ ဘီလီယံ အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းထံမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ကာ မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက်ကွာဝေးပြီး လျှပ်စစ်ဓာတ်အားမရရှိသေးသည့်ကျေးရွာများတွင် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး စီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အဆိုပါ စီမံကိန်းတွင် အကျုံးဝင်သည့် ကျေးရွာ ၉၀၀ ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေးအတွက် ငွေကျပ် ၂၀ ဘီလီယံ အကုန်အကျခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ လက်ရှိမှာ မဟာဓာတ်အားလိုင်းနဲ့ ၁၀ မိုင်အထက် ကွာဝေးတဲ့ ကျေးရွာတွေ၊ နောင် ၁၅ နှစ်လောက်မှ လျှပ်စစ်ဓာတ်အားရရှိနိုင်မဲ့ ကျေးရွာတွေမှာ ဆိုလာစနစ်နဲ့ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး စီမံကိန်းချမှတ်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စီမံကိန်းကုန်ကျစရိတ်ကို သတ်မှတ်ရာခိုင်နှုန်းထည့်ဝင်နိုင်တဲ့ကျေးရွာတွေကို ဦးစားပေးပြီးတော့ လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး အကောင်အထည်ဖော်နေပါတယ်။ လက်ရှိမှာတော့ စီမံကိန်းစတင်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကနေ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ထိ ကမ္ဘာ့ဘဏ်ရဲ့အစီအစဉ်နဲ့ ကျေးရွာ ၁၀၀၀၀ ကျော်၊ အိမ်ခြေ ၅၀၀၀၀၀ ထိ လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ လာမဲ့၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်မှာတော့ ကျေးရွာ ၉၀၀ မှာ ဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်းက ပြောပြသည်။



မြန်မာနိုင်ငံအတွင်း မဟာဓာတ်အား လိုင်းပြင်ပ လျှပ်စစ်ဓာတ်အားမရရှိသေးသည့်ကျေးရွာ ၂၀၀၀၀ ကျော်ရှိနေပြီး လက်ရှိတွင် ကျေးရွာ ၁၀၀၀၀ ကျော်ကို ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ASH

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ် မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ညီနောင်အသင်းအဖွဲ့များနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း တောင်ငူ-သောင်းတိုင်ကုန်းဘူတာအကြား တံတားအမှတ် ၂၆၃ (ခပေါင်းတံတား)ကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဖောက်ခွဲဖျက်ဆီး




**နေပြည်တော် မတ် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း မတ် ၁၂ ရက် ည ၈ နာရီ ၃၇ မိနစ်ခန့်တွင် တောင်ငူ-သောင်းတိုင်ကုန်းဘူတာအကြား မိုင်၁၆၄/၁၂-၁၃ ကြား တံတားအမှတ် ၂၆၃၊ အရှည်ပေ ၆၈၀ သံပေါင်တံတား (ခပေါင်းတံတား) ပေါ်တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ နယ်မြေခံလုံခြုံရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တံတား၏ လူသွားလမ်းအတက်အုတ်ခုံ ပျက်စီးခဲ့ကြောင်းတွေ့ရှိရပြီး တောင်ငူ-သောင်းတိုင်ကုန်း ရထားလမ်းပိုင်းကို ယနေ့နံနက် ၆ နာရီတွင် ခေတ္တပိတ်ခဲ့ရသည်။

**အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲဖျက်ဆီးခံရသည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တောင်ငူ-သောင်းတိုင်ကုန်းဘူတာအကြား တံတားအမှတ် ၂၆၃ (ခပေါင်းတံတား)ကို တွေ့ရစဉ်။**

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများက တံတားကြံ့ခိုင်မှုနှင့်ရထားလမ်းပိုင်းကို စစ်ဆေးဆောင်ရွက်ခဲ့ကာ

**စာမျက်နှာ ၂၁ ကော်လံ ၁☆**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

